www.burmeseclassic.com

# မယ်မင်းဘုံ

တစ်ဆိတ်လောက်ခင်ဗျာ...

ချစ်သူကိုရင်ခွင်၌ နေထိုင်ခွင့်ပြုပါ...




Lလင်း

www.burmeseclassic.com

www.burmeseclassic.com

# ဖယ်ဖင်းဘို

## တဆိတ်လောက်ခင်ဗျာ ...
## ချစ်သူကို ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ



စီစဉ်သူ


မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ၁

မယ်မအတွက် ဒီနေ့ဟာ ဘဝမှာ အပျော်ဆုံးအချိန်နှင့် အကြေကွဲဆုံးအချိန် တစ်ပြိုင်တည်းကျရောက်တဲ့ နေ့ထူးနေ့မြတ်ပဲဖြစ်သည်။ အပျော်ဆုံးကတော့ ဒီနေ့ ဆယ်တန်းအောင်စာရင်းထွက်လို့ မယ်မက သုံးဘာသာဂုဏ်ထူးဖြင့် ထူးထူးချွန်ချွန်အောင်ခဲ့တာမို့ အလွန်ပျော်ပြီး အပျော်လွန်နေတာဖြစ်သည်။ ကြေကွဲရတာ ဘာကြောင့်လဲဆိုတော့ မယ်မရဲ့ အချစ်ဦးလေး သောင်းခက ဖြတ်ဖို့အတွက် လမ်းခွဲစကား လာဆိုတာကြောင့်ဖြစ်သည်။

"ငါ့မှာ ဘာများအပြစ်ရှိလို့လဲ၊ နင်က ဘာကြောင့် လမ်းခွဲချင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ မယ်မ ... ဘာကြောင့်ဆိုတဲ့ Question မထုတ်နဲ့တော့၊ နင့်ဘက်က ငါ့ကို မုန်းလိုက်တော့လို့ပဲ တောင်းဆိုချင်တယ်၊ နင့်ကိုဖြတ်တာ အကြောင်းပြချက်မရှိဘူး"

မယ်မကို အရမ်းချစ်တဲ့ သောင်းခက တစ်သက်လုံးအတွက်လို့ သတ်မှတ်ခဲ့တာမို့ သူ့ရဲ့ရက်စက်တဲ့ စကားအတွက် အရမ်းပဲ ခံစားရပါသည်။ ဘာ့လို့များ သူ အဲဒီလို ပြောင်းလဲသွားရတာလဲ ဆိုတာ မယ်မ လုံးဝ စဉ်းစားလို့မရပါချေ။ ဆယ်ကျော်သက်အချစ်က နွေရူးလေလိုပဲ ဆိုပေမဲ့ မယ်မတို့ကတော့ အတည်ကြီး ချစ်ခဲ့တာပဲဖြစ်သည်။ အောင်စာရင်းထွက်မှ အချိုးတွေပြောင်းသွားတယ်လို့ ပြောရအောင်လည်း မယ်မက ဂုဏ်ထူးသုံးခု သူက ရိုးရိုးပဲ အောင်တာမို့ မနာလိုလို့ ဖြတ်တယ်ဆိုရင်တော့ သူဟာ အင်မတန် သေးသိမ်ညံ့ဖျင်းတဲ့ စိတ်ဓာတ်ကို ပိုင်ဆိုင်ထားတာပဲ ဖြစ်သည်။

"ငါ့ဘက်က ဘာဖောင်းလ်မှ မရှိဘဲနဲ့ နင်က အသားလွတ်ဖြတ်တာ အရမ်းခံပြင်းတယ်၊ ဒီမယ် ... သောင်းခ ... နင်





ငါ့ကို ဖြေရှင်းချက်တော့ ပေးပါ၊ ဒါမှပဲ ပြတ်ဖို့ ငါလက်ခံနိုင်မယ်"

"ကောင်းပြီ၊ ငါကတော့ နင့်ကို အားနာလို့မပြောတော့ဘူး လုပ်ထားတာ၊ အခု နင်က ပြောပါဆိုတော့လည်း အားမနာနိုင်တော့ဘူး၊ Ok ... မယ်မ ... ငါ့ဘက်က နင့်ကို စိတ်ကုန်သွားတာ၊ ငါ့ရင်ထဲမှာ နင်နဲ့ပတ်သက်ပြီး လုံးဝ Romance မဖြစ်တော့ဘူး၊ အလိုလို နေရင်းကနေ ချစ်တဲ့စိတ်တွေ ပျောက်ကုန်တာ၊ ငါ နင့်ကို မချစ်တော့တာ၊ အဲဒါ လမ်းခွဲဖို့အတွက် အဓိကအကြောင်းရင်းပဲ"

ဟား ... မြတ်စွာဘုရား။ သေဖို့ပဲကောင်းတော့တယ် ကွယ်။ ယောကျ်ားတစ်ယောက်က ကိုယ့်ကို မချစ်တော့ပါဘူးကို နှုတ်က တရားဝင်ဖွင့်ပြောတာတောင် မယ်မက အရှက်မရှိတွယ်ကပ်နေရင် မယ်မ သိက္ခာတွေ တစ်စစီဖြစ်တော့မည်။ အချစ်ရေးမှာ ဒီလောက်တောင် ကံဆိုးရတယ်လား။ မယ်မဟာ သူ မချစ်ချင်စရာကောင်းလောက်သော ရုပ်ရည်မျိုးတော့မဟုတ်ပါ။ Queen မဟုတ်ပေမယ့် သာမန်ထက်တော့ နည်းနည်းလင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်လေးဖြစ်ပါသည်။ အဲဒါတောင် သင်းက မချစ်တော့ပါဘူးလို့ အငြင်းခံရတာဟာ နာကျင်ကြေကွဲစရာပဲဖြစ်၏။

“ကောင်းပြီ ... သောင်းခ၊ နင်နဲ့ ငါနဲ့ ဇာတ်လမ်းပြတ်ပြီ၊ နင့်ကို ... နင့်ကို ငါ အသေမုန်းတယ်”

ငိုသံစွက်နေတာမို့ မယ်မသည် အမြန်ပြောပြီးတာနှင့် သူ့ကို ကျောခိုင်းထွက်လာခဲ့တော့သည်။ သူ့ကို ကျောခိုင်းလိုက်တာနှင့် မယ်မ ကောင်းကင်က မိုးတွေဟာ သဲသဲမဲမဲကို ရွာချတော့တာပဲဖြစ်သည်။

ရက်စက်လိုက်တာ။ မယ်မ သူ့ကို သိပ်ချစ်တာသိလို့ တမင်ချိုးတာ။

မယ်မက ဘာလို့ ဒီလောက်ကံဆိုးနေရတာလဲ။ အသည်းကွဲရတဲ့ တနင့်တပိုး ခံစားချက်ကြီးက ရင်မှာပိုက်ထား ရတာမို့ ဆယ်တန်းအောင်လို့ ပျော်တဲ့အပျော်က ဘယ်ချောင်ကပ် သွားမှန်းကိုမသိပါ။ လူက အူလည်ချာလည်လိုက်နေပြီး ခြေဦး တည့်ရာ လျှောက်နေမိသည်။

“အား ... သေပါပြီ”





ကြားရတဲ့အသံကြောင့် မယ်မသည် ဘာရယ်မဟုတ် ကြည့်လိုက်လျှင် အဒေါ်ကြီးတစ်ယောက် ခြေထောက်ခေါက်လဲတာကို တွေ့လိုက်ရသည်။ ကူညီဖို့ဆို လက်မနှေးတဲ့ မယ်မဟာ အဒေါ်ကြီးဆီကို အသည်းအသန်ပြေးသွားကာ ထူမပေး၍ မျက်နှာကို သေချာကြည့်လိုက်တော့မှ အန်တီအရွယ်မဟုတ်ဘဲ အဘွား အရွယ်ဆိုတာ သိတော့သည်။ ဟား ... အလန်းစားအဘွားပဲ။ ထရက်ဆုတ်စ်ဘောင်းဘီနဲ့ စပို့ရှပ်အဖြူဝတ်ဆင်ကာ ဆံထုံးနှင့်မို့ အဝေးကြည့် အဒေါ်ကြီးထင်ရပေမယ့် အနီးရောက်မှ ခြောက်ဆယ် ကျော် ခုနစ်ဆယ်နားကပ်နေသည့် အရွယ်မှန်း သိရတော့သည်။

“အဘွား ... ဘာဖြစ်သွားသေးလဲဟင်”

“အေးကွယ် ... ဒီမှာ Jogging လုပ်ရင်း (ခပ်ရွရွပြေးခြင်း) ခြေထောက်က ခွေခနဲဖြစ်ပြီး လဲသွားတော့ ခြေထောက်တော့ နည်းနည်းနာသွားတယ်”

“အဲဒါဆို သမီး အဘွားကို ဆေးခန်းလိုက်ပို့ပေးမယ်”

“ရပါတယ်၊ ဘွား အိမ်ကို လာကြိုခိုင်းလိုက်ပါ့မယ်၊ ခြေ ထောက်က အရမ်းကြီးတော့မနာပါဘူး၊ ရတယ် ... မြေး၊



www.burmeseclassic.com

www.burmeseclassic.com



အဘွား အိမ်ကို ဖုန်းဆက်ခေါ်လိုက်မယ်၊ ဘွား အိမ်က ဒီနားတင်ကွယ့်"

အဘွားက သူ့ဟန်းဖုန်းထုတ်ကာ သူ့အိမ်ကို လှမ်းဖုန်းဆက် အကြောင်းကြားပြီးသောအခါ အဘွားကို မယ်မက အသာတွဲ၍ ဘေးကခုံတန်းမှာ ထိုင်စေ၏။

"ဟို ... အဘွားအိမ်ကလာကြိုမှပဲ သမီး ပြန်ပါ့မယ် ဘွား၊ ဘွားကို စောင့်ပေးပါ့မယ်ရှင်"

"အေးကွယ် ... မြေးမလေးကို ကျေးဇူးတင်ပါတယ်၊ မြေးမလေး အခုလို ကူညီတတ်တဲ့စိတ်ကလေးကြောင့် အမြဲတမ်း ကံကောင်းမှာပါကွယ်"

မယ်မသည် အဲဒီစကားကြောင့် အတွေးတစ်ခုရသွားမိသည်။ ကူညီတတ်တဲ့စိတ်ကြောင့် ကံကောင်းမယ်တဲ့။ အဲဒါဆိုရင် ...။ မယ်မသည် အခုမှတွေ့ဖူးတဲ့ အဘွားကို သက်ကြီးစကားသက်ငယ်ကြားရအောင် မေးကြည့်မိသွားသည်။

"ဒါဆို အချစ်ရေးကံကောင်းအောင် အချစ်ကို ကူညီရမှာပေါ့နော်၊ ဟုတ်လား အဘွား"





"ဒါပေါ့ ... မြေးမလေးရဲ့၊ မြေးမလေးမှာ အချစ်ရေး အခက်အခဲဖြစ်နေလို့လား"

မယ်မက ခေါင်းအသာညိတ်ပြလိုက်ရင်တော့ အဘွားက နားလည်သဘောပေါက်စွာဖြင့် ...

"အေးလေ ... ဒီလိုအရွယ်မှာ ဒါမျိုးကိစ္စလေးတွေ ရှိတတ်တာပဲ၊ မြေးမလေး ပြောသလိုပဲပေါ့၊ အချစ်ရေးကံကောင်းအောင် အချစ်ကို ကူညီသင့်တာပေါ့"

အဘွားက လုံးဝကို ခေတ်မီတယ်ဆိုတာ မယ်မက သဘောပေါက်လိုက်ပြီဖြစ်သည်။ ထို့အတူ အဘွားရဲ့ဆုံးမမှုလေးတွေက နားဝင်လွယ်ကာ သဘောပေါက်တာမို့ လုံးဝကို လေးစားမိသွားတာဖြစ်သည်။ အဲဒီကစလို့ အဘွားနဲ့ ခင်မင်ရင်းနှီးသွားကာ အချစ်ရေးကိစ္စ ကံကောင်းလို့ အချစ်ကိုကူညီရမယ့်နည်းလမ်းတွေကို အဘွားနဲ့ တိုင်ပင်ဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com








# ၂၀၁၁-ခုနှစ်

# ဆယ့်ရှစ်နှစ်အရွယ်

www.burmeseclassic.com

www.burmeseclassic.com







## ၂

အချစ်စစ်မစစ် ဆန်းစစ်ပြီးသည့်နောက်
အချစ်စစ်ရင် မေတ္တာဖြင့် ကူညီပေးသည်။
တကယ်သာ ချစ်ရိုးမှန်ရင်
လေ့ထုထဲမှာ ကြွေလုလဲပါသွားတဲ့
စွယ်တော်ရွက်လေးများလို
အမေဆူလည်း သေအတူမခွဲဘဲ
ချစ်မြဲချစ်ဆဲ ဖြစ်စေဖို့ တာဝန်ယူပါသည်။

ပုံ

**မြားနတ်မယ် မယ်မညို**



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကျောင်းတော်ကြီးအတွင်းမှာ မယ်မညို သည် အောင်သွယ်တော် ဖူးစာရေးမြားနတ်မယ်အဖြစ် ထင်ရှား ကျော်ကြားသူဖြစ်သည်။ မယ်မညိုရဲ့ ဇ, ဘယ်လောက်ရှိတယ်ဆိုတာ သိကြတာကြောင့် ကျောင်းမှာတော့ မယ်မညိုဟာ Super Star ပဲဖြစ်သည်။ မယ်မညို အောင်သွယ်ပေးလိုက်တဲ့ စုံတွဲတိုင်းဟာ အဆင်တပြေပြေဖြင့် လက်တွဲဖြစ်ကြတာချည်းပဲဖြစ်သည်။

အစကတော့ မယ်မသည် အချစ်အတွက် ကံမ ကောင်းခဲ့သည့်သူအဖြစ် လောကကြီးမှာ အရှုံးတွေဖြင့် ရင်ဆိုင်ရ ပြီး အားလုံး ငွမ်းနေခဲ့တာဖြစ်သည်။ အချစ်ရေးကံဆိုးလို့ ကံ ကောင်းအောင် သူများရဲ့ ချစ်ရေးချစ်ရာကိစ္စတွေကို အားတက် သရော စိတ်ရောကိုယ်ပါနှစ်ပြီး ကူညီပေးတာဟာ အရမ်းကောင်း မှန်း တဖြည်းဖြည်းနဲ့ သဘောပေါက်လာပါသည်။ ကိုယ်ကူညီပေး လိုက်လို့ အဆင်ပြေသွားတဲ့ ချစ်သူစုံတွဲတွေရဲ့ အပြုံးလေးတွေကို မြင်ရသောအခါ လူက စိတ်ချမ်းသာကာ ဒီလုပ်ငန်းကို စိတ်ရှည် ပြီး အားစိုက်ကူညီပေးဖြစ်တဲ့အတွက် အကျိုးကတော့ မယ်မမှာ လူချစ်လူခင် အရမ်းပေါလာတာဖြစ်သည်။ ဘယ်သွားသွား ဘယ်





လာလာ ဆော်ဒါ၊ မိတ်ဆွေတွေ များလာတာကြောင့် မယ်မအတွက် ချစ်သူဆိုတာ သိပ်ပြီး မလိုအပ်တော့တဲ့အရာ ဖြစ်လို့လာလေ သည်။

"ဟေး ... မယ်မ ဘယ်သွားမလို့လဲ၊ ကန်တင်းမှာ တစ်ခုခု လိုက်စားပါဦး"

တွေ့လား။ အဲဒီလိုမျိုး လူချစ်လူခင်များလာတာဖြစ် သည်။ ကျောင်းရောက်ပြီဆိုတာနဲ့ မယ်မမှာ ပြုံးပြနှုတ်ဆက်ရတာ က အခါခါပဲဖြစ်သည်။ သောင်းခနဲ့ ပြတ်ခဲ့တာလည်း ကြာပြီမို့ အဲဒီအပေါ်မှာ ဘာမှ Feel ဖြစ်မနေတော့ပါ။ တစ်နေ့ တစ်နေ့ သူများအချစ်ရေးကို ကူညီဖို့အတွက် စဉ်းစားရ အကြံပေးရနှင့်ပဲ မယ်မဟာ မြားနတ်မယ် အသေးစားလေး ဖြစ်မှန်းမသိဖြစ် လာ ပါသည်။ မယ်မသည် ကျောင်းရောက်တာနှင့် လမ်းတစ်လျှောက် က ခင်နေမင်နေတဲ့ မိတ်ဆွေအပေါင်းအသင်းတွေကို နှုတ်ဆက် ရင်းက ကန်တင်းဆီ လျှောက်လာခဲ့သည်။

"ဟေး ... လာပါပြီ ဒေါ်မယ်မ၊ မယ်မရေ ... နင့်ကို တွေ့ချင်လို့တဲ့ စောင့်နေကြတယ် ... လာ"



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်လို့ဆိုကတည်းက ကူညီဖို့ဆိုတာ သဘော ပေါက်စွာဖြင့် မယ်မသည် ခုံမှာဝင်ထိုင်လိုက်ရင်း မယ်မရှေ့က ကောင်မလေးတစ်ယောက်က သူ့ကိုယ်သူ မိတ်ဆက်လေသည်။

"မမယ်မညိုကို အခုမှတွေ့ဖူးပေမယ့် မမယ်မညိုကို ကြား ဖူးနေတာတော့ကြာပါပြီ၊ သိမ့်နာမည်က သိမ့်သဉ္ဇာပါ"

"ဟုတ်ကဲ့ ... တွေ့ရတာဝမ်းပါတယ်၊ မယ်မလို့ပဲ ရင်းရင်း နှီးနှီးခေါ်ပါ၊ တို့လည်း သိမ့်လို့ပဲ ခေါ်မယ်လေ၊ ပြောပါ ဘာအကူအညီပေးရမလဲဟင်"

မယ်မက သဘောပေါက်စွာ မေးလိုက်ရင် သိမ့်သဉ္ဇာ ဆိုတဲ့ကောင်မလေးက ရှက်ပြုံးလေးတစ်ချက်ပြုံးရင်းက ...

"အဟီး ... သူနဲ့က မျက်လုံးချင်း စကားပြောနေကြတာ တော့ ကြာပါပြီ၊ တစ်ယောက်နဲ့တစ်ယောက်က ရင်ခုန်နေ တာပေါ့နော်၊ သူက မကြာခင် Propose လုပ်တော့မှာ၊ အဲဒါ သူ တကယ်ချစ်တာ ဟုတ်ရဲ့လားဆိုတာ သိပ်တော့ မယုံဘူး၊ ဘယ်လို စမ်းသပ်ရင်ကောင်းမလဲလို့ မယ်မဆီ က အကူအညီတောင်းချင်လို့ပါ"





"အင်း ... ကောင်းပါပြီ၊ သူတကယ်ချစ်မချစ် စမ်းသပ်ဖို့ အတွက် နည်းလမ်းတွေကတော့ အများကြီးရှိပါတယ်၊ ဒါနဲ့ သူ့မွေးနေ့ကို သိလားဟင်"

"သူပြောတာတော့ Feb, 21 လို့ပြောတယ်"

မယ်မက ခေါင်းတစ်ချက်ညိတ်ကာ ဒိုင်ယာရီ Note book လေးကို လွယ်အိတ်ထဲက ထုတ်လိုက်ကာ မှတ်ထားတဲ့ စာစုလေးကို တစ်ချက်ဖတ်ပြီးနောက် ...

"အမ်း ... ဒါကတော့ နက္ခတ်ဗေဒပညာရှင်ကြီးတွေရဲ့ ယူဆချက်ပေါ့နော်၊ မယ်မ သိသလောက်ပြောပြတဲ့သဘော ပါ၊ သိမ့်ကောင်လေးက ဖော်ဖော်ဝါရီ နှစ်ဆယ့်တစ်ဆို တော့ မိန်ရာသီဖွားပေါ့၊ မိန်ရာသီဖွားတွေက အခိုင်အမာ ဆုံးဖြတ်ပြီး လေးလေးနက်နက်ရှိတဲ့ အချစ်တတ်ဆုံး မေတ္တာ နှလုံးသားကို ပိုင်ဆိုင်ထားတယ်လို့ ကမ္ဘာ့နက္ခတ်ပညာရှင် တွေက အဆိုပြုကြတယ်၊ များသောအားဖြင့် မှန်ပါတယ်၊ သူက အရှက်အကြောက်ကြီးလို့ သူများတွေဝေဖန်မှာစိုးလို့ Propose မလုပ်ရဲတတ်တဲ့ အားနည်းချက်မျိုးရှိတတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ နောက်ပြီး မိန်ရာသီဖွားတွေက အချစ်တတ်ဆုံးသူတွေလို့ ပညာရှင်တွေက ယနေ့ထိ လက်ခံယူဆထားကြတယ်တဲ့၊ ယေဘုယျအားဖြင့်တော့ မှန်တတ်ပါတယ်၊ မဆိုးပါဘူး ... သိမ့်ရဲ့လူက မိန်ရာသီဖွားဆိုတော့ ဒီလိုပဲဖြစ်မှာပါ"

"ဟယ် ... ဟုတ်လား၊ အင်း ... မှန်တယ် မယ်မရဲ့၊ သူက အရှက်အကြောက်တော့ကြီးတယ်၊ သိမ့်ကိုတောင် စကားရဲရဲ မပြောရဲဘူး၊ အဲဒါတွေကြောင့် သိမ့်က Worry များနေတာပေါ့"

"စိတ်မပူပါနဲ့၊ မယ်မ တွေ့ခဲ့ဖူးတဲ့ မိန်ရာသီဖွားတွေလည်း အာလုံးလိုလို ချစ်တတ်ပါတယ်၊ မှန်တာများပါတယ်၊ အခြေအနေတစ်ချက်ကြည့်လိုက်ပါဦး၊ သူ့ဘက်က အရမ်းချစ်လာရင် လှုပ်လာမှာပါ"

"ဟုတ် ... Thank you မယ်မ၊ မယ်မ ဖုန်းနံပါတ်ကို ရထားပြီးပြီ၊ နောက် ဖုန်းဆက်မယ်နော်"

"ဩော် ... ဆက်ပါ ရပါတယ်၊ မယ်မက အချစ်ရေးကိစ္စကို ကူညီပေးရတာ ဝါသနာပါတယ်"





အဲဒီလိုနှင့် သိမ့်က ကျေနပ်သွားဟန်ဖြင့် မယ်မတို့ကို နှုတ်ဆက်ပြီး ထွက်သွားလျှင် မယ်မက ခပ်ပြုံးပြုံးဖြင့် သဘောကျရလေသည်။

အခုချိန်မှာ အချစ်ကို ကူညီနေသူအဖြစ် ရပ်တည်ရတဲ့ဘဝဟာ အရမ်းနေလို့ထိုင်လို့ကောင်းတာတော့ အမှန်ပဲဖြစ်သည်။ ဘယ်သူ့ကိုမှ အချစ်ရေးမှာ ကံမခေစေချင်တဲ့ စေတနာကတော့ မယ်မရင်ထဲမှာ အပြည့်ပဲဖြစ်သည်။

"မယ်မ ... နင် မနက်ဖြန် အတန်းတက်မှာမှလား"

"တက်ရမှပေါ့ဟ၊ နေစမ်းပါဦး ... ဘာလို့ ထူးထူးခြားခြား မေးရတာလဲ၊ ပြောစမ်း ... နင် ဘယ်လစ်ချင်လို့လဲ"

"ဘယ်မှမလစ်ဘူး၊ နင့်ကို ငါ့ဘဲသူငယ်ချင်းက ကြိုက်နေလို့တဲ့၊ အဲဒါ ငါ့ကို မိတ်ဆက်ပေးပါဆိုပြီး အတင်းအပူကပ်နေလေရဲ့၊ မနက်ဖြန် နင့်ကို မိတ်ဆက်ပေးမလားလို့၊ ဘယ်လိုလဲ ... Procare ရဲ့လား"

မယ်မက ချိုနွယ့်စကားကြောင့် ဟက်ခနဲရယ်မောမိသွားသည်။ မယ်မကိုကြိုက်တဲ့ အဲဒီကောင်လေးကို တကယ်



www.burmeseclassic.com

www.burmeseclassic.com



သနားတယ်။ သူ့ခမျာ အောင်သွယ်တော်မပါဘဲ တစ်ကိုယ်တော် ကြိုးစားရမယ့်အဖြစ်။

"ဟဲ ဟဲ ... နင့်ဘဲဘော်ဒါကလည်း အလန်းပဲ၊ နင့်ဘဲ ဖေယျတောင် ငါ့အကူအညီကောင်းလို့ နင်နဲ့ အိုခေတာကို။ ဖေယျဘော်ဒါကို ပြောလိုက်ပါဟာ၊ တခြားကောင်မလေးကို ကြိုက်လိုက်လို့ ... မြားနတ်မယ် မယ်မက ရေကုန်ရေခန်း ကူညီပါ့မယ်လို့ ကြားလား"

မယ်မက ပြောင်စပ်စပ်လေးပြောလိုက်လျှင် ချိုနွယ်မက မျက်စောင်းကြီး ကျိတ်ထိုး၍ ပေါက်ပေါက်ဖောက်လေတော့သည်။

"အေး ... အဲဒီမှာ သူများအကျိုးဆောင် ကိုယ်ကျိုးပြောင် မကြီးရေ ... မနိုင်ဘူး နင့်ကိုတော့၊ တစ်နေ့တစ်နေ့ နင် ဘယ်သူ့ကို ဖူးစာရေးနတ်လုပ်ရမလဲပဲ တွေးနေသလား မပြောတတ်ဘူး"

"ဟဲ ဟဲ ... ဝါသနာအရ လုပ်စားတာပါကွယ်၊ ကဲ ... ချစ်ရေ စားပြီးရင် အတန်းတက်စို့ဟေ့"





မယ်မက ပိုက်ဆံရှင်းကာ ကန်တင်းကနေ ချိုနွယ်နဲ့အတူ ထွက်လာကာ အတန်းဘက်သို့ ထွက်လာခဲ့တော့သည်။ ကျောင်းနေလည်းပျော် စာလည်းတော်ကာ လူချစ်လူခင်လည်းပေါများတဲ့ ဒီလိုဘဝမျိုးကို ပိုင်ဆိုင်ခွင့်ရတာဟာ မယ်မရဲ့အချစ်ဦးကြီးကြောင့်ပဲဖြစ်သည်။ သူသာ အဲဒီနေ့က မဖြတ်ခဲ့ဘူး ပြီးတော့ ဘွားနဲ့ မတွေ့ခဲ့ဘူးဆို မယ်မညိုတစ်ယောက်တော့ တစ်သက်မှာ တစ်ခါချစ်ရသောအချစ်ဖြင့်ချစ်ကာ သူတစ်ယောက်ကိုသာ ခေါင်းထဲထည့်ထားမယ့် ချစ်လူမိုက်မကြီး ဖြစ်လာမှာပဲဖြစ်သည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



၃

"ဟား ... ဘာဖြစ်လို့ ဖုန်းမကိုင်တာလဲကွာ"

ချန်ရန်သည် ဒေါကန်ကန်နှင့် ဖုန်းခေါ်လေ ဟိုဘက်က မကိုင်လေဖြစ်တာကြောင့် လူက ပိုပြီး ဒေါကန်ရပါသည်။ ဟိုဘက်ဖုန်းမှာတော့ Missed call တွေ မနည်းမနောဝင်နေမှာပဲ။ ဒီလောက် အခါခါဖုန်းခေါ်နေတာကို ဖုန်းမကိုင်ရအောင် ဘယ်တွေသွားနေလို့လဲ။ သူဟာ စိတ်ပူတာတွေကော ဒေါကန်တာတွေပါ ပေါင်းကာ လူက ဘယ်လိုမှ နေလို့ထိုင်လို့မရတော့ချေ။ ရေအေးနဲ့ သူသာ ချစ်သူတွေဖြစ်သွားကြရင် သူ့မှာ တစ်နေ့တစ်နေ့ စိတ်ပူနေရတာနဲ့ပဲ သေလိမ့်မည်။





အဲဒါတွေကို သိနေပေမယ့်လည်း မချစ်ဘဲမနေနိုင်တာခက်ပေသည်။ သူ့ဘက်က တစ်ဖက်သတ် ရေလည်ကျိုတ်ကြွေနေရတဲ့ ရေအေးချမ်း ဆိုတဲ့ကောင်မလေးဟာ နာမည်ကသာ အေးချမ်းပေမယ့် သူ့ရင်ကိုတော့ အမြဲပူလောင်အောင် မီးရှို့နေတဲ့ ကောင်မလေးပဲဖြစ်ပါသည်။

"ဆက်လို့မရဘူးဆိုလည်း မဆက်နဲ့တော့ကွာ၊ ငါဖွင့်ပြတဲ့ သီချင်းပဲ နားထောင်လိုက်တော့"

ကောင်းနိုင်က သူ့ဖုန်းကို ဆတ်ခနဲ ဆွဲယူကာ သူသုံးနေတဲ့ Laptop ထဲက သူ့ခံစားချက်အတွက် အကောင်းဆုံးဖြစ်သည့် Bunny phyoe သီချင်းကို ဖွင့်ပြတော့ သူ့မှာ မချိသွားဖြဲဖြင့် ခပ်ငိုင်ငိုင်ထိုင်ကာ နားထောင်နေရပါသည်။

"တယ်လီဖုန်းကိုင်ပါဦး xxxအမောပြေစကားသံလေးများကြားချင်လို့ xxx xxx နင် ဘယ်နေရာမှာလဲကွာ xxx တွေ့ချင်လို့ xxxဘယ်သူတွေနဲ့လဲကွာ xxxပြောပါဦး xxx အကြောင်းထူးရင် ဖုန်းဆက်ဖို့လည်းမမေ့နဲ့ဦး xxx Net-



www.burmeseclassic.com

www.burmeseclassic.com



work service ဖြစ်နေရင် ငါအရှုံးတစ်ပိုင်းဖြစ်နေလို့ xxx Silent လုပ်လို့ ဖုန်းမကိုင်ရင် ငါ့အရှုံးပဲစိတ်ပူလို့ xxx လွမ်းလို့ဆက်တဲ့ ငါ့ရဲ့ Missed call များ xxx နင့်ရဲ့ဖုန်းထဲ သက်စေ့ကျော်သွားပလား”

အရမ်းအရမ်းကို တိုက်ဆိုင်လှပါသော အဲဒီသီချင်းကို နားထောင်ရသောအခါ သူဟာ ဆက်ပြီးတော့တောင် နားထောင်နိုင်စွမ်းမရှိတော့ပါ။ ဆိုဖာမှာ မှီထိုင်နေရာမှ လျှောထိုင်ချလိုက်ကာ ...

“တော်ပါတော့ကွာ ... ငါ ဆက်နားမထောင်နိုင်တော့ဘူး၊ ရှေ့လည်ထိတယ်ကွာ”

“ပြောတယ်လေ၊ ရေအေးက မင်းကို ရေနွေးပဲတိုက်မှာပါဆို၊ သူက ဘာမှ အုံးမစားဘူးကွ၊ အဲဒီတော့ မင်း ချစ်နေတယ် ချစ်နိုင်သေးတယ်ဆိုရင်တော့ ဆက် Try ၊ ရေအေးအထာကို မခံစားနိုင်ဘူးဆို တပ်ခေါက်လိုက်တော့၊ First love မှမဟုတ်တာကွာ ... နင့်မနေစမ်းပါနဲ့”





ကောင်းနိုင်က သူ့ကို ရေအေးနဲ့ နဂိုကတည်းက သဘောမတူသူပီပီ ဖြတ်ဖို့ပြောပေမယ့် သူ့ဘက်ကတော့ ဖြတ်ဖို့က မလွယ်ပါချေ။ ရေအေးဆီက အဖြေရဖို့ ခက်နေတာကြောင့် သူ့မှာ တကယ်ပဲ ဂွမ်းနေတာဖြစ်သည်။ ရေအေးဆိုသော ကောင်မလေးဟာ လုံးဝ လန်းတယ်၊ အမိုက်စား၊ စကားပြောကလည်း ညက်တယ် စသော ခေတ်ဆော်လေးတွေ စံချိန်စံညွှန်းနဲ့ ကိုက်ညီနေတာမို့ သူကလည်း ခေတ်လူပျိုပီပီ ရင်ခုန်မိတာဖြစ်သည်။

“ချန်ရန် ... မင်း မပြတ်ဘူးလား ... ဒီလောက်တွေနေတာ မဟုတ်သေးပါဘူးကွာ”

“အမ်း ... ဘယ်လိုပြောရမလဲကွာ၊ ငါ့ဘက်က Feel အပြည့်နဲ့ ချစ်နေတယ်ဆိုပေမဲ့ သူက ငါ့အတွက် မရှိမဖြစ်တော့မဟုတ်ပါဘူး၊ မင်း ငါဘာဆိုလိုတယ်ဆိုတာ ပေါက်ပါတယ်၊ ရေအေးက မိုက်တယ်ကွ ... အဲဒီတော့ သူ့ဘဲအဖြစ် ငါက ခံယူချင်တဲ့ကောင်တော့မဟုတ်ဘူး၊ ငါ့ဆော်အဖြစ် သူ့ကို ကြေညာချင်တာ အဲဒီလိုမျိုး”



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနိုင်က သူ့ Facebook ကို Log out လုပ်ပြီးမှ သူ့ဘက်လှည့်ကာ ...

"ဟုတ်ပြီ ... ဒီလောက်ဆိုရင်တော့ မင်း အရမ်းကြီးမကြွေသေးပါဘူး၊ ဒါပေမဲ့ မင်းက ရေအေးချမ်းကို မင်းဆော်အဖြစ် မဏ္ဍပ်တိုင်တက်ပြချင်တယ်ဆိုတော့ သူ့ဆီက အဖြေမြန်မြန်ရအောင် လုပ်ရမယ်ကွ"

"ဩော် ... မင်းပြောမှပဲ သဘောပေါက်တော့တယ် ငနိုင်ရယ်၊ အဲဒါတော့ ငါလည်းသိတာပေါ့၊ ဒါပေမဲ့ ရေအေးက ဆရာမကြီးကွ၊ နှာစေးနေတယ်"

"အမ်း ... ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ကား ပြောရမယ်ဆိုရင် မင်း မယ်မညို့ဆီ သွားရလိမ့်မယ်"

"ဘာလဲ ... ဘယ်က မယ်မညိုလဲ"

သူက သူ့ဟာနှင့်သူ ဖယားကပ်နေလို့ တိုင်ပတ်နေရတဲ့အထဲ ကောင်းနိုင်က လာစားနေတာကြောင့် သူက စိတ်မရှည်စွာ ထမေးလေလျှင် ကောင်းနိုင်က သူ့ရဲ့မုတ်ဆိတ်ငုတ်စိကို ပွတ်သပ်ကာ ဆရာကြီးအိုက်တင်ဖမ်း၍ ...





"ကျောင်းမှာ အခုတလော စတားဖြစ်နေတဲ့ကိစ္စကို မင်း မသိဘူးဆိုတော့ မင်း သိပ်ညံ့သွားပြီ၊ အေးလေ ... ဘယ်သိမလဲ၊ မင်းက အတန်းလစ်လစ်ပြီး Ever golli ရိုက်နေတာကိုး"

"ဟာ ... ပဲများမနေနဲ့ သားကြီး၊ ပြောချင်လည်းပြောလာဖွဲ့မနေနဲ့ လူကညစ်နေတာနော် ... ထမဝှန်းချင်ဘူး"

"ဟား ... ဒေါသချည်းပဲ၊ ပြောမှာပေါ့ကွ မင်းကလဲ၊ မယ်မညိုဆိုတာ ငါတို့ကျောင်းရဲ့ မြားနတ်မယ်ကွ"

မြားနတ်မယ်။ ဒီစကားကြောင့် သူဟာ နည်းနည်းစိတ်ဝင်စားသွားတာကတော့ အမှန်ပဲဖြစ်သည်။ ဒါပေမဲ့ ဘာမှ မပြောသေးဘဲ ကောင်းနိုင် စကားဆက်ကို ထပ်နားထောင်လိုက်သည်။

"ကျောင်းမှာ မယ်မညို အောင်သွယ်ပေးလိုက်လို့ စွံသွားတဲ့စုံတွဲတွေ၊ မယ်မညို အကြံပေးလိုက် အကူအညီပေးလိုက်လို့ အိုခေသွားတဲ့ စုံတွဲတွေက မနည်းဘူး၊ သူက လုံးဝ Good တာနော်၊ သူ အောင်သွယ်ပေးတဲ့အတွဲတိုင်းဟာ အဆင်မပြေဘူးဆိုတာ မရှိဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ မင်း သူ့ကို သွားအကူအညီတောင်းသင့်တယ်၊ သူက အချစ်ရေးအခက်အခဲဖြစ်နေတဲ့ သူတိုင်းကို မေတ္တာဖြင့် အားတက်သရော ကူညီနေတာကွ"

"ဟား ... မင်း သတင်းက သေကောသေချာလို့လားကွာ"

"မင်းကလဲ ... Sure ကွ၊ မယ်မညို ကူညီပေးလို့ အဆင်ပြေသွားတဲ့စုံတွဲထဲမှာ ဟိုကောင် သုခတို့အတွဲလည်းပါတယ်၊ မိုးပွင့်ကို ရဖို့ မယ်မကပဲ အောင်သွယ်ပေးသွားတာကွ၊ ဆော်က Romance idea လည်းရှိတယ်၊ တော်လ်ကီကလည်း ကောင်းတယ်ကွ၊ သူလှော်ပေးတဲ့ စုံတွဲတိုင်းကတော့ Ok ပဲ၊ မင်း သူ့ဆီကသာ အကူအညီရရင် ရေအေးနဲ့မင်း ပွဲသိမ်းပြီ"

ချန်ရန်သည် အညွန်းကောင်းနေတာကြောင့် စိတ်ဝင်စားမှုကတော့ မြင့်တက်လာပြီဖြစ်သည်။ မယ်မညို ဆိုသော အောင်သွယ်တော်က ကောင်းနိုင် ပြောပုံအရဆိုရင်တော့ တော်တော် Bright ဖြစ်တာပဲ။ ရေအေးဆီက အဖြေရဖို့ သူ မယ်မညိုဆိုသော မြားနတ်မယ်နှင့် တွေ့ဖို့လိုလာပါသည်။





"မဆိုးဘူးကွ၊ အဲဒါဆို ငါ အဲဒီဆော်နဲ့ တွေ့ချင်တယ်၊ မင်းနဲ့ခင်လား"

"ငါနဲ့တော့ အခင်ကြီးတော့ မဟုတ်ဘူးကွ၊ ဒါပေမဲ့ ရပါတယ်၊ သူက သိသိမသိသိ သူတတ်အားသရွေ့ ကူညီပေးတာပဲ၊ ဒီလိုလုပ် ... မင်း မနက်ကျောင်းလာတက်လိုက်ကွာ၊ သူတို့အုပ်စုက ကိုးနာရီလောက်ဆို ကန်တင်းမှာ ရှိတတ်တယ်ကွ"

"အေး ... ပြီးရော၊ အဲဒါဆို မနက်ဖြန် ကိုးနာရီအရောက် လာခဲ့မယ်၊ ကဲ ... ရေအေးကို ဖုန်းလည်းမခေါ်မရဘူးဆိုတော့ တော်ပြီကွာ၊ Happy မှာ တစ်ခုခုသွားစားမယ်လာ"

အစားအသောက်ဆို နှစ်ခါမခေါ်ရသော ကောင်းနိုင်က သူနဲ့အတူ Junction Mawtin ထဲက Happy မှာ ထိုင်ကာ ဟိုဟိုဒီဒီ စကားစပ်ပြောရင်းက ကောင်းနိုင်က Lime Soda ကို စုပ်သောက်နေရင်းက "ဟာ"ဆိုပြီး အာမေဋိတ်သံပြုရင်းက သူ့ကို မျက်စတစ်ချက်ပစ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ဟော့ကောင် ... ချန်ရန် ... ဟိုဘက်ထောင့်ဝိုင်းကို မျက်လုံးရွှေ့လိုက်၊ အနက်နဲ့အဖြူကြားဝတ်ထားတဲ့ဆော်က မယ်မညိုကွ"

ချန်ရန်သည် ကောင်းနိုင်အပြောကြောင့် အကြည့်ရွှေ့လိုက်လျှင် ထောင့်ဝိုင်းမှာထိုင်ကာ အစားအသောက်တွေမှာနေသော ကောင်မလေးသုံးယောက်ကို တွေ့ရလေသည်။ အဲဒီသုံးယောက်ထဲကမှ ကောင်းနိုင်ပြောတဲ့ အနက်နဲ့အဖြူအစင်းကြား စပို့ရှပ်ဝတ်ထားတဲ့ မယ်မညိုဆိုသော ကောင်မလေးကို ကြည့်လိုက်မိသည်။ ဆံပင်ကောက ဂျပန်မလေးတွေလို တဲ့အတိ ဆာမူရိုင်းဒီဇိုင်းချကာ ကိုရီးယားမိတ်ကပ်ပြောင်တင်းတင်းဖြင့် မှုန်မှုန်လေး လင်းလဲ့နေသော ချစ်စရာဒီဇိုင်းလေးဖြစ်သည်။

ဒီကလေးနမက အောင်သွယ်တော်မြားနတ်မယ်လုပ်တဲ့နေရာမှာ သိပ်တော်တယ်လား။ သူ အောင်သွယ်ပေးတဲ့ စုံတွဲတွေတိုင်းက အိုခေမှာစိုပြည်တယ်တဲ့လား။ ချန်ရန်သည် မှာလို့မပြီးနိုင်သေးတဲ့ အဲဒီကောင်မလေးအဖွဲ့ဆီမှ အကြည့်လွှဲလိုက်ပြီး ကောင်းနိုင်ကို မေးခွန်းထုတ်ရတော့သည်။





"အဲဒီဆော်က ငါတို့ကျောင်းကလား၊ တွေ့တောင်မတွေ့ဖူးဘူး"

"ဘယ်တွေ့ဖူးမလဲ ... မင်းက ကျောင်းမှမမှန်တာ၊ လာ ... အတော်ပဲ တစ်ခါတည်းမိတ်ဆက်ရင်း မင်းကိစ္စကို သွားပြောကြမယ်"

ကောင်းနိုင်က သွက်သွက်လက်လက်ထကာ သွားတော့မည့်ဟန်ပြုလျှင် ချန်ရန်က သူ့ကို လှမ်းတားရကာ ...

"နေပါဦးကွ ... မနက်ဖြန်မှ တွေ့ပါမယ်ကွာ၊ ကိုယ့်ဟာကိုယ် စားစရာရှိတာစားစမ်းပါ၊ ဒါနဲ့ နေစမ်းပါဦး ... ငါမေးရဦးမယ်၊ အဲဒီဆော်က တကယ်အောင်သွယ်တော်တာလား"

"ဟား ... မယ်မညိုက အရမ်းကူညီတတ်တဲ့ ကောင်မလေးကွ၊ သူပေးတဲ့ Idea လေးတွေက အရမ်းရို့မန့်စ်ဖြစ်တယ်၊ အထူးသဖြင့် ကောင်လေးတွေတော်တော်များများက သူ့ဆီက Idea ပဲယူကြရတာကွ၊ လုံးဝ အမိုက်စားချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



မယ်မညို ငိုကာဖွဲ့နေသောအခါ သူဟာ မယ်မညိုကို စိတ်တော့ဝင်စားသလိုရှိသွားသည်။ Idea တွေ အသစ်သုံးပြီး အောင်သွယ်တော်လုပ်တတ်တဲ့ အဲဒီကောင်မလေးမှာ ရည်းစားကော ရှိမနေနိုင်ဘူးလား။

“ကောင်းနိုင် ... မယ်မညိုမှာ ဘဲရှိလား”

“အေး ... မရှိဘူး ထင်တယ်၊ မကြားဖူးဘူးကွ၊ သူ့ဆီကပ်တဲ့ဘဲတွေက အောင်သွယ်ခိုင်းဖို့ပဲလေ၊ မယ်မညိုမှာ ဘဲတော့မရှိပါဘူးကွ၊ နေစမ်းပါဦး ... မင်းက ထူးထူးခြားခြား မေးတယ်ဆိုတော့ ဟော့ကောင် ... ရေအေးကနေ မယ်မ ဖြစ်သွားတာလား”

ကောင်းနိုင်စကားကြောင့် ချွန်ရန်သည် သဘောကျစွာပြုံးလိုက်ပြီး ခေါင်းအသာယမ်းပြလိုက်သည်။

“မဟုတ်ပါဘူးကွာ၊ ရေအေးကိုရဖို့ မယ်မညိုကို အကူအညီတောင်းမှာပါကွ”

သူ့ဖြေရှင်းချက်ကြောင့် ကောင်းနိုင်က ဘာမှ ဆက်မပြောတော့ဘဲ စားစရာရှိတာ ဆက်စားနေပေမယ့် သူကတော့





ဟိုဘက်ထောင့်ဝိုင်းက မြားနတ်မယ်ဆိုတဲ့ ကောင်မလေးကို တစ်ချက်လှမ်းကြည့်ရင်း စဉ်းစားမိသွားသည်။

သူ့မှာ ရည်စားမရှိတာဟာ သူက အောင်သွယ်တော် မြားနတ်မယ်ဖြစ်နေလို့များလား။ ဆိုင်တော့မဆိုင်ပေမယ့် သူက ဆိုင်တယ်လို့ပဲ ယူဆပါသည်။ ဘာပဲဖြစ်ဖြစ်ပါ။ သူ ရေအေးဆီက အဖြေရဖို့ မယ်မညိုနှင့် မနက်ဖြန် သေချာပေါက်တွေ့ရတော့မှာ ဖြစ်သည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၄

"ဒီမှာဗျ ... ကျွန်တော့်ကို စကားနည်းနည်း ပြောခွင့်ပြုပါ"

မယ်မတို့သည် ဘေးနားမှရပ်ကာ စကားပြောဖို့ ခွင့်တောင်းလေသောလူကို ဘာပါလိမ့်ဆိုပြီး တစ်ချက်မော့ကြည့်မိသွားသည်။ ဆံပင်တွေက ဟိုတစ်စ ဒီတစ်စ ထိုးထိုးထောင်ထောင်ဖြင့် နားတစ်ဖက်မှာ အံ့စာတုံးပုံ နားကပ်သေးသေးလေးတစ်ခုကို ပန်ထားပါသည်။ အရပ်မြင့်မြင့် ခပ်ပိန်ပိန်ပါးပါးပဲဖြစ်ကာ အသားအရေကတော့ မဖြူမညိုလေးဖြစ်၏။ ရုပ်ကတော့ မဆိုးပါဘူး။ ချောတယ်လို့ ပြောလို့မရပေမယ့် မချောဘူးလို့လည်း ပြောလို့ရတဲ့ ရုပ်ရည်မျိုးမဟုတ်ပါ။ ပုံမှန်ယောကျာ်းလေးတစ်ယောက်ရဲ့ အသွင်





သဏ္ဍာန်ဖြင့် သူဟာ angry bird တီရှပ်အပြာနုရောင်ကို ဂျင်းဘောင်းဘီနှင့် ခပ်ရိုးရိုး တွဲဖက်ဝတ်ဆင်ထားပါသည်။

"ဘာကိစ္စရှိလို့လဲ"

ချိုနွယ်က အဲဒီတစ်ယောက်ကို မေးခွန်းထုတ်လိုက်လျှင် အဲဒီတစ်ယောက်က လိုရင်းကိုမပြောသေးဘဲ ခုံကို လက်ညှိုးညွှန်ပြကာ ထိုင်မယ်နော်ဟုဆိုကာ သူ့ဘာသာသူ ဝင်ထိုင်လိုက်ပြီးမှ သူ့ကိုယ်သူ မိတ်ဆက်လေတော့သည်။

"ကျွန်တော့်နာမည် မိုးမြင့်ချန်ရန်ပါ၊ လာရင်းကိစ္စကတော့ဗျာ ဒီက မယ်မညိုဆီက အကူအညီတစ်ခုလောက်တောင်းချင်လို့ပါ"

မယ်မသည် အကူအညီတောင်းချင်တယ် ဆိုတာနှင့် အောင်သွယ်ပေးဖို့ဆိုတာ သဘောပေါက်ရသည်။ အဲဒါကြောင့် သူ့ကို မေးတစ်ချက်ဆတ်ပြကာ ...

"ပြောပါ ... ဘာကူညီရမလဲ"

"ဒီလိုပါ ... ကျွန်တော့်ကောင်မလေးကို Propose လုပ်ပြီးသွားပါပြီ၊ သူက စဉ်းစားမယ်ဆိုပြီး အချိန်ဆွဲထားတယ်



www.burmeseclassic.com

www.burmeseclassic.com



ဗျ၊ ရှုးချင်ယောင်ဆောင်နေတာ ကြာပြီ၊ အဲဒါ သူ့ဆီက အဖြေလေး မြန်မြန်ရဖို့ ကျွန်တော် ဘာလုပ်ရမလဲဟင်”

“အင်း ... သူက ဒီကျောင်းကပဲလား”

“မဟုတ်ဘူး ... Distance ယူပြီး သင်တန်းတွေ တက်နေတာ”

“ဩော် ... ဒါနဲ့ သူ့သဘောထားကို ရှင် အကဲခတ်မိသလောက် ပြောပြပါလား”

မိုးမြင့်ချန်ရန်ဆိုသော လူဟာ စဉ်းစားဟန်ဖြင့် ခဏ ငြိမ်သက်သွားပြီးမှ တွေးတွေးဆဆ ပြောလေသည်။

“ကျွန်တော့်ကို ကြည်တယ်ဗျ၊ ဒါပေမဲ့ လုံးဝချည်း အပိုင်တွက်လို့တော့ မရဘူး၊ သူက အပေါင်းအသင်းဆံ့တော့ အမ်း ... ဘယ်လိုပြောမလဲ ... big happy family ကြီး ပေါ့ဗျာ”

“ဩော် ... ဩော် ... အင်း ... ကျွန်မ ကူညီနိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ ဟို ... ဒီလိုမျိုးအခြေအနေဆိုတာ ဒီခေတ်မှာ သိပ်တော့မဆန်းတော့ပါဘူး၊ သူ့ကို ကိုယ့်ဘက်ပါလာ





အောင် Romance ဆန်ဆန်လေး ဆွဲဆောင်နိုင်ရမယ်၊ အမ်း ... ဘယ်လိုပြောမလဲ၊ သူ့ကို ဖုန်းဆက်မယ့်အစား သူရှိနိုင်မယ့်နေရာကိုသွားပြီး ချောကလက်လေးပဲဖြစ်ဖြစ်၊ Lollipop လေးပဲဖြစ်ဖြစ် ပေးတာမျိုးက Romance လည်း ဖြစ်တယ်၊ သူ့ကိုလည်း emotional တစ်ခုတော့ ဖြစ်သွားစေတာပေါ့ ...

တချို့ကောင်မလေးတွေရှိတယ်၊ သူတို့က ချစ်တယ်လို့ တရားဝင်အဖြေပေးပြီး ရည်းစားထားရမှာထက် နယ်နှစ်ခုခွနင်းထားတဲ့ အိစီကလီအခြေအနေမျိုးနဲ့ တွဲနေရတာမျိုးကို ပိုနှစ်သက်ကြတယ်၊ အဲဒီလို ကောင်မလေးမျိုးဆီက အဖြေရဖို့အတွက်ဆိုရင် ကိုယ်က သူ့အတွက် လုံးဝကို Perfect ဖြစ်နေဖို့လိုတယ်၊ ဖြစ်အောင်လည်း ကြိုးစားရမယ်၊ ရှင် သူ့ကို တကယ်ချစ်တယ် ဆိုရင်ပေါ့လေ”

“ချစ်တယ် ... ချစ်တယ်ဗျ”

အဲဒီအဖြေစကားအရ မယ်မသည် သဘောကျနှစ်ခြိုက်စွာ ပြုံးလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင် တစ်ချက်ကလေးမှတောင် မတွေဘဲ ဖြေတယ်ဆိုကတည်းက ရှင် သူ့ကို ချစ်တယ်ဆိုတာထက် သူနဲ့တွဲချင်တဲ့စိတ်က ပိုနေတယ်လို့ထင်တယ်၊ ဟုတ်လား"

မယ်မရဲ့အမေးကြောင့် သူဟာ မျက်ခုံးတစ်ချက်မြင့်တက်သွားကာ မယ်မကို အထင်ကြီးသွားပုံပေါက်ပါသည်။ ပြီးတော့ ခပ်ပြုံးပြုံးမျက်နှာဖြင့် ခေါင်းတစ်ချက်ဆတ်ပြကာ ...

"ယောကျ်ားလေးဆိုတာ ချစ်စရာကောင်းတဲ့ ကောင်မလေးကိုဆို ချစ်ချင်ကြမှာပဲ၊ ကိုယ် ရင်ခုန်တဲ့ကောင်မလေးဆီက တရားဝင်အဖြေရပြီဆိုမှ ပိုချစ်သွားမယ်လို့ ကျွန်တော်က ယူဆတယ်"

"အေးပေါ့ ... အေးပေါ့၊ လူတိုင်းဆီမှာ အချစ်ဒသနလေးတွေရှိနိုင်တာပဲ၊ တစ်ယောက်နဲ့တစ်ယောက် အတွေးချင်းတော့ ဘယ်တူနိုင်ပါ့မလဲ၊ အဲဒီတော့ ကျွန်မ ဘာကူညီပေးရမလဲ"

"သူ့ဆီက အဖြေရဖို့အတွက် သူ့စိတ်တွေကို ဆွဲဆောင်နိုင်အောင် ကျွန်တော် ဘာလုပ်သင့်သလဲ"





"အင်း ... ခုနကပြောသလိုမျိုးပဲလေ၊ ရှင့်ကို သူက လုံးဝကို ချစ်သွားဖို့အတွက် ရှင့်ဘက်က ဘယ်သူနဲ့မှမတူတဲ့ Romance မျိုးကို လုပ်ပေးတာတို့၊ ပြီးတော့ လက်တွေ့ဆန်တဲ့ ချစ်ခြင်း Plot လေးတွေကို သူ ဟုတ်ထိအောင်ပြောပေါ့၊ ကျွန်မ ကူညီမှာပါ၊ ဟို ... ရှင့်ကောင်မလေးရဲ့အကြိုက်တွေ၊ သဘောထားတွေကို ကျွန်မ တစ်ချက်လေ့လာလိုက်ဦးမယ်၊ ပြီးတော့မှ ရှင့်အတွက် ဆက်စဉ်းစားပေးလို့ရမယ်"

မယ်မက စကားစမြန်မြန်ဖြတ်လိုက်ရပါသည်။ ဘာဖြစ်လို့လဲဆိုရင်တော့ ဒီကနေ့မှာ မိတ်ဆက်ရမည့် ကောင်လေးက မယ်မညိုတို့ဆီရောက်လာလို့ပဲဖြစ်သည်။ သူကတော့ တခြားမဟုတ်ပါပေ။ ချိုနွယ့်ဘဲရဲ့ သူငယ်ချင်းပဲဖြစ်သည်။ ချိုနွယ့်ဘဲရဲ့ သူငယ်ချင်းကောင်လေး ခန့်ညားက မယ်မကို ကြိုက်နေတယ်ဆိုတာ တိကျတဲ့ သတင်းရပ်ကွက်ဆီက ပြန်ကြားထားရသည်ဖြစ်၏။ ဒီနေ့ ခန့်ညားနှင့် မယ်မကို မိတ်ဆက်ပေးဖို့ ချိန်းထား၍ အခု ခန့်ညားနှင့်ဇေယျာက မယ်မတို့ဆီ ရောက်လာပြီဖြစ်ရာ မိုးမြင့်ချမ်းရန်ဆိုသော ကောင်လေးက အလိုက်သိစွာဖြင့် ထပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"Ok ... အဲဒါဆို ကျွန်တော် မနက်ဖြန်ကျမှ ထပ်လာခဲ့ပါ့မယ်၊ သွားလိုက်ပါဦးမယ် မယ်မညို၊ ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့ ... စိတ်ချပါ၊ ကျွန်မ ရှင့်ကို ကူညီပေးမှာပါ"

မိုးမြင့်ချန်ရန်သည် မယ်မတို့ကို နှုတ်ဆက်ကာ ထွက်သွားလေလျှင် ဇေယျက သူ့ဘော်ဒါအတွက် ခုံဆွဲပေးကာ ဝင်ထိုင်ပြီး ပြောင်စပ်စပ်ဖြင့် ...

"ဟား ... မြားနတ်မယ်ကြီး ဘယ်သူ့ကို ကူညီဦးမလို့လဲ၊ ဟဲ ဟဲ ... ဒီမှာ ငါ့သူငယ်ချင်း ခန့်ညားကိုလည်း ရည်းစားရအောင် ကူညီပေးပါဦးနော်"

ဇေယျက ဝင်ဖောက်ပေးတာကို မယ်မက နေတတ်သူပီပီ ခပ်ပြုံးပြုံးဖြင့် နားထောင်နေပေမယ့် ခန့်ညားကတော့ မယ်မကို အားနာသွားဟန်ဖြင့် ဇေယျကို ဝင်တားလေသည်။

"ဇေယျကလည်းကွာ ... အားနာစရာ။ မယ်မ ... ဆောရီးနော်"

"ရပါတယ် ... ခန့်ညားရဲ့၊ မယ်မက အောင်သွယ်တော်ပဲဟာ။ ကူညီပေးရမှာပေါ့။ ဘယ်ကောင်မလေးကိုကြိုက်လဲပြောလေ။ ကျွန်မ ရအောင်လိုက်ပေးမှာပေါ့"





"အဟင်း ... ရပါတယ် မယ်မရဲ့။ ကျွန်တော်က မယ်မကို အကူညီမတောင်းပါဘူး"

ခန့်ညား ဆိုသော တစ်ယောက်ဟာ စကားပြောတော့ ညက်တယ် ပြောရမည်။ ဆိုးတော့ မဆိုးပါ။ ချောတယ်ပဲ ဆိုပါစို့။ မယ်မကို ကြိုက်နေတဲ့ အရိပ်အယောင်တွေကို သူ့မျက်ဝန်းတွေကတစ်ဆင့် ဖတ်လို့ရနေပါသည်။

"ကဲ ... ကဲ ... ခန့်ညားနဲ့ မယ်မနဲ့ ခင်သွားပြီနော်။ နောက် ငါတို့မပါလည်း လမ်းတွေ့ရင် ခေါ်ကြ ... ကြားလား"

အဲဒီအပြောကြောင့် အားလုံးက ပြုံးစိစိ ဖြစ်သွားကာ ဘာမှတော့ ဆက်မပြောကြပါ။ မယ်မတို့တစ်တွေဟာ ဇေယျနှင့် ခန့်ညားတို့ကို တွေလီကာလီ စကားစပ်ပြောနေကြရင်းကမှ ဇေယျက နာရီတစ်ချက် ငုံ့ကြည့်ကာ ...

"ဟား ... ခုမှ သတိရတယ်။ ခန့်ညား ... ဒီနေ့ ငါတို့ နိုင်နိုင်နဲ့ project ဆွဲဖို့ ချိန်းထားတယ်လေ။ ဟား ... သွားမှဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဇေယျ၊ နင် ငါ့ကိုလည်း မပြောပါလား။ ဘာအထာလဲ"

အရေးထဲ ချိုနွယ်က သူ့ပါဝါတွေ ထုတ်သုံးနေလျှင် မယ်မက ကြားထဲကပဲ ဖျန်ဖြေရလေသည်။

"ကဲ ... သူတို့ကိစ္စရှိလို့ ချိန်းထားတာပဲ။ သွားပါစေ ချိုရယ်၊ နင်ကလည်း ရစ်မနေနဲ့တော့။ ဟော့ ... ဇေယျ သွားစရာရှိတာသွား၊ နင့်ရည်းစား မကောက်ဖို့ ငါတာဝန်ယူတယ်"

ဇေယျက ထသွားပေမယ့် ခန့်ညားကတော့ သိပ်ပြီးသွားချင်ပုံ မရသေးဘဲ ရသရွေ့ ပေထိုင်နေကာ မယ်မကို ကပ်သပ်ပြီးတော့ကို ဖောရှောရိုက်နေလေသည်။

"မယ်မ ... နောက်ဆို ကျွန်တော့်ကို လမ်းမှာတွေ့ရင် မမြင်ချင်ယောင်ဆောင်မသွားနဲ့နော်။ မယ်မဆီကို ကျွန်တော် ဖုန်းဆက်ပါရစေနော်။ ဖုန်းနံပါတ်ကို ဇေယျဆီကတောင်းလိုက်မယ် ခွင့်ပြုနော် မယ်မ"





"ဟော့ကောင် ... လာကွ၊ နောက်ကျနေပြီ သွားမယ်"

ဇေယျက အသည်းအသန်ကို ဆွဲခေါ်ချသွား၍ သူ့မှာ ယက်ကန်ယက်ကန်ဖြင့် ပါသွားရပေမယ့် စိတ်တွေကတော့ မယ်မဆီမှာပဲ ငြိတွယ်ကျန်နေခဲ့တယ်ဆိုတာ မယ်မက သူ့မျက်ဝန်းတွေ ဖတ်ကြည့်ရုံဖြင့် သိနိုင်လေသည်။

"ဟယ် ... lollipop လေး တစ်ချောင်းပါလား"

ချိုနွယ်က စားပွဲပေါ်မှာ ရေနွေးခွက်ကို အကွယ်ထား၍ ရှိနေသော lollipop စုပ်လုံးလေးကိုမြင်လျှင် လှမ်းယူလိုက်ကာ မယ်မကို ပေစောင်းစောင်း တစ်ချက်ကြည့်ကာ ပြီးတော့မှ ပြုံးစိစိမျက်နှာဖြင့် ...

"ဟဲ့ ... ကေ့ဒ္ဓတော့ ဒီ lollipop က ခန့်ညား နင့်အတွက်ထားခဲ့တာပဲ ဖြစ်ရမယ်"

အဲဒီစကားကြောင့် မယ်မသည် ရင်ထဲမှာ လှပ်ခနဲ ခံစားသွားရပေမယ့် တကယ်တမ်းမှာ ချိုနွယ့်ကို မျက်စောင်းထိုးလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရမယ်တွေ ဘာတွေ ခန့်မှန်းမနေနဲ့။ ခန့်ညားက နင်တို့ကို ဒီလိုထားခဲ့မယ်ဆိုပြီး ညိုထားပြီးသားမှလား။ လာပြီး ဖိန့်ဖိန့်လုပ်မနေနဲ့"

"ဟယ် ... ဘုရားစူးရပါစေရဲ့ဟယ်။ ငါ လုံးဝမသိရပါဘူး။ စားပွဲပေါ်မှာ lollipop တွေ့လို့ ငါက ခန့်ညားကို ခန့်မှန်းမိသွားတာပါဟယ်။ ငါပြောတာယုံပါ မယ်မရယ်။ အဲဒီလိုကိစ္စကို ခန့်ညားက ငါ့ကိုလည်းဘာမှမပြောပါဘူးဟယ် ... တကယ် ... တကယ် ... ငါ တကယ်ပြောနေတာပါဟာ"

ချိုနွယ်က သူ့ကို တစ်မျိုးထင်သွားမှာစိုး၍ မယ်မကို အသည်းအသန် ရှင်းပြနေရင်တော့ ချိုနွယ် တကယ်မသိဘူးဆိုတာ ယုံလို့ရသွားပေသည်။ ဘာပဲဖြစ်ဖြစ်ပါ။ ခန့်ညားရဲ့ဒီလိုဆပ်ပ်ပရိုက်စ် အပြုအမူလေးက ချစ်စရာတော့ ကောင်းပါသည်။ Lollipop တစ်ချောင်းဟာ ဘယ်လောက်မှမတန်၊ တန်ဖိုးမရှိပေမယ့် ခံစားတတ်ရင် စိန်တစ်ပွင့် ဝယ်ပေးတာထက် မက်ချင်စရာ





ကောင်းပေသည်။ မယ်မက romance တွေဖြစ်အောင် စဉ်းစားပြီး အောင်သွယ်ပေးနေရတဲ့သူမို့လို့လားမသိ။ ကိုယ့်အနားကပ်လာတဲ့ ကောင်တွေကို ဘယ်သူမှ ရိုမန့်စ်မဖြစ်ဘူးလို့ ထင်နေတာ။ ဒီတစ်ခါတော့ ခန့်ညားရဲ့ အပြုအမူက မယ်မအတွက် ပြုံးချင်စရာလေးတော့ ဖြစ်စေသည်။ မယ်မသည် ချိုနွယ့်လက်ထဲက lollipop လေးကိုယူလိုက်ကာ ...

"ကဲပါ ... နင် ဒီကိစ္စမှာ မပါဘူးဆိုတာ ယုံပါတယ်။ အဲဒီလောက် မရှင်းနေတော့နဲ့"

ဒီတော့မှ ချိုနွယ်က ဟဲခနဲတစ်ချက်ရယ်ကာ မယ်မကို မသင်္ကာသလို စိုက်ကြည့်ရင်း ...

"ငါ့ကို ယုံပေမယ့် ငါကတော့ နင့်ကို သိပ်မယုံတော့ဘူး။ ဘာလဲ ... မိန်းမ ခန့်ညားကို တစ်မှတ်ပေးလိုက်ပြီလား"

ချိုနွယ့် မေးခွန်းကြောင့် မယ်မသည် လက်ထဲက lollipop လေးကို ပါးမှာတောက်နေရင်းကနေ ရုက်စနိုး တစ်ချက်ပြုံးကာ နောက်ရွတ်ရွတ်လေး ပြန်ဖြေမိသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက နှစ်,နှစ်တာ ကာလအတွင်းမှာ ငါ့ကို ပထမဆုံး ပြုံးမိစေလောက်အောင် ဖန်တီးနိုင်တဲ့ လူပဲလေ။ တစ်မှတ်လောက်တော့ ပေးထားသင့်ပါတယ်"

အချစ်ကိုကူညီပေးနေတဲ့ မယ်မအတွက် ကံကောင်းမှု ရောင်စဉ်တစ်ချက်ကို လဲ့လဲ့လေး မြင်ယောင်လာမိတဲ့အတွက် ကျေနပ်စွာ ပြုံးမိသွားပါသည်။





## ၅

မယ်မသည် တဘက်ဖြင့် သိမ်းထုတ်ထားတဲ့ဆံပင်တွေကို တဘက်ဖြုတ်ကာ ဖြန့်ချလိုက်ပြီး ရေခြောက်အောင်သုတ်နေစဉ်မှာ Bunny Phyoe ရဲ့ "Stay with me"သီချင်းကို ကြားလိုက်ရလျှင် ဒါဟာ ဖုန်းလာနေတယ်ဆိုတာ သဘောပေါက်ရသည်။ မယ်မက ဆံပင်ရေသုတ်နေတာရပ်၍ တဘက်ကို ပခုံးမှာတင်ကာ ခုတင်ပေါ်မှာ တင်ထားတဲ့ ဖုန်းလေးကိုယူကာ Display မှာ ပေါ်နေတဲ့နံပါတ်ကို ကြည့်လိုက်လျှင် ကိုယ်မသိတဲ့နံပါတ်ဖြစ်လို့နေပေသည်။ မယ်မက ထွေထွေထူးထူး စဉ်းစားမနေဘဲ ဖုန်းကိုင်လိုက်၏။

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"မမယ် ... မညိုလား ... ကျွန်တော်ပါ"

မယ်မသည် နားထဲမှာ ဘယ်လိုမှ အဆင်မပြေတဲ့ ခေါ်သံကြောင့် မျက်နှာတစ်ခုလုံး ရှုံ့မဲ့လို့ သွားလေသည်။ ဟား ... ဘယ်လိုလူပါလိမ့်ဟယ်။ မမယ်မညို ဆိုပြီး တစ်တွဲတည်းခေါ်ရင် တော်သေးတယ်။ အခုဟာက မမယ်ကို တစ်ခါခေါ် ကြားထဲမှာ ခဏနားပြီးမှ မညိုလား တစ်ခါခေါ်တော့ ကြားရတဲ့လူမှာ တော်တော့်ကို စိတ်ညစ်ရတာမို့ မယ်မက ဘုတောလိုက်တော့သည်။

"ဒီမယ် ... မမယ်နဲ့ ပြောချင်တာလား။ မညိုနဲ့ ပြောချင်တာလား။ ဒီအိမ်မှာ အဲဒီနှစ်ယောက်လုံး တစ်ယောက်မှ မရှိဘူး။ ပြီးတော့ ဘယ်က ကျွန်တော်လဲ။ ဘာတွေလာ ပြောနေတာလဲ"

ခပ်တည်တည်နှင့် ဟောက်စားလုပ်လိုက်တော့ တစ်ဖက်က ဘာပြန်ပြောရမှန်းမသိစွာ ခဏငြိမ်သွားပြီးမှ အေးဆေးသောလေသံဖြင့် ...

"ဟို ... ဒါ (509xxx)မဟုတ်ဘူးလားဟင်"

"ဟုတ်တယ်"





"ဟာ ... ဒါဆို မယ်မညို ဖုန်းက ဒီဖုန်းမဟုတ်ဘူးလား ခင်ဗျ"

"ဟုတ်တယ်"

"ဗျာ"

မယ်မက ခပ်ပြတ်ပြတ်ဖြင့် ဟုတ်တယ်လိုက်လျှင် တစ်ဖက်က အူတူတူ ဖြစ်သွားဟန်ဖြင့် ဘာမှဆက်မပြောလျှင် မယ်မသည် ဒုံးဝေးလေသောလူကို ပြန်ရှင်းပြရလေသည်။

"ဒီဖုန်းနံပါတ်ကလည်း မှန်တယ်။ ဖုန်းကလည်း မယ်မညို ရဲ့ဖုန်းပဲ။ ရှင် စပြောကတည်းက အဲဒီလို မယ်မညိုလား ဆိုပြီး မေးပါလား။ ဘာကိစ္စ မမယ် ... မညိုလား မေးရတာလဲ"

"ဟာ ... ဆော ... ဆောရီးပါ မမယ် ... အဲ ... မယ်မညို ရယ်။ ကျွန်တော် နာမည်ခေါ်ရင်းနဲ့ လောသွားလို့ အဲလို ဖြစ်သွားတာပါ။ ဒါဆို အခုပြောတာ မမယ်မညိုလား"

"ဟင်း ... လာပြန်ပြီ။ ဒီမမယ်မညို ... အဲလိုမခေါ်နဲ့။ မယ်မလို့ပဲခေါ်တော့။ အဲဒါ ပြောနေရတာနဲ့တင် အချိန်က ကုန်တယ်။ ပြော ... ရှင်က ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီလို အဆုံးသတ်ပေးတော့မှပဲ တစ်ဖက်က ကိုယ်တော်က လိုရင်းကိုရောက်တော်မူတော့သည်။ နို့မို့သာဆို နာမည်ခေါ်တာနဲ့တင် တိုင်ပတ်ကာ မိုးလင်းသွားနိုင်ပေသည်။

"ဟုတ်ကဲ့ ... မယ်မ။ ကျွန်တော် မိုးမြင့်ချန်ရန်ပါ။ ဟိုတစ်နေ့ကလေ မယ်မဆီကို လာအကူအညီတောင်းတဲ့သူပါ။ မှတ်မိလား မသိဘူး"

မိုးမြင့်ချန်ရန်။ မယ်မက ရုတ်တရက်မို့ ဘယ်သူလဲ သေချာမမှတ်မိပေ။ တစ်ချက်လောက် ဦးနှောက်ကို အလုပ်ပေးလိုက်တော့မှ ဟိုနေ့က ခန့်ညားတို့မလာခင် ရောက်လာပြီး သူ့ကောင်မလေးဆီက အဖြေတောင်းရခက်နေလို့ အကူညီလာတောင်းတဲ့လူမှန်း သတိရသွားတော့သည်။

"သြော် ... မှတ်မိပြီ။ မှတ်မိပြီ။ ဆို ... ဘာကိစ္စ။ ကျွန်မဘာအကူအညီ ပေးရမလဲ"

"ဟိုလေ ... ရေအေးကို မယ်မပြောတဲ့နည်းအတိုင်းပဲ ဖုန်းဆက်မယ့်အစား သူရှိနိုင်မယ့်နေရာကိုသွားပြီး ချောကလက်သွားပေးတာတို့၊ စကားသွားပြောတာတို့ လုပ်ခဲ့တယ်ဗျ။





ဒါပေမဲ့ ဘာမှသိပ်မထူးခြားလို့ ... အဲဒါ မနက်ဖြန်မှ ကန်တင်းကိုလာပြီး မေးမလို့ပဲ။ ဒါပေမဲ့ ဒီနေ့ သူ့ကိုဖုန်းဆက်မှာမဲလို့။ အဲဒါကြောင့် မယ်မကို ဘာလုပ်ရမလဲလို့ ဖုန်းဆက်ပြီး လှမ်းမေးတာပါ။ ဟို ... ဒီဖုန်းနံပါတ်ကို မယ်မဆီက ခွင့်မတောင်းမိဘဲ ကျွန်တော့်သူငယ်ချင်းဆီကယူပြီး မယ်မဆီ ဖုန်းဆက်မိတဲ့အတွက် စိတ်မဆိုးပါနဲ့နော်"

အင်း ... ဒီလူ စကားပြောတော့ ယဉ်ကျေးသိမ်မွေ့တာပဲ။ မယ်မသည် ကိုယ့်ဆီ ယောကျ်ားလေးတစ်ယောက် ဖုန်းဆက်ပြီး သူတို့ရည်စားအတွက် ဘာလုပ်ရမလဲ၊ ဘာမွေးနေ့လက်ဆောင်ပေးရင် ကောင်းမလဲ စသဖြင့် လှမ်း‌လှမ်း အမေးခံရသည်မှာ ရိုးနေပြီဖြစ်တဲ့အတွက် ထူးမနေတော့ဘဲ ရိုးနေပြီဖြစ်သည်။

အမ်း ... ထင်ရသလောက်တော့ မိုးမြင့်ချန်ရန်ဆိုတဲ့လူဟာ သူ့ရဲ့အဖြေမရသေးတဲ့ ရည်းစားကို တော်တော့ကို ချစ်ပုံပဲ။ မယ်မသည် ချစ်နိုင်သူတွေအတွက် တစ်ဖက်တစ်လမ်းကနေ ကူညီပေးခွင့်ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ကျေနပ်ဂုဏ်ယူမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့လည်း မိုးမြင့်ချန်ရန်ရဲ့အချစ်ရေးကို အားတက်သရော ကူညီချင်တာဖြစ်သည်။

"ရပါတယ်၊ ဆက်ပါ ဘာမှမဖြစ်ဘူး။ အဲဒါတွေထားပါတော့။ ဒီနေ့ ရှင်က သူ့ကို ဖုန်းဆက်ပြီး ဘာကိုပြောချင်တာလဲ။ ကျွန်မက ဘာကို ကူညီပေးရမှာလဲ ... ပြောလေ"

"ဟို ... သူ့ဆီက အဖြေတောင်းချင်လို့ဗျ။ အဲဒါ ဘယ်လိုတောင်းရမလဲလို့ လှမ်းမေးပြီး အကူအညီ တောင်းရတာ။ မယ်မကိုတော့ အားနာပါတယ်ဗျာ။ ဒါပေမဲ့ ကူညီပါဦးနော်"

"ဩော် ... ရပါတယ်။ ကျွန်မက မြားနတ်မယ်လုပ်ရတာ ဝါသနာပါတယ်၊ ဒါကြောင့်မို့လည်း သူများအကျိုးဆောင် ကိုယ့်အကျိုးပြောင် ခံနေတာပေါ့။ ဟဲ ဟဲ ... အလကား နောက်တာနော် ...

အမ်း ... ဒီလိုလုပ်ပါလား။ ရှင် သူ့ကိုဖုန်းဆက်ချင်ဆက်လေ။ ဒါပေမဲ့ လုံးဝအဖြေမတောင်းနဲ့။ ထွေရာလေးပါး လျှောက်ပြောရင်းက ပြောရင်းနဲ့ သူအခု ဘယ်မှာ





ရှိနေတယ်ဆိုတာကို ဘာရယ်မဟုတ် မေးလိုက်။ ပြီးရင် အဲဒီနေရာကို ရှင်လိုက်သွား။ အမ်း ... ဩော် ... သူ surprise ဖြစ်သွားအောင်ပေါ့။ ပြီးတော့ ပန်းသီးအနီရဲရဲလေးတစ်လုံးကို ဖဲကြိုးပတ်လိုက်ကွာ။ အင်း ... ဟို ... ကတ်အကြည်ဘူးလေးတွေ ရှိတယ်လေ။ အေး ... အဲဒီဘူးထဲကို ပန်းသီးလေးထည့်ပြီး သူ့ကို လက်ဆောင်သွားပေး။ ပေးပြီးတာနဲ့ နည်းနည်းပါးပါးပဲပြောပြီး ပြန်လာ ...

ရှင့်ကောင်မလေးရင်ထဲမှာ တစ်ခုခုတော့ ကျန်သွားလိမ့်မယ်။ အကယ်၍ကွာ သူ့ဘော်ဒါတွေနဲ့ ရှိနေရင်တောင် ရှင့်အပြုအမူလေးကြောင့် သူ့စိတ်ထဲမှာ ကြည်ကြည်နူးနူးလေး ဖြစ်နေလိမ့်မယ်။ အဲဒါ သူ့စိတ်ကို ဆွဲဆောင်နည်းတစ်မျိုးပဲ။ ဘယ်လိုလဲ ... အဲဒီလိုဆို ကောင်းလား ... ဟမ် ? "

မယ်မက သူ့ကို idea ပေးပြီးသွားတော့ သူ့ဆီက မှတ်ချက်ကို တောင်းလေလျှင် သူက သဘောတကျဖြင့်ကို လက်သင့်ခံကာ မယ်မကို ချီးကျူးမဆုံး ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... အရမ်းကောင်းတဲ့ idea ဗျာ။ မယ်မက အရမ်း brain ကောင်းတယ်။ ကျွန်တော် တကယ်လေးစားတယ်ဗျာ"

"ဟဲ ... ဟဲ ... ဒီလိုပါပဲ မြှားနတ်မယ် လုပ်စားတော့လည်း ဒီလောက်တော့ တတ်ထားမှပေါ့။ ကဲ ... မိုးမြင့်ချန်ရန် ကျေနပ်ပြီနော်။ ရှင် မနက်ဖြန်ကျမှပဲ ရှင့်ကောင်မလေး အခြေအနေကို ပြောပြပေါ့။ ကျွန်မကတော့ အဆင်ပြေလောက်မယ် ထင်တာပဲ။ ကျွန်မက ရှင့်ကောင်မလေးကို မမြင်ဖူးဘဲ မှန်းပြီး သူကြိုက်လောက်တဲ့စိတ်ကူးလေးတွေ ပြောပြတာဆိုတော့ ဒက်ခနဲတော့ ကွက်တိမကျနိုင်လောက်ဘူး"

"ဟာ ... ဖြစ်တယ်၊ ဒီလောက်ဆိုရင်ပဲ တော်တော်အဆင်ပြေသွားနိုင်လောက်ပြီ။ OK ... ကျေးဇူးတင်တယ်ဗျာ။ ကျွန်တော် မနက်ဖြန် မယ်မဆီ မှန့်ဝယ်လာပြီး သတင်းကောင်း လာပြောမယ် ...

very very thank you ... ဒါပဲနော်"





အရမ်း အရမ်းကို သွက်လက်တက်ကြွနေသော သူ့အသံကို ကြားရသောအခါ မယ်မကပါ အလိုလိုမြူးကြွလာမိသည်။ အချစ်ရဲ့ကြည်နူးမှုဟာ တစ်ဖက်လူကိုပါ ကူးစက်စေတယ်ဆိုတဲ့ စကားဟာ တကယ်မှန်တာပဲဖြစ်သည်။ မယ်မ သူ့ကို သူ့ကောင်မလေးနှင့် အဆင်ပြေအောင် အရမ်းကူညီပေးချင်နေမိပါသည်။

"GOOD LUCK မိုးမြင့်ချန်ရန်။ ကံကောင်းပြီး ဒီနေ့ အဖြေပါ တစ်ခါတည်း ရခဲ့ပါစေလို့ ကျွန်မ ဆုတောင်းပေးပါတယ်"

"ဟား ... ကောင်းလိုက်တဲ့ ဆုတောင်းဗျာ။ thz u ... thz u"

သူက ဝမ်းသာလုံးတွေဆို့ကာ ဖုန်းချလို့သွားတော့မှ မယ်မသည် ဖုန်းကိုခုတင်ပေါ်ပစ်တင်၍ ဆံပင်ကို ခပ်မြန်မြန် dryer ဆွဲရလေတော့သည်။ အင်း ... နောက်တော့ မကျပါဘူးလေ။ ဒီနေ့က အဘွားအိမ်မှာ ထမင်းစားဖိတ်ထားတာဖြစ်တဲ့အတွက် မယ်မက ဘွားဆီ သွားရမှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မယ်မသည် ဘွားဆီကိုသွားဖို့အတွက် မျက်နှာကို နို့ရည်ပွတ်လိမ်းကာ BB cream လူးပြီးနောက် Two-way လေး ပုတ်လိုက်သည်။ ပြီးတော့ Eye line ဆွဲကာ ပန်းသွေးရောင် gloss ကို နှုတ်ခမ်းမှာ ခပ်ပါးပါး သုတ်လိမ်းလိုက်လျှင် မျက်နှာ အလှပြင်ဆင်မှုက ပြီးစီးသွားပြီဖြစ်သည်။ မယ်မက ရုပ်အချော ကြီးထဲမှာ မပါပေမယ့် သာမန်ကြည့်လို့ကောင်းတဲ့ အဆင့်ထဲမှာ တော့ ပါလေသည်။ ကံကောင်းတာတစ်ခုက အမေမွေးကတည်း က ဝင်းနှစ်စိုပြည်လှသော အသားအရေဟာ lotion လိမ်းစရာ မလိုဘဲနဲ့ကို စိုလဲ့နေအိတဲ့အတွက် အသားအရေလှတာလေးက စားသွားတာကြောင့် မယ်မတို့က ဘာလေးပဲဝတ်ဝတ် ထင်းခနဲ လင်းခနဲ ဖြစ်နေတာဖြစ်သည်။

မယ်မသည် ဘွားဆီသွားမှာမလို့ ရိုးရိုးလေးပဲပြင် သွားလေသည်။ Baby pink ကာလာဖြစ်သော မိန်းမဝတ်အင်္ကျီ လှလှလေးကို ဂျင်းပြာပြာလေးဖြင့် တွဲဖက်ဝတ်လိုက်လျှင် အားလုံး ပြီးပြည့်စုံလို့ သွားချေသည်။ အင်း ... ပြီးတော့ ဘွား လက်ဆောင် ဝယ်ပေးထားတဲ့ မယ်မ မဝယ်နိုင်တဲ့ တန်ဖိုးကြီးရေမွှေးဖြစ်သော





Victoria's secret ကို ဆွတ်ဖျန်းလိုက်လေလျှင်တော့ တုနှိုင်းလို့မမီ မွှေးဇာခြည် ဖြစ်လို့သွားချေသည်။

မယ်မသည် အိတ်ကို စလွယ်သိုင်းလွယ်ကာ အိမ်သော့ရယ် ကားသော့ရယ်ကို ဆွဲယူ၍ထွက်ကာ အိမ်တံခါးကိုသော့ ခတ် သံပန်းတံခါးကို သော့ခတ်ကာ တစ်ချက်စစ်ဆေးပြီးနောက် အိမ်သော့ လွယ်အိတ်ထဲထည့်၍ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ မယ်မမှာက မိဘတွေမရှိတော့ကတည်းက ကြီးတော်အပျိုကြီးနှင့် အတူ ဒီကန်ထရိုက်တိုက် လေးလွှာမှာ နေလာတာဖြစ်သည်။ ကြီးကြီးက ဒီအချိန်ဆို ဆေးရုံမှာ duty ဝင်နေပြီဖြစ်သည်။

နေ့ခင်းတွေဆို အိမ်မှာ မယ်မပဲရှိတာမို့ အိမ်ကို သော့သေချာပိတ်ကာ စစ်နေရတာဖြစ်သည်။ မယ်မသည် အောက် ထပ်မှာရပ်ထားတဲ့ မြန်မာမီနီဆလွန်း အနီရဲရဲလေးကို ရိမုဒ်ဖြင့် လော့ခ်ဖွင့်ကာ ကားပေါ်ထိုင်၍ စက်နှိုးကာ ဂီယာထိုးပြီး ကလပ် လွှတ် လီဗာနင်းကာ ဘွားဆီသို့ မောင်းလာခဲ့တော့သည်။ ဒီကား လေးက မယ်မရဲ့အချစ်ရဆုံးလေးဖြစ်သည်။ မကြာသေးခင်ကာလ ကမှ ကြီးကြီးဝယ်ပေးထားတဲ့ ဒီကားလေးရှိနေ၍ မယ်မက



www.burmeseclassic.com

www.burmeseclassic.com



ဟိုဆိုလည်း လှစ်ခနဲ၊ ဒီဆိုလည်း လှစ်ခနဲ လစ်နိုင်နေတာဖြစ်သည်။

မယ်မသည် ကိုကိုရဲ့ "အမှတ်တမဲ့မှ အမှတ်တရ" သီချင်းကိုဖွင့်ကာ လိုက်ညည်းဆိုရင်း ဘွားနေထိုင်ရာ ကန့်ရိပ်သာ လမ်းထဲသို့ ဝင်လာလေလျှင် ဘွားဆီ ဖုန်းလှမ်းထိုးရသေးသည်။

"ဟယ်လို ... မြေးမလေး ရောက်ပြီလား"

"လမ်းထဲဝင်လာပြီ ရောက်တော့မယ် ဘွားရဲ့။ သုံးမိနစ်ပဲ စောင့်"

"အိုခေ ... ဒါဆို ဘွား အိမ်ရှေ့ကနေ ထွက်စောင့်နေမယ်"

ဘွားက ဖုန်းချလို့သွားလျှင် မယ်မက အသာပြုံးရလေသည်။ ဘွားနဲ့ မယ်မဟာ အရင်ဘဝက မြေးအဘွားတော်ခဲ့သလား ထင်ရအောင် သိပ်ချစ်ကြတာဖြစ်သည်။ တစ်ဘဝလုံးမှာ ပြေးကြည့်မှ ကြီးကြီးပဲရှိသော မယ်မဘဝမှာ နောက်ထပ်တွယ်တာစရာဆိုလို့ ဘွားသာရှိပေသည်။ ဘွားကို ဆယ်တန်းအောင်စာရင်း





ထွက်တဲ့နေ့ (သို့) ဘဲနဲ့ပြတ်တဲ့နေ့မှာ စတင်သိခဲ့ရာမှစ၍ လောကကြီးသည် မယ်မအတွက် နွေးထွေးလုံခြုံသော မေတ္တာတရားကို ဘွားက ပေးသနားခဲ့လေသည်။ ဘွားနဲ့ မယ်မဟာ တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်ကြီးကြကာ တိုးတိုးဖော်တွေပဲ ဖြစ်ကြလေသည်။

မယ်မသည် ဘွားရဲ့အကြောင်းတွေကို စဉ်းစားရင်း ဘွားရဲ့ခြံထဲ ဝင်လာလျှင်တော့ ပေါ်တီကိုအောက်မှာ အပြုံးတွေဖြင့် မိန့်မိန့်ကြီး ရပ်စောင့်နေသော ဘွားကို တွေ့ရလေသည်။ စိတ်ပျို၍ ကိုယ်နုကာ ကျန်းမာသန့်စွမ်းသော ဘွားဟာ ကော်လာပါ မရမ်းစေ့ရောင်မိန်းမဝတ် ဘလောက်စ်ပွပွကို ခါးကြိုးပါတိတ်ဖြင့် ခန့်ညားစွာ ဝတ်ဆင်ထားကာ မယ်မဆီ အပြေးတပိုင်း လာကြို၍ ...

"နောက်ကျလိုက်တာ မြေးမလေးရယ်။ ဘွားက မလာတော့ဘူးတောင် ထင်နေတာ"

မယ်မက ဘွားခေါ်လာရာ အိမ်ထဲသို့ လိုက်ဝင်လာရင်းက နောက်ကျရတဲ့အကြောင်းရင်းကို ရှင်းပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာမှာပေါ့ ဘွားရဲ့။ မယ်မ နည်းနည်းနောက်ကျသွားတာ အောင်သွယ်တော် ဖူးစာရေးအတွက် ကောင်လေးတစ်ယောက်ကို ဖုန်းနဲ့လှမ်းအကြံပေးနေလို့ပါ ဘွားရဲ့"

"အင်း ... ကောင်းတယ်၊ ကောင်းတယ်။ မြေးမလေးရဲ့ အောင်သွယ်တော်လုပ်ငန်းလည်း တွင်ကျယ်လာပြီပဲ"

"ဟဲ ဟဲ ... ဒီလိုပဲပေါ့ ဘွားရယ်။ အချစ်ရေးကံကောင်းအောင် အချစ်ကို ကူညီနေတဲ့သဘောပါ"

ဘွားက ချစ်စရာကောင်းစွာသော အပြုံးဖြင့် မိန့်မိန့်ကြီးပြုံးကာ မယ်မကို ထမင်းစားခန်းထဲ ခေါ်သွားလေလျှင် ဘွားပြင်ဆင်ထားသော ဟင်းပွဲကြီးကို မက်လောက်စရာ တွေ့လိုက်ရသည်။

"ကဲ ... မြေးမလေး ထမင်းစားကြရအောင်။ ဘွားမြေးမလေးကြိုက်တဲ့ဟင်းတွေ အစုံချက်ခိုင်းထားတယ်။ ကြိုက်ရဲ့လား"

"အို ... ဘာလို့မကြိုက်ရမှာလဲ ဘွားရဲ့။ ဟင်းပွဲတွေက အများကြီးပဲ အဟီး ... ဗိုက်တောင် ဆာလာပြီ ... ဗွိတဲ့"





မယ်မသည် များစွာသောဟင်းတွေကို တစ်ချက်ကြည့်လိုက်လျှင် ဗိုက်တောင် တဂွီဂွီမြည်လာလေသည်။ အို ... ဘာတွေပါလိမ့်။ မွှေးလိုက်တာ။ ကြည့်စမ်း ... ပုစွန်တုပ်ကြီးတွေကို ရှောက်ရည်ဆမ်းထားသော ပန်းကန်ကြီးက သွားရေယိုချင်စရာ။ ပြီးတော့ ဝက်သားတုံးကြီးလက်သီးဆုပ်သဏ္ဌာန် အသားတုံးတွေကို ပဲငံပြာရည်ဖြင့် အချိုချက်ထားကာ ကင်းမွန်အစပ်သုပ်တစ်ပွဲကလည်း ပါသေးသည်။ အမ်း ... ပြီးတော့ ကိုက်လန်ခရုဆီစိမ်းစိုစိုကလည်း စားချင်စရာ။ ငါးဖယ်လုံးလေးတွေကိုဆုပ်ကာ ဆီပြန်ချက်ထားသေးသည်။ ဟော ... နောက်ပြီးတော့ ကျောက်ပွင့်သုပ်။ ဟင်းချိုကတော့ စားချင်စဖွယ် ပဲကုလားသီးဟင်းပဲဖြစ်သည်။

မယ်မသည် များစွာလှသော ဟင်းပွဲတွေကို ငေးကြည့်ရင်းက ဗိုက်တွေက ပိုတောင်ဆာသလို ရှိလာပေသည်။

"မြေးမလေး ... ရော့ ... ထည့်စားနော်၊ အားရပါးရသာစား"



www.burmeseclassic.com

www.burmeseclassic.com



ဘွားက ဝက်သားဟင်းတစ်တုံး ခပ်ထည့်ပေးလျှင် မယ်မကလည်း ဘွားကို ငါးဆုပ်ဆီပြန်တစ်တုံး ဦးချခပ်ထည့်ပေးပြီး ကိုယ်တိုင်လည်း အားပါးတရကို စားမိလေသည်။

"ဘွား ... တစ်ယောက်တည်းပဲလား။ တခြားအိမ်သားတွေကော ထမင်းစားပြီးသွားပြီလား"

ဘွားက ထမင်းစားနေရင်းကမှ တဖြည်းဖြည်းချင်း ဝါးနေရာက ပြောလေသည်။

"ဒီအိမ်မှာက ဘွားရယ်၊ ဘွားသားရယ် ပြီးတော့ မြေးလေးရယ်ပဲ ရှိတာ။ သူတို့တွေက မနက်ကတည်းက သူတို့ကိစ္စတွေနဲ့သူတို့ အပြင်တွေ သွားနေကြတာလေ။ အဲဒါကြောင့် နေ့လယ်ခင်းတွေဆို ဘွားက အိမ်မှာကောင်မလေးတွေနဲ့ပဲ ကျန်ခဲ့တာလေ။ အဲဒါကြောင့် ဘွားက မြေးမလေးအိမ်ကိုလာခဲ့ဖို့ ခဏ ခဏ ခေါ်နေတာ။ အခုမှပဲ လာတော့တယ်"

"အဟဲ ... မယ်မလည်း လာချင်ပါတယ် ဘွားရယ်။ ဒါပေမဲ့ ကျောင်းကလည်း နေ့တိုင်းတက်ရ ကျူရှင်က





လည်း သွားရသေးတယ်။ အဟဲ ... ဒီကြားထဲ မယ်မက မြားနတ်မယ် လုပ်ရသေးတော့ နည်းနည်းလေး busy ဖြစ်နေလို့ပါ။ လာမယ် ... လာမယ် မယ်မ နောက်ကျောင်းအားရက်တွေဆို လာခဲ့မယ်နော်"

ဘွားက မယ်မကို ချစ်စရာကောင်းလိုက်တဲ့ ကလေးဟုဆိုပြီး မယ်မပါးလေးကို ခပ်ဖွဖွဆွဲကာ ...

"မြေးမလေးကလေ အရမ်းချစ်ဖို့ကောင်းတာပဲ။ ကဲ ... စား စား မြေးမလေး"

"ဟုတ် ... စိတ်ချ ဘွား။ အပီကိုဆွဲပစ်မှာ ဟဲ ... ဟဲ"

မယ်မသည် စကားစပြတ်ပြီဆိုမှ ကိုယ်တိုင်အားပါးတရပင် စားလေတော့သည်။ အရသာကတော့ သူဌေးအိမ်ရဲ့စားဖိုမှူးကြီးလက်ရာ ဖြစ်တာမို့ ပြိုင်စံမဲ့ပင်ဖြစ်သည်။ ဟင်းတိုင်းက အရသာရှိကာ စားရတာဟာ ရှယ်ပဲဖြစ်၏။ ဘွားကတော့ အားရပါးရ စားနေလေသော မယ်မကို ပြုံးပြီးကြည့်ကာ ကျေနပ်နေဟန်တူသည်။ မယ်မက လိုက်ပွဲတွေ ဘာတွေတောင် ထပ်ဆွဲပြီးတော့မှ ဗိုက်လုံးဝတင်းကားသွားလေလျှင် ကောင်မလေးတွေ ပန်းကန်



www.burmeseclassic.com

www.burmeseclassic.com



တွေကို သိမ်းဆည်းပြီးသွားသောအခါ အချိုပွဲအဖြစ် ရွှေပုစွန်က ဖာလူဒါနှင့် အာလူးဆနွင်းမကင်း ကျွေးလေသည်။

"ဘွားရယ် ... အားနာစရာကြီး။ မယ်မအတွက် တကူးတက ကြီး စီစဉ်ထားတာ အရမ်းအားနာတယ်"

"ဘာမှအားနာစရာ မလိုဘူး။ မြေးမလေးကို ဘွားကသိပ် ချစ်တာ။ မြေးမလေးသာ ဘွားရဲ့မြေးလေးအရင်းသာဖြစ် ရင် သိပ်ကောင်းမှာပဲ။ ဘယ်လိုလဲ ... မြေးမ ချစ်သူ မရှိ သေးဘူးဆိုရင် ဘွား မြေးလေးကို စဉ်းစားပေးပါလား"

"အဟား ... ဘွားကလည်း အောင်သွယ်နေပြန်ပါပြီ"

"အောင်သွယ်ရမယ် ... အောင်သွယ်ရမယ် မြေးမလေးကို ဘွားက သိပ်ချစ်တာလေ။ ဪ ... ဒါနဲ့ မြေးမလေးကို ဘွားမြေးရဲ့ဓာတ်ပုံ ပြရဦးမယ်။ ဒီမှာ ... ဒီမှာ"

ဘွားက သူ့ရဲ့ဟန်းဖုန်းထဲက memory ထဲမှာ save လုပ်ထားတဲ့ ဓာတ်ပုံတစ်ခုကို ပြလေသည်။ မယ်မက ဘာရယ်မဟုတ် ကြည့်လိုက်လျှင်တော့ ဪ ... ခနဲတောင် ဖြစ်သွားတော့သည်။





အဟင်း ... တကယ်ကို တိုက်တိုက်ဆိုင်ဆိုင်ပဲ။ ဘွားရဲ့မြေးလေးဆိုတဲ့ ကောင်လေးဟာ မယ်မကို အောင်သွယ် တော်ဖူးစာရေးနတ် လုပ်ခိုင်းတဲ့ မိုးမြင့်ချန်ရန်ပဲ ဖြစ်လေသည်။ ဘွားဘွားဒေါ်မိုးမြတ်ကသာ သူ့မြေးလေးနှင့် မယ်မကို သဘော တူနေတာ။ သူကတော့ မယ်မ ကူညီပေးနေတဲ့ကောင်လေး ဖြစ် လို့နေတာကို ဘွားသာသိရင် ဘယ်လိုနေမယ် မသိပါ။

"ဘယ်လိုလဲ ... မြေးမလေး။ ဘွားမြေးလေးက ချောရဲ့ လား"

မယ်မက အပြုံးတစ်ခုဖြင့် ခေါင်းညိတ်ပြလိုက်တော့ သည်။

"အင်း ... ဘွားနဲ့တူတာပဲ။ ချောတာပေါ့"

"ဘွားကလေ မြေးမလေးကို မြေးလေးချန်ရန်နဲ့ သဘော တူတယ်ကွယ်"

"ဪ ... သူ့နာမည်က ချန်ရန်တဲ့လား"

"မိုးမြင့်ချန်ရန်တဲ့။ မြေးမလေး ဘယ်လိုသဘောရလဲ"



www.burmeseclassic.com

www.burmeseclassic.com



မယ်မက ဘာမှပြန်မပြောဘဲ ပြုံးလို့ပဲ နေ,နေလိုက်ပါသည်။ ဘွားရေ ... ဒီနေ့ ဘွားဆီလာဖို့ မယ်မ နောက်ကျသွားတာ ဘွားရဲ့မြေးလေး မိုးမြင့်ချန်ရန် ရည်းစားရဖို့ idea တွေပေးနေလို့ဆိုတာ ဘွားကို မပြောပြတော့ပါဘူး ဘွားရယ်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**





၆

ချန်ရန်သည် ဒီတလော့မှာမှ အချစ်ရေးက ထူးထူးခြားခြား ကံလေးတက်လာပြီ ဖြစ်တဲ့အတွက် မြားနတ်မယ်လေး မယ်မညိုကို ကျေးဇူးတင်မိပါသည်။ မယ်မညိုဆိုသော မိန်းကလေးဟာ ရို့မန့်စ် idea ဆန်းဆန်းလေးတော့ရှိသည်။ မယ်မညိုပေးတဲ့ idea တွေကြောင့် အခုရက်တွေမှာ သူ အဆင်ပြေတယ်ပဲ ပြောရပေမည်။ ဒါကြောင့်မို့ ဒီနေ့မှာ သူဟာ မယ်မညိုကို ကျေးဇူးတင်တဲ့အနေဖြင့် J'donuts က မုန့်တွေဝယ်လာကာ သူမအတန်းဆီ လိုက်လာခဲ့တာဖြစ်သည်။

"ဟော့ ... ချန်ရန်၊ ဘယ်သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ချန်ရန်သည် အဲဒီခေါ်သံကြောင့် ကြားဖူးပါတယ်ဆိုပြီး လှည့်ကြည့်လိုက်လျှင် နေကြာစေ့ တဖြောက်ဖြောက်ကိုက်နေကာ အတန်းပြင်ဘက်ကခုံမှာ ခြေချိတ်ထိုင်နေသော မယ်မညို့ကို တွေ့ရတော့ သူ အံ့သြသွားရလေသည်။ ချန်ရန်သည် သူမအနားသို့ လျှောက်သွားလိုက်ကာ အံ့အားသင့်လေသံဖြင့် မေးမိသွားသည်။

"မယ်မ ... အတန်းမတက်ဘူးလား။ ဒီမှာ တစ်ယောက်တည်း ဘာထိုင်လုပ်နေတာလဲ"

"အတန်းတစ်ချိန် လစ်လာတာ။ ဟိုးမှာတွေ့လား ... ဟိုမှာထိုင်နေတဲ့ ကောင်မလေးနဲ့ ကျွန်မသူငယ်ချင်းတစ်ယောက်ကို အောင်သွယ်ပေးဖို့ ဒီမှာထိုင်ပြီး စောင့်နေတာ။ ရှင်ကော ဘာကိစ္စတုံး"

ချန်ရန်သည် သူများကို အောင်သွယ်ပေးတဲ့နေရာမှာ အင်မတန်မှကြိုးစားပမ်းစားဖြင့် ဝါသနာကြီးရှာသော မယ်မညိုကို တကယ်ပဲ လက်ဖျားခါမိလေသည်။ မြားနတ်မယ်လုပ်ဖို့အတွက်များ စာသင်ချိန်တစ်ချိန်တောင် အပျက်ခံရတယ်လို့။





"မင်းကတော့ စံပဲကွာ။ အောင်သွယ်ဖို့အတွက် ဒီမှာလာထိုင်စောင့်နေရတယ်လို့။ ကျွန်တော်က မယ်မဆီပဲ တမင်လာခဲ့တာ။ ဒီမှာလေ ... မယ်မ စားဖို့ မုန့်ဝယ်လာတာ"

"ဟား ... စားရချည်သေးရဲ့။ အမ်း ... မုန့်ကျွေးတဲ့ပုံထောက်ရင်တော့ ဘာလဲ ... ရှင့်ကောင်မလေးဆီက အဖြေရခဲ့တယ် ဆိုပါတော့"

"ဟင့်အင်း ... အဖြေတော့ မရသေးပါဘူး။ ဒါပေမဲ့ အရင်ကထက်စာရင် အခြေအနေ အများကြီး ကောင်းလာတယ်"

"ဟယ် ... ကောင်းတာပေါ့။ ဝမ်းသာစရာပဲ။ ဒီအတိုင်းဆို မကြာခင် အိုခေတော့မှာပါ"

ချန်ရန်သည် သွက်လက်တက်ကြွနေသော မယ်မညိုရဲ့ပုံစံကိုကြည့်ကာ သဘောကျသွားရပါသည်။ မိန်းကလေးတစ်ယောက်ဟာ စိတ်ထားလေး ဖြူစင်တယ်၊ စကားပြောလည်း ကောင်းတယ်ဆိုရင် မျက်နှာမှာ အကြည်ဓာတ်တစ်ခုက ပေါ်လာကာ ချစ်စရာကောင်းတတ်ကြသည်။ အခု မယ်မညိုဟာလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့အမြင်တွင်တော့ ချောတယ် လှတယ် ဆိုတာထက် ချစ်စရာကောင်းတဲ့ဘက်မှာရှိသည်။ ပြောပုံဆိုပုံလေးတွေဟာ နှစ်လိုဖွယ်ရှိပြီး တစ်ဖက်သားကို ကူညီချင်တဲ့စိတ်ဓာတ်ကတော့ excellent ပဲဖြစ်၏။

"အဲဒီလို OK ဖို့ မယ်မပဲ ကူညီမှရမှာဗျ။ ပြောပါဦး ... ကျွန်တော် နောက်ထပ် ဘာဆက်လုပ်ရမလဲ"

"အမ်း ... ရှင့်ကောင်မလေးက ရှင့်အမြင်မှာတော့ လုံးဝရှင့်ဘက်ကို ပါလာနိုင်ပြီလို့ ထင်သလား"

"အင်း ... ထင်ရတာပဲ"

မယ်မက နှုတ်ခမ်းကို အသာကိုက်ကာ ခေါင်းတဆတ်ဆတ်ဖြင့် တစ်ခုခုကို အလေးအနက် စဉ်းစားနေဟန်တူသည်။ ချန်ရန်သည် မယ်မညိုရဲ့အပြုအမူတွေကို ဘာမှမပြောဘဲ ငေးကြည့်နေမိသည်။

ခဏအကြာမှာတော့ မယ်မညိုက လက်ဖျောက်တစ်ချက်တီးကာ လင်းလက်သွားသော မျက်ဝန်းတွေနဲ့အတူ သူ့ကိုအားရဝမ်းသာစွာကြည့်၍ ...





"OK ... ကျွန်မ အကြံရပြီ။ မိန်းကလေးဆိုတာမျိုးက ချစ်လာပြီဆိုရင် J လေးကတော့ အနည်းငယ်ရှိလာတတ်တယ်တဲ့။ အဲဒီစကားပေါ် မူတည်ပြီး ရှင် test လုပ်ရမယ်"

"ဘယ်လို"

သူက နားမလည်လို့ မေးလေလျှင် မယ်မက ပိန်းလိုက်တာဆိုသော သဘောပါသည့် အကြည့်နဲ့ကြည့်ကာ ...

"ဒီလိုကွာ ... အမ်း ... ချန်ရန် ... ရှင့်မှာ အရင်းနှီးဆုံး မိန်းကလေးသူငယ်ချင်း ဘာညာမရှိဘူးလား"

"ဟင့်အင်း ... မရှိဘူး"

သူ့အဖြေကြောင့် မယ်မက သူ့နဖူးသူ ပိတ်ရိုက်ကာ မျက်နှာတစ်ခုလုံး ရှုံ့မဲ့ပြလျက် ...

"တိန် ... သေပါပြီဟယ်။ မိန်းကလေးသူငယ်ချင်းရှိမှ ဇာတ်လမ်းက ဆက်လို့ရမှာ ဒုက္ခပါပဲ။ ဟင်း ... ဒီလိုလုပ် ကျွန်မပဲ ကူညီရတော့မှာပေါ့၊ မနက်ဖြန် ရှင့်ကောင်မလေးဆီ သွားတွေ့မယ့်အချိန်ကိုပြော"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မနက်ဖြန်တော့ နေ့ခင်းဘက်လောက် သွားမယ်ဗျ။ ဘာလို့လဲဆိုတော့ မနက်ဖြန် ကျွန်တော့် class က သိပ်အရေးမကြီးလို့ မတက်ဘူး"

"ဟား ... ဟုတ်ပြီ။ အဲဒါဆို မနက်ဖြန် သူနဲ့တွေ့ပြီဆိုရင် ကျွန်မဆီကို missed call လှမ်းပေးလိုက်။ ရှင့်ကောင်မလေး မသိစေနဲ့နော်။ ရှင် missed call ပေးပြီးလို့ ဆယ်မိနစ်လောက်ရောက်ရင် ကျွန်မက ရှင့်ဖုန်းကိုခေါ်မယ်။ အဲဒီတော့ ရှင် ဖုန်းကိုင်လိုက်၊ ဟား ... ပြီးရင် လုံးဝကို warmly ဖြစ်တဲ့လေသံနဲ့ ဖောရောရိုက်ပြောကွာ။ ကျွန်မနာမည်ကို ပါအောင်ထည့်ပြောနော်။ အဓိက,က ရှင့်ကောင်မလေး စိတ်ထဲမှာ စနိုးစနောင့် ဖြစ်သွားဖို့ပဲ ...

သူ့ဘက်က သဝန်တိုတဲ့အရိပ်တွေ ပြလာပြီဆိုရင်တော့ ရှင် လုံးဝ ဝမ်းသာတော့။ သူ ရှင့်ကိုချစ်နေလို့ပဲ။ သူ့သဝန်တိုတဲ့ အလိုမကျပုံလေးကို အပိုင်ကိုင်ပြီး ရအောင် အပြေတောင်းရမယ်။ ဒီနေရာမှာ ပြောတတ်ဆိုတတ်ဖို့က အရမ်းအရေးကြီးတယ်ဆိုတာ သဘောပေါက်"





"ဟား ... ဟုတ်ပြီဗျ။ အိုခေ ... အဲဒါဆို စိန်လိုက်ဗျာ။ ကျွန်တော် မနက်ဖြန် မယ်မဆီကို missed call ပေးလိုက်မယ်။ စိတ်ချ ... မနက်ဖြန်ဆိုတာနဲ့ ကျွန်တော် လုံးဝအဆင်ပြေသွားစေရမယ် ...

အဲဒါဆို ကျွန်တော် သွားတော့မယ်။ မုန့်တွေစားလိုက်ဦးနော်။ See you tomorrow."

မယ်မက သူ့ကို ခေါင်းတစ်ချက် ဆတ်ပြကာ "See you" ဟု ခပ်တိုးတိုး ပြန်ဖြေလေသည်။ ချန်ရန်သည် သူမကို နှုတ်ဆက်ကာ ထွက်လာခဲ့ပေမယ့် ရင်ထဲမှာတော့ အရမ်းကို မြူးကြွနေတာပဲဖြစ်သည်။ မယ်မညီ ပြောသလိုပေါ့ မနက်ဖြန်မှာ အဆင်ပြေသွားဖို့ သူ မျှော်လင့်ထားသည်။ အဲဒီလိုသာ အဆင်ပြေသွားရင် ပျော်လွန်းလို့ တူတူပုန်းတမ်းတောင် ဆော့ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



“အစ်မ ... အစ်မ ... အစ်မကို ဟိုအစ်ကိုကြီးက ဒါလေး ပေးခိုင်းလိုက်လို့”

မယ်မသည် ကောင်လေးရဲ့အသံကြောင့် ဘာလဲဟ ဆိုပြီး ကြည့်လိုက်လျှင် ကျောင်းစောင့်ကြီးရဲ့သားလေး ဖိုးဝဖြစ်လေသည်။ ဖိုးဝရဲ့လက်ထဲက ပါဆယ်လေးထောင့်ဘူးလေးကိုပါ မယ်မက နားမလည်သလို ကြည့်လိုက်ကာ ...

“ဟဲ့ ... ဖိုးဝလေ ... အဲဒါ ဘာတုံး။ ဘယ်သူပေးခိုင်းတာလဲ”

“ဟိုနားက အစ်ကိုကြီးတစ်ယောက်က အစ်မကို ပေးပေးပါ ဆိုလို့ သားက လာပေးတာ။ အစ်ကိုကြီးက ဘယ်သူလဲ ဆိုတာ သား မသိဘူး။ ရော့ ... အစ်မ ... သားသွားပြီနော်”





ဖိုးဝက မယ်မ လက်ထဲကို ပါဆယ်ဘူးလေး ဇွတ်ထိုးပေးသွားကာ ခုန်ပေါက်ထွက်ပြေးသွားပါသည်။ ဟဲ့ ... ဟဲ့ ဆိုပြီးလှမ်းခေါ်သော်လည်း ချာတိတ်က အဖက်ကိုမလုပ်တော့ချေ။ မယ်မသည် ဘာကြီးမှန်းမသိဘဲ ကိုယ့်လက်ထဲရောက်လာသော ပါဆယ်ဘူးလေးကို ဖွင့်ကြည့်လိုက်လျှင်တော့ အံ့ဩစရာကောင်းစွာသော ပန်းသီးလေးကို ဖဲကြိုးပတ်၍ ပါဆယ်ဘူးထဲ ထည့်ထားလေသည်။ ဒါ ... ဒါ ... ဘယ်သူပို့ပေးတာလဲ။ မယ်မသည် ဘာမှန်းနားမလည်စွာဖြင့် ပန်းသီးပါဆယ်ဘူးလေးကိုကြည့်ကာ ပခုံးတစ်ချက်တွန့်ရင်း အိတ်ထဲထည့်ထားလိုက်တော့သည်။ အင်း ... ရယ်တော့ ရယ်စရာကောင်းသား။ သူများစုံတွဲတွေအတွက် Surprise ဖြစ်အောင် လုပ်ပေးတတ်၊ idea ပေးတတ်တဲ့ မယ်မကိုများ ဘယ်သူက ဆပ်ပရိုက်စ်လာလုပ်တာပါလိမ့်။ ပြီးတော့ ဒီအကွက်တွေဟာ မယ်မ လုပ်ခဲ့တဲ့ လုပ်ကွက်တွေပါ။ မယ်မက ကိုယ့်ဘာသာ သဘောကျစွာ အသာပြုံးနေတုန်း မယ်မ အနားကို ပေါက်ချလာသူကတော့ ခန့်ညားပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မယ်မ ... တစ်ယောက်တည်းလား။ ဒီမှာ ဘာလုပ်နေတာလဲဟင်"

ဟယ်တော့ ... သူ။ အပြုံးချိုချိုနဲ့ မယ်မအနားကို ရောက်လာတဲ့သူဟာ ပန်းသီးပိုင်ရှင်ပဲ ဖြစ်ပါလိမ့်မည်။ ဟိုတစ်ရက်တုန်းကလည်း မယ်မကို lollipop တစ်လုံး မယ်မ မသိအောင် တိတ်တဆိတ် ထားသွားသေးတယ်မလား။ ဒီတစ်ခါလည်း သူပဲပေးတာဖြစ်မှာပါ။

မယ်မသည် သူ့ကို ခေါင်းတစ်ချက်ဆတ်ပြလိုက်ကာ ...

"ဟုတ်ပါ့ ... တစ်ယောက်တည်းပေါ့။ ဒါနဲ့ ... နေပါဦး။ ခန့်ညားရဲ့အဆောင်က ဟိုဘက်မှာမလား။ ဒီဘက်ကို လမ်းမကြုံလောက်ပါဘူး။ ဘာကိစ္စရှိလို့လဲဟင် ဒီဘက်ကို လာတာ"

မယ်မ အမေးကြောင့် သူ့မျက်နှာမှာ အရိပ်တစ်မျိုး ဖြတ်ပြေးသွားကာ သူက ရှက်ရယ်တစ်ချက် ရယ်သွမ်းသွေးကာ ...

"အဟင်း ... မယ်မဆီပဲ တမင်လာခဲ့တာပါ"





"ဩော် ... ဟုတ်လား။ ဘာကိစ္စရှိလို့လဲ။ ဘာကူညီပေးရမလဲဟင်"

မယ်မက သူ့ကို open type ဆက်ဆံပြလိုက်သောအခါ သူဟာ ဘာပြောရမှန်းမသိတော့စွာဖြင့် အင်းတွေ အဲတွေဖြင့် အီလည်လည်ကြီး ဖြစ်နေပုံရပါသည်။ ပြီးတော့မှ အဟဲဟဲ ဟင်းဟင်းတွေ လုပ်ကာ ...

"ဟိုဟာပါ ... ကိစ္စကတော့ ့အထွေအထူး မရှိပါဘူး။ မယ်မကို တွေ့ချင်လို့ လာခဲ့တာပါ။ မယ်မ ကန်တင်းမှာ တစ်ခုခု လိုက်စားပါလား။ ဒီအချိန်ဆို ပန်းသီးဖျော်ရည်တွေ ဘာတွေ ရလောက်ပြီဗျ"

အင်း ... အဲဒါဆိုရင်တော့ ခုနက ပန်းသီးလာပေးတဲ့ ပန်းသီးပိုင်ရှင်ဟာ ခန့်ညားဆိုတာ သေချာသွားပေပြီဖြစ်သည်။ ဟွန့် ... တတ်လည်း တတ်နိုင်တဲ့လူပဲ။ ဒါပေမဲ့ မယ်မသည် ခန့်ညားရဲ့ဆပ်ပရိုက်စ် အပြုအမူလေးတွေကိုတော့ သဘောကျနေတာကို ဝန်ခံအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မယ်မက အဲဒီလို သဘောကျတာကို စိတ်ထဲမှာ ကျိတ်သဘောထားတာ သူ့ကို ခပ်တည်တည်ပဲ အတည်ပေါက်နဲ့ နောက်လိုက်ပါသည်။

“တော်ပါပြီ ... မသွားတော့ပါဘူးရှင်။ ပန်းသီးဖျော်ရည်လည်း သောက်စရာမလိုပါဘူး။ ကျွန်မက ပန်းသီးဆို လုံးဝမကြိုက်ဘူးရှင့်”

ချက်ချင်းပဲ သူ့မျက်နှာဟာ သိသိသာသာ ညှိုးကျသွားတာကို တွေ့ရပါသည်။ စိတ်ထဲမှာ ကျီစယ်လိုက်ရသဖြင့် ပျော်သလိုလေးလည်း ဖြစ်သွားပါသည်။

“ဩော် ... မယ်မက ပန်းသီးမကြိုက်ဘူးလား။ ဆောရီးပဲနော်”

“အဟင်း ဟင်း ... ဟုတ်တယ်၊ ပန်းသီး မကြိုက်ဘူး”

“ဟုတ်လား ... အင်း ... အဲဒါဆို သွားလိုက်ပါဦးမယ်နော်”

စိတ်ဓာတ်ကျသွားဟန်ဖြင့် မယ်မကို နှုတ်ဆက်ကာ သူက ထွက်သွားလေသောအခါ မယ်မဟာ ရင်ထဲတစ်မျိုးတော့





ဖြစ်သွားပါသည်။ သူပေးတဲ့ ပန်းသီးလက်ဆောင်ကို မယ်မက မကြိုက်ဘူး ဆိုလိုက်လို့ စိတ်ဓာတ်ကျသွားရောတဲ့လား ခန့်ညား ရယ်။

တကယ်တမ်း ခန့်ညားဟာ နှစ်,နှစ်တာကာလ အတွင်းမှာ မယ်မကို ပထမဆုံး စိတ်လှုပ်ရှားစေတဲ့ အပြုအမူတွေ နဲ့ ဖမ်းစားနိုင်ခဲ့သူပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၇

"ငါချစ်တဲ့ မင်းတစ်ယောက်တည်း xxx ရင်ထဲမှာ မင်းပါဘဲ xxx အမြဲတမ်း xxx ဖမ်းစားနိုင်သော အပြုံးတွေ xxx အမုန်းများအဖြစ်သို့ မပြောင်းလိုက်ပါနဲ့"

သီချင်းက လာနေရင်းကမှ တုံ့ခနဲ ရပ်တန့်သွားလေလျှင် missed call ဖြစ်သွားပြီဆိုတာ သဘောပေါက်လိုက်သည်။ ဖုန်းနံပါတ်ကို ကြည့်လိုက်ရင်တော့ မကြာသေးခင်ကမှ save လုပ်ထားတဲ့ ချန်ရန်ရဲ့နံပါတ်ပဲ ဖြစ်သည်။ အဲဒီတော့မှ သူ့ကို ဖုန်းပြန်ခေါ်ပေးရမယ်ဆိုတာ သဘောပေါက် မှတ်မိသွားသည်။ မယ်မသည် ဖုန်းခေါ်လိုက်လျှင် ချက်ချင်းဆိုသလို ဖုန်းကိုင်လေသည်။





"ဟယ်လို ... မယ်မ"

"ရှင်ကလည်း ဖုန်းကို ဘာလို့ ချက်ခြင်းကြီး ကောက်ကိုင်လိုက်ရတာလဲ။ တကယ်ပါပဲ ... ဘယ်လိုလဲ ... ကျွန်မမေးတာကို အင်းပဲဖြေနော်။ ရှင့်ကောင်မလေးနဲ့ အခြေအနေ ကောင်းလား"

"အဟင်း ... အင်း"

ဘာတုံးဟ။ အဲဒီ မိုးမြင့်ချန်ရန်ဆိုတဲ့လူဟာ တကယ့်အူတူတူနဲ့ စကူပဲ။ ဒါပေမဲ့ ချစ်တတ်တဲ့ စိတ်ကလေးကတော့ ချီးကျူးစရာပဲ ဖြစ်သည်။

အဲဒါနဲ့ပဲ မယ်မသည် သူ့ အဆင်ပြေသွားအောင် ကြည့်ကျက် ရှိုးပေးနေရတာဖြစ်သည်။

"အခု ဘယ်မှာလဲ ရှင်က"

"ဒီလိုပဲပေါ့။ တစ်နေရာ ရောက်နေတာ"

အလဲ့ ... မဆိုးဘူးပဲ။ သူကလည်း ကောင်မလေး ၂ ဝင်နိုင်မယ့် အဖြေမျိုး ဖြေတတ်သားပဲ။ မယ်မသည် ဘာပြောရမုန်းမသိပေမယ့် ဒီလိုပဲ ရောက်တတ်ရာရာ ဖောရှောပြောနေရ



www.burmeseclassic.com

www.burmeseclassic.com



တာပဲဖြစ်သည်။ စားပြီးသွားပြီလား၊ ဘာဟင်းနဲ့စားလဲ စသဖြင့် ပါးစပ်ထဲရှိရာ တွေ့ရာလေးပါ လျှောက်ပြောနေရင်း ဆယ်မိနစ်လောက် ကြာလာပြီဆိုလျှင် မယ်မက ဖုန်းချသင့်သည့်အတွက် သူ့ကို ဖုန်းချဖို့ပြောရသည်။

"OK ... ချန်ရန်၊ ဒီအချိန်လောက်ဆို ရှင့်ကောင်မလေး စိတ်ထဲမှာ လုံးဝကြီးကို ခိုလိုးခုလု ဖြစ်နေပြီ။ ကျွန်မ ဖုန်းချလိုက်တော့မယ်။ နောက်ပိုင်း အခြေအနေကိုတော့ ရှင့်အပြောအဆိုပေါ် မူတည်ပြီး ပြောင်းသွားတော့မှာနော်။ လုံးဝ စကားများလို့မရဘူး။ ဒီနည်းက မိန်းကလေးရဲ့အချစ်ကို ဖွင့်ထုတ်ဖို့အတွက် အသုံးချလို့ကောင်းတဲ့နည်းပဲ။ ကြိုးတန်းပေါ် တင်ပေးလိုက်ပြီ။ ပိုင်ပိုင်နိုင်နိုင် လျှောက်နိုင်ဖို့ကတော့ ရှင့်ကြိုးစားမှုပဲနော် ချန်ရန်။ Good luck"

"ခဏ ... ခဏလေး ... နေပါဦးလား မယ်မ"

မယ်မသည် ဖုန်းကို နားမှအခွာ ကြားရတဲ့အသံ သဲ့သဲ့ကြောင့် နားမှာပြန်ကပ်ကာ ...

"ဘာလဲ ချန်ရန်။ ဘာပြောစရာ ကျန်သေးလို့လဲ"





"ဟိုဟာ ... ဟို ... မယ်မကို ကျေးဇူးတင်လို့ပါ။ ကျေးဇူးတင်လို့ ဒီနေ့ ဒင်နာကို ကျွန်တော် ကျွေးချင်တယ်"

"ရပါတယ် ... ချန်ရန်ရယ်။ ကျွေးချင်တယ်ဆိုလည်း နောက်မှပဲကျွေး။ ပြီးတော့ ကျွန်မက ညစာမစားဖြစ်ဘူး။ diet လုပ်နေတာလေ။ ဒီတော့ မနက်ဖြန် ကျောင်းကန်တင်းမှာပဲ ရှင့်ရဲ့အောင်ပွဲအတွက် ဂုဏ်ပြုပေးပါ့မယ် ... ဒါပဲနော် ... တာ့တာ"

မယ်မက သူ့အတွက် Good luck လုပ်ကာ ဖုန်းပိတ်လိုက်လေတော့သည်။ မယ်မ ဖုန်းပြောနေတာကို ဘေးကနေ အကဲခတ်နေသော ချိုနွယ်တို့က မှုန်ကုပ်ကုပ်ဖြင့် စိုက်ကြည့်ကာ ...

"ဟဲ့ ... နင်လည်း တစ်နေ့ တစ်နေ့ သူများအကျိုးဆောင်နေတာနဲ့ပဲ ပြီးသွားတော့မှာလား"

မယ်မက ထောပတ်သီးဖျော်ရည်တစ်ခွက် လှမ်းမှာလိုက်ပြီးမှ ချိုနွယ့်ကို မေးတစ်ချက်ဆတ်ပြကာ ...

"ဘာလဲ ... ဒါ ငါ့ဝါသနာပဲဟာ။ အခုမှ ထူးဆန်းလုပ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ထူးဆန်းတာ ခဏထား။ နင့်ကို ပြောစရာရှိလို့ ထိုင်စောင့်နေတာ။ တကတဲ ဖုန်းပြောတာ ဘဲနဲ့ပြောနေသလား အောက်မေ့ရတယ်။ ကြာပေါ့"

ချိုနွယ်က မယ်မကို အပြစ်တင်စကားတောင် ဆိုလိုက်သေးလျှင် မယ်မသည် ဟက်ခနဲ တစ်ချက်ရယ်ကာ ချိုနွယ့်ပခုံးပေါ် လက်တင်ကာ မျက်စပစ်ပြ၍ ...

"ကဲ ... ချိုလေး ပြော၊ ကိုယ် ဘာကူညီရမလဲ"

"နင်ဟာလေ ... အမြဲ အဲဒီလို နောက်ချွတ်ချွတ်နဲ့။ နောက်တာက ကြည့်နောက်ဟဲ့။ အခု နင် အနောက်လွန်တာနဲ့ ဟိုတစ်ယောက်က စိတ်ခုတ်ကျပြီး အရှုံးတွေနဲ့ ရင်ဆိုင်နေရပြီ"

မယ်မက ချိုနွယ် ဘာဆိုလိုချင်တယ် ဆိုတာကို ရုတ်တရက် သဘောမပေါက်သေးဘဲ မျက်နှာတစ်ချက်မဲ့လိုက်ကာ မေးဆတ်ပြရင်း ...

"ဘာလဲ ... ဘယ်သူ ဘာဖြစ်လို့လဲ။ ငါလုပ်တာ ဟုတ်ဘူးနော်"





"ဟဲ့ ... မယ်မရဲ့ ဘယ်သူရှိရမလဲ။ ဟိုကောင် ခန့်ညားပေါ့။ နင် ဒီလောက် ပန်းသီးကြိုက်တတ်မှန်းသိလို့ ငါတို့က ပန်းသီးပေးဖို့ သူ့ကို အကြံပေးလိုက်တာ။ သူက ပန်းသီးပေးဖို့အတွက် နင့်ကို intro တွေလွှတ်နေတုန်း နင်က ပန်းသီးလုံးဝမကြိုက်ဘူးဆိုပြီး အပြတ်ပြောတယ်ဆို။ အဲဒီတော့ ဟိုကတွန့်သွားပြီး မပေးရဲတော့ဘူး။ နင့်ကိုလည်း မလိုက်ဝံ့တော့ဘူး ဖြစ်နေတယ်"

မယ်မက ချိုနွယ့်စကားအဆုံးမှာ အားလုံးကို သဘောပေါက်သွားကာ တဟားဟားဖြင့် အော်ရယ်လေလျှင် ချိုနွယ်က ကြောင်သွားကာ ဘာလဲ မေးလေသည်။ မယ်မသည် ချိုနွယ့်ပခုံးကို လက်ဖြင့်ပုတ်ရင်း ...

"သမီးလေးရယ် ... ငယ်ပါသေးတယ်။ နင့် ခန့်ညားကလေ ပြောတော့သာ ကြောက်တတ်တယ် ရှက်တတ်တယ်နဲ့ တကယ့်တကယ်ကျတော့ လုံးဝကို ရီမန်တစ်တွေချည်းလုပ်နေတာ။ သူက ငါ့ကိုမတွေ့ခင် ဖိုးဝလေးကတစ်ဆင့် ပန်းသီးလာပေးခိုင်းပြီးသား။ ဟိုရက်က lollipop ဆပ်ပ



www.burmeseclassic.com

www.burmeseclassic.com



ရိုက်စ် လုပ်သလိုပေါ့ဟယ်။ ဟဲ့ ... ပုဂ္ဂိုလ်က မိုက်တယ် ဆရာ ...

ပန်းသီးတောင် ဖဲကြိုးပတ်ပြီး ဘူးထဲပါကင်ပိတ်ထားတာ။ ငါ့ကို ပြီးတော့မှ သူ မဟုတ်တဲ့ ဒီဇိုင်းနဲ့လာပြီး ပန်းသီးကြိုက်လားတောင် မေးတာမဟုတ်ဘူး။ ကန်တင်းမှာ တစ်ခုခုစားပါလား။ ဒီအချိန်ဆို ပန်းသီးဖျော်ရည်တွေ ဘာတွေ ရတယ်ဆိုပြီး လာလုပ်တာ ...

ဟွန်း ... ဘယ်ရမလဲ။ ဒီကလည်း မယ်မညိုပဲလေ။ အဲဒီတော့ ပန်းသီးလုံးဝမကြိုက်ဘူးဆိုပြီး လုပ်ပေးလိုက်တာပေါ့ ...

အမယ်လေး ... ခန့်ညားက တမင်တကာ ဖိုးသရွှားစတိုင်လ် ဖမ်းနေတာ။ တကယ်တမ်းကျတော့ သူ့အားသူကိုးပြီး ငါ့ကို လိုက်တတ်ပါတယ်။ သူ အဲဒီကိစ္စ နင့်တို့ကိုတောင် မပြောဘူးမှလား"

ချိုနွယ်က ဒီတော့မှ သဘောပေါက်သွားဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...





"အေးဟ ... ဒီကောင် အဲဒါကျတော့ မပြောဘူး။ ပြီးတော့ ဟို လော်လီပေါ့ (lollipop)ကိစ္စကိုလည်း ငါတို့ကိုမပြောဘူးလေ"

"ဟွန့် ... တွေ့တယ်မှလား။ ငါပြောသားပဲ။ ခန့်ညားက ဇ,ရှိပါတယ်"

"ဒါပေမဲ့ သူ နင့်ကိုတော့ တကယ်ကြွေနေတာဟဲ့။ အဲဒါတော့ ငါသိတယ်။ ဖေယျကိုလည်း သူက တွေ့တာနဲ့ နင့်အကြောင်းတွေ နင် ဘာကြိုက်တတ်လဲ အမြဲမေးတယ်တဲ့။ သူက နင့်ကို ချစ်ရှာပါတယ်ဟာ။ ဒါနဲ့ မယ်မ နင်ကော ဘယ်လိုလဲ"

မယ်မသည် အဲဒီအမေးကြောင့် မျက်လုံးထဲတွင် အရပ်မြင့်မြင့် အသားဖြူဖြူ ခပ်ချောချောနှင့် သဘောမနောကောင်းတဲ့ အပြုံးချိုချိုပိုင်ရှင် ခန့်ညားကို မြင်မိသွားသည်။ သူ မယ်မကို ချစ်နေတယ် ဆိုတာကိုတော့ မယ်မ ခံစားလို့ရပါသည်။ မယ်မကိုတွေ့ရင် ပျာယာခတ် သူ့အမူအရာတွေ၊ ပြီးတော့ မယ်မ



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေနဲ့ စကားလက်ဆုံကျနေတဲ့ အခါမျိုးမှာ မယ်မကို ရွှန်းရွှန်းစားစား ကြည့်နေတဲ့ အကြည့်လေးတွေက အကောင်းဆုံး သက်သေတွေပဲဖြစ်သည်။ ခန့်ညားဟာ ရိုးသားတယ်၊ စာဆိုလည်း တော်တဲ့ထဲမှာပါတယ်၊ ပြီးတော့ သူနဲ့ပတ်သက်၍ ရှုပ်ရှုပ်ယှက် ယှက် သတင်းတွေ ဘာတွေလဲ မကြားခဲ့ရ။

သူဟာ မယ်မအတွက် သင့်တော်တဲ့ချစ်သူတော့ ဖြစ်ကောင်းဖြစ်နိုင်လိမ့်မည်။ ဒါပေမဲ့ ဘာကိုမှ တရားသေတွက် ဆလို့မရတဲ့ လောကထဲမှာ မမြဲတဲ့သဘောတရားထဲ၌ အချစ်လည်း ပါဝင်လေသည်။ တစ်ခါက "မယ်မ မျက်နှာလေးကို ကြည့်နေရုံ နဲ့တင် အရာရာ ပြည့်စုံနေပြီ။ လောကကြီး ဘာတွေဖြစ်နေပါစေ။ မယ်မရှိရင် ကိုယ့်အတွက် အလင်းရောင်ရှိတယ်"လို့ ပြောခဲ့ဖူးတဲ့ မယ်မကို သိပ်ချစ်ရှာသော အချစ်ဦးဟာ မယ်မကို အလိုလိုနေ ရင်းကို ချစ်စိတ်တွေ ကုန်သွားရပါတယ်ဆိုတဲ့ အကြောင်းပြချက် နဲ့ ရက်ရက်စက်စက် ပစ်သွားခဲ့ကာ မယ်မနှင့် ဝေးရာကို ထွက် သွားခဲ့ဖူးပါသည်။





အချစ်ရေးမှာ ကံဆိုးထားခဲ့ဖူးသော မယ်မအဖို့ နောက်တစ်ခါ ကံဆိုးမှာ သိပ်ကြောက်မိသလို ကံကောင်းလာလေ မလားဟုလည်း မရဲတရဲ မျှော်လင့်မိပေသည်။

"ငါ့အတွက် ခန့်ညားက လေ့လာနေဆဲ လူတစ်ယောက် ပါ။ ဒီအချိန်မှာ သူနဲ့ပတ်သက်ပြီး ဘာကိုမှ ယတိပြတ်ပြော လို့ မရသေးဘူး ...

အချစ်ဆိုတာမျိုးက တရားသေတွက်လို့မရတဲ့ အရာ မျိုးပါဟာ။ ဒီနေ့ချစ်ပြီး မနက်ဖြန် မုန်းချင်လည်း မုန်း သွားနိုင်တာပဲ ...

လောလောဆယ်မှာတော့ ခန့်ညားက မဆိုးဘူးလို့ ပြောလို့ရလောက်တဲ့ အနေအထားပေါ့"

"အင်း ... ဟုတ်ပါတယ်လေ။ ဒါပေမဲ့ ခန့်ညားကတော့ ငါလေ့လာမိသလောက် ပြောတာနော်။ သူက အနေအေး တယ်။ တည်ကြည်တယ်ဟာ။ နင့်ကို တကယ်ချစ်တဲ့ကောင် လေးနဲ့ပဲ အဆင်ပြေစေချင်တာ ငါ့ရဲ့ဆန္ဒပဲ။ ယောကျ်ား တိုင်းကတော့ သောင်းခကျော်လို စိတ်ဓာတ်တွေချည်းပဲ



www.burmeseclassic.com

www.burmeseclassic.com



တော့ မဟုတ်ပါဘူး။ နင်လည်း သေချာစဉ်းစား။ ငါတို့တွေကလည်း ဒီကောင့်ကို သေချာလေ့လာမှာ”

မယ်မ အကြောင်းကို ကကြီးကနေ အ,အထိ အစအဆုံးသိသော ချစ်သူငယ်ချင်းလေး ချို့နွယ်မြင့်ခိုင်ရဲ့ စေတနာကို မယ်မက နားလည်သဘောပေါက်စွာဖြင့် ခေါင်းအသာဆတ်ပြရင်းက ...

“အေးဖါဟယ် ... အခုတော့ ပျော်ပျော်ပဲ သူများတွေကို အဆင်ပြေအောင် အောင်သွယ်ပေးလိုက်ဦးမယ်။ ခန့်ညားကိစ္စကလည်း ဆောက်ဖြစ်မှ ကျောင်းဒကာပါဟာ။ အခုမှ သူက itnro ပိုင်းပဲ ရှိသေးတယ်။ နင့်လူက ရည်းစားစကားပြောဖို့တောင် သင်နေတုန်း။ ဘာမှစိတ်ရှုပ်ခံမနေနဲ့ ... အခုလောလောဆယ် ငါလည်း အာရုံထဲမှာ ဟို မိုးမြင့်ချန်ရန်နဲ့ ရေအေးချမ်းဆိုတဲ့ ကောင်မလေးကို အမြန်ဆုံး OK သွားဖို့ပဲ ကူညီနိုင်အောင် တွေးနေတယ် ဟဲ ဟဲ”

မယ်မစကားကြောင့် ချို့နွယ်က မျက်စောင်းကြီးထိုးကာ ...





“ဟွန်း... အကျိုးကတော့ ဆောင်သလားလို့မမေးနဲ့။ မထူးပါဘူး နင်ဘွဲ့ရပြီးလို့ အလုပ်လုပ်ရင်လည်း မင်္ဂလာအကျိုးတော်ဆောင်ကုမ္ပဏီကြီးသာ ဖွင့်လိုက်တော့။ ရည်းစားစကားစပြောချိန်မှစ၍ ကလေးကင်ပွန်းတပ်အထိ စလယ်ဆုံး ကူညီသည်ဆိုပြီးတော့လေ”

“အေး ... မဆိုးဘူးဟ။ မြန်မာပြည်မှာ ဒီလိုမျိုး ဘယ်သူမှ မလုပ်သေးဘူး။ ငါ အဲဒီလို လုပ်လိုက်ရင် ကောင်းမယ်။ မယ်မညို မေတ္တာပေါင်းကူး Co. ltd ဆို မိုက်မယ် ... နော်”

“အရူး”

ချို့နွယ်က ထောပနာပြုလျှင် မယ်မသည် သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက်ကို ရယ်မောမိသွားသည်။ စိတ်ထဲမှာ အကြည်ဓာတ်တစ်ခု ရှိနေတယ်ဆိုရင် ဘာလေးပဲလုပ်လုပ် ပျော်ရွှင်ကြည်နူးမှုလေးတွေ ပါနေသဖြင့် လုပ်သမျှ အောင်မြင်တတ်ပေသည်။ အခုတလောမှာ မယ်မ ရင်ထဲ၌ အကြည်ဓာတ်လေး တစ်ခုကလည်း ပိုပြီးကြည်လင်နေတဲ့အတွက် မယ်မ အောင်သွယ်



www.burmeseclassic.com

www.burmeseclassic.com



ပေးနေတဲ့ မိုးမြင့်ချန်ရန်နဲ့ ရေအေးချမ်းလည်း မကြာခင်အချိန် အတွင်း၌ နှစ်ယောက်တွဲ၍ အင်းလျားရဲ့ညနေခင်းတွေကို သတ်တံ ရေးပေးနိုင်တော့မည်ဖြစ်သည်။





ချန်ရန်သည် သူ့ရဲ့ iphone 4s လေးကို တစိမ့်စိမ့် ကြည့်ရင်း ပီတိဖြာနေသော မျက်နှာဖြင့် ပြုံးနေမိပါသည်။ iphone 4s ကို ပိုင်ဆိုင်ထားလို့ ကြွားလို့ရပြီဆိုပြီး ပီတိဖြစ်၍ ပြုံးနေတာလည်း မဟုတ်ပါ။ အဲဒါဆို ဘာလို့ပြုံးရတာလဲလို့ မေး ရင်တော့ ဖြေစရာအဖြေက အဆင်သင့်ပဲဖြစ်သည်။ ဒါပေမဲ့ အဲဒီ အဖြေကို နောက်မှပဲ ဖော်ပြတော့မည်။ အခုတော့ သူသည် ဗိုက် ထဲဆာသလိုရှိ၍ အခန်းထဲမှ ထွက်လာကာ ဒိုင်းနင်းရှမ်းထဲဝင် လာလျှင်တော့ လိုင်ချီးသီးတစ်ဖန်ခွက်၊ နှုတ်ခမ်းမွှေးအာလူးကြော် တစ်ဘူး၊ ပြီးတော့ chocopie လေး,ငါးထုပ်ကို စားပွဲပေါ်မှာ ပြန့်ကျဲကျဲတွေ့ရလေသည်။ ပြီးတော့ မုန့်စားရင်းနဲ့ laptop တစ် လုံးဖြင့် ပြုံးစိစိဖြစ်နေသော ချစ်ဘွားကို သူက လှမ်းနှုတ်ဆက် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဘွားဘွား မှန့်တွေလည်း များလှချည်လား။ ဘာလုပ်နေတာလဲ"

"ဩော် ... မြေးလေး လာလေ။ ဒီမှာ ဘွားက facebook မှာ သူငယ်ချင်းတစ်ယောက်နဲ့ ဆုံနေတာ။ သူနဲ့မတွေ့တာ ကြာလှပြီ။ သူက U.Sမှာ နေတာလေ။ အခုမှပြန်ချိတ်မိတာ။ အဲဒါ chat နေတာ"

ချန်ရန်သည် ရေခဲသေတ္တာထဲက ရေပုလင်းကိုထုတ်ကာ ဖွင့်၍မော့သောက်လိုက်ပြီး ဘွားဘွားကို အသာကြည့်နေလိုက်သည်။

စိတ်ပျိုတော့ ကိုယ်နုတယ်ဆိုတာ သိပ်မှန်ပေသည်။ သူ့ဘွားဘွားဟာ လုံးဝ အလန်းဘွားဘွားဖြစ်သည်။ ဘွားတော်က ခုနစ်ဆယ်နားကပ်ပြီမို့ old model စာရင်းထဲ သွင်းလို့မရ။ လုံးဝ latest ဘွားဘွားဖြစ်သည်။

အဘွားဟာ သူတို့ခေတ် သူတို့အခါကတော့ အင်မတန်ချောသော Queen ဖြစ်ခဲ့သည်။ တက္ကသိုလ်ဘွဲ့ရ၊ နိုင်ငံတကာ လှည့်ကာဘွဲ့ယူ၊ shoppingထွက်ဖြင့် ခေတ်မီခဲ့သော အဘွားဟာ





အသက်ခြောက်ဆယ်ပြည့်ကတည်းက သူ့ရဲ့အလုပ်တာဝန်တွေမှ အငြိမ်းစားယူကာ ဖလန်း ဖလန်းထ၍ လန်ထွက်နေတာဖြစ်သည်။ အိမ်မှာ internet ချိတ်ထားကာ ကိုယ်ပိုင် laptop ဖြင့် တစ်နေကုန် ကမ္ဘာပတ်နေတဲ့ အဘွားဖြစ်သည်။ တစ်ခါတစ်ခါ သူကတောင် အဘွားဆီကနေ နည်းပညာရဲ့ current တွေကို မေးရသူဖြစ်သည်။

ချန်ရန်သည် မမိုးကြီးကို ကြာဆံပြုတ်ခိုင်း၍ ကော်ဖီပါ ဖျော်ခိုင်းထားပြီးနောက် ဘွားဘွားဘေးကခုံမှာဝင်ထိုင်ကာ မဂ္ဂဇင်းထိုင်ဖတ်နေမိသည်။

"မြေးလေး ... ဒီနေ့ အပြင်မထွက်ဘူးလား။ ထူးထူးခြားခြား အိမ်ကပ်နေပါလား"

"ဟဲ ... ဟဲ ... ဘွားကလည်းဗျာ။ သားက လိမ္မာပါတယ်။ ဒီနေ့ အပြင်မထွက်ဘူး ဆိုတာက ထွက်ချင်စိတ် မရှိလို့"

ချန်ရန်သည် မမိုးကြီး လာပို့ပေးသော ကြာဆံပြုတ်ရဲ့ အနံ့မွှေးမွှေးကြောင့် အာခေါင်တွေ စွတ်စိုလာကာ ဗိုက်တောင် ပိုဆာလာလေသည်။ ကော်ဖီကတော့ ဘရာဇီးကော်ဖီစေ့ကနေရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမှုန့်ကို သေချာ Coffee maker ထဲထည့်၍နှပ်ကာ ဖျော်ထားတာပဲဖြစ်သည်။ ချန်ရန်သည် တူကိုဖောက်လိုက်ပြီးတော့မှ ...

"ဘွားဘွား ... ကြာဆံပြုတ် စားပါလား"

"တော်ပြီ ... မစားချင်ပါဘူးဟယ်။ ဘွား ဗိုက်ပြည့်နေပြီ"

"ဒါဆိုလည်း ပြီးရော။ သားတော့ ဆွဲပြီ"

ချန်ရန်က ကြာဆံဖတ်တွေကို တူဖြင့်ညှပ်ယူကာ လေမှုတ်အအေးခံပြီး ပါးစပ်ထဲသို့ ထိုးသွင်းကာ အရသာခံဝါးနေလိုက်သည်။

"မြေးလေးကို မေးရဦးမယ်။ မှန်မှန်ဖြေနော်။ Girl friend တွေ ရှိနေပြီလား"

Facebook က ဘော်ဒါနဲ့ chat ပြီးသွားပြီဖြစ်သည့်အတွက် ဘွားဟာ သူ့ကိုလာစားနေပြီဖြစ်သည်။ , ဘွားဘွားရဲ့ မေးခွန်းကြောင့် ချန်ရန်က ဘွားကို မျက်စိတစ်ဖက် မှိတ်ပြကာ ...

"How do you think ? ။ ရှိနေတယ်လို့ ဘွားကထင်နေလို့လား"

"ထင်တာပေါ့။ မြေးလေး ရည်းစားထားနေပြီမှလား"





ဘွားက စွတ်ချီးမွမ်းနေတဲ့အတွက် သူဟာ screen မှာပေါ်နေတဲ့ပုံကို ကြည့်လိုက်လျှင် လက်ထဲကတူတောင် အောက်ပြုတ်ကျရလေသည်။ ဝိုး ... မယ်မညို။ ချန်ရန်သည် သူ့ကိုပြုံးစိုက်ကာ ညို့ရီရီကြည့်နေတဲ့ ဓာတ်ပုံထဲက မယ်မညိုကို မြင်ရတော့ အထူးပဲ အံ့အားသင့်ရလေသည်။

"She is my choice ။ မယ်မညိုလို့ ခေါ်တယ်။ မြေးလေးတို့ကျောင်းကပဲ။ ချစ်စရာ ဘယ်လောက်ကောင်းလဲ။ ဘွားရဲ့ favourite လေးပေါ့"

"ဒါဆို ဘွားပြော,ပြောနေတဲ့ မြေးမလေးဆိုတာ သူလား"

"ဟုတ်တာပေါ့ မြေးလေးရဲ့"

ချန်ရန်သည် ကျေနပ်နှစ်သက်စွာသော အပြုံးတစ်ခုပြုံးကာ မယ်မညိုရဲ့ဓာတ်ပုံကို တစ်ချက်ငေးကြည့်မိသည်။ အောက်မှာရေးထားတဲ့ comment တွေကို သူဟာ တစ်ချက်ကြည့်လိုက်ရင်း သူလည်း comment ပေးချင်စိတ် ပေါက်သွားသည်။ အဲဒါကြောင့် ဘွားရဲ့ account ကပဲ comment ပေးလိုက်ပါသည်။

"Hape ... MAE MA [MIKE TAL] 100"



www.burmeseclassic.com

www.burmeseclassic.com



သူဟာ type ရိုက်ပြီးသွား၍ Enter ခေါက်လိုက်သောအခါ comment က တက်သွားပြီဖြစ်သည်။ ဘွားဘွားက သူ့ကို မမိုတ်မသုန်ကြည့်လိုက်လျှင် သူဟာ ဘွားဘွားနားလည်ဖို့ အတွက် ရှင်းလင်းရေး လုပ်ရတော့မည်ဆိုတာ သဘောပေါက်လိုက်သည်။

"ဘွားကို ပြောပြမယ်။ တကယ်ချစ်တာရှိတယ်။ အိစီကလီ ချစ်တာရှိတယ်။ ချစ်တော့ ချစ်တယ်။ ဒါပေမဲ့ ချစ်ပုံချင်း feeling ချင်း မတူဘူး။ လှမ်းကြည့်တာနဲ့ မြင်နေရတဲ့ ပန်းတိုင်မှာ ဆုရတာထက် အကွေ့အကောက်တွေနဲ့ ဝိုးတဝါး ဖြစ်နေတဲ့ ပန်းတိုင်ဆီကို အရောက်သွားနိုင်လို့ ဆုရတာ ပိုပြီး ဂုဏ်ယူဖို့ကောင်းသလို တန်ဖိုးလည်း ပိုရှိတယ် ...

သား ကောင်မလေးတစ်ယောက်နဲ့ ရည်းစားဖြစ်ဖို့ ချိန်နေတယ်။ အဲဒီကောင်မလေးနဲ့ ရည်းစားဖြစ်သွားအောင် အခိကပံ့ပိုးပေးနေတဲ့ Supporter က မယ်မညိုပဲ ဘွားဘွား။ သူ့ကိုသားက မြားနတ်မယ်အဖြစ် အကူညီ တောင်းထားတယ် ,...





ဟင်း ဟင်း ... ဘွားဘွား နားတော့ရှုပ်သွားလိမ့်မယ်။ ဒါပေမဲ့ ဘာမှစိတ်မပူနဲ့ ဘွား။ သားက တန်ဖိုးရှိတဲ့ ဂုဏ်ယူဖို့ကောင်းတဲ့ဆုကို ပိုင်ဆိုင်ချင်လို့ အဲဒီပန်းတိုင်ဆီ သွားတာပါ။ အကွေ့အကောက်လေးတွေနဲ့ ဝိုက်ပြီးသွား တတ်ဖို့ လိုလိမ့်မယ်။ သားသွားချင်တဲ့ ပန်းတိုင်ဆီမှာပဲ မယ်မညို့နှလုံးသား ရှိနေတယ် ဘွား။ ဘွားဘွားပြပေးတဲ့ ပန်းတိုင်ကိုပဲသွားလိုက်မယ်ဆို မယ်မညို့နှလုံးသားကို သား ပိုင်ဆိုင်ရမှာ မဟုတ်ဘူး"

"ဘာတွေလဲဟယ် ... စကားကို ရှင်းအောင်မပြောဘူး"

ဘွားဘွားက နားမလည်လို့ ရေရွတ်ရင် ချန်ရန်သည် အခိပ္ပာယ်တစ်ခု ပျော်ဝင်နေသည့် အပြုံးတစ်ခုကို ပြုံးလိုက်ပြီး မယ်မညို့ရဲ့ဓာတ်ပုံလေးကိုကြည့်ကာ ...

"နောက်တော့ ဘွား နားလည်သွားပါလိမ့်မယ် ...

ဘဝမှာ သူများကိုပဲ အောင်သွယ်ပေးနေရတဲ့ မြား နတ်မယ်က သူ့ကိုသူ ပြန်အောင်သွယ်တဲ့ အဖြစ်လေးက အရမ်း romance ဖြစ်တယ် ဘွား။ သားကို တခြားကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ အောင်သွယ်ပေးတာဟာ သူနဲ့နီးစပ်ဖို့ သူ့ကိုယ်သူ ပြန်အောင်သွယ်နေတယ်ဆိုတာ သူတောင် မသိရှာပါဘူး ဘွားရယ် ...

ကျွန်တော်လည်း မယ်မကို တကယ်ချစ်လို့မြားနတ်မယ် မယ်မညိုလေးကို အောင်သွယ်ခိုင်းတာပေါ့ဗျာ"

အဲဒီအတွက် ဘွားဘွား နားလည်ချင်မှ နားလည်လိမ့်မည်။ ဒါပေမဲ့ ဘွားဘွား ကျေနပ်နေတယ် ဆိုတာကိုတော့ သူ သိပါသည်။

မယ်မရေ ... မင်းက ဘွားဘွားကို သိပ်ချစ်ရတဲ့ မြေမလေး ဖြစ်နေလိမ့်မယ်လို့ ကိုယ်မထင်ထားခဲ့သလို မင်းကိုလည်း ကိုယ်က သိပ်ချစ်နေတယ်ဆိုတာ မင်း ဘယ်ထင်ထားမလဲ နော်။





ပန်းသီးတစ်လုံး ချောကလက်တစ်တောင့်
နှင်းဆီနီတစ်ပွင့် လက်စွပ်တစ်ကွင်း
ပြီးတော့ ...
စကားတစ်ခွန်း
ဒါတွေ ရိုးနေပြီဖြစ်တဲ့ ပိုးနည်းတွေပါ။
ဒီတစ်ခါက အသစ် ...
ပန်းသီးတွေ ချောကလက်တွေ နှင်းဆီနီတွေ
လက်စွပ်တွေ စကားလုံးတွေ အားလုံးပေါ့ ...
ကောင်မလေးဆီက ရမယ်။
အဲဒါတွေ အားလုံး သူ့အတွက်ဆိုတာ သူ မသိဘူး။

Shuu ... Toe Toe !



www.burmeseclassic.com

www.burmeseclassic.com



## ၈

"ဟယ် ... တကယ်ပြောတာလား။ အဲဒါဆို ဘယ်လိုလုပ်မလဲ"

သူ့ကို မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ထိတ်ထိတ်ပျာပျာမေးလေလျှင် သူဟာ မထုံတက်တေး မျက်နှာပေးလေးဖြင့် ခေါင်းအသာယမ်းကာ ...

"မသိဘူး။ သူကတော့ တကယ်စိတ်ကောက်သွားတာပဲဗျ"

"ဟင်း ... ဒုက္ခပဲ။ ရှင်ကတော့လေ စကားအပြောအဆိုကို မညက်ဘူး။ အမှန်တကယ်ဆို ရှင့်ကောင်မလေးက ဘယ်သူလဲ ဘာလဲ မေးပြီဆိုကတည်းက ရှင်က ဒါ သူငယ်ချင်းပါဆိုတာကို အသည်းအသန် ရှင်းပြရမယ်။ သူ့ဘဲကိစ္စတိုင်





ပင်တာပါဆိုတဲ့ reason ပေးရမယ်။ သူ သဘောပေါက်ပြီဆိုမှ ရှင်က ခုနက ဘာလို့သဝန်တိုတာလဲ ဘာညာနဲ့ ညုကလီယားသုံးပြီး အီလိုက်တာနဲ့ ပွဲကသိမ်းပြီ။ တစ်ခါတည်း အဖြေရလာမှာ။ အခုတော့ သေစမ်း။ ရည်းစားတောင် မဖြစ်ရသေးဘူး စိတ်ဆိုးသွားပြီဆိုတော့ သေပြီပေါ့ ...

ဘာသွားလုပ်ရမလဲ။ ဟွန့် ... စိတ်ညစ်ပါတယ်။ ငါကိုက ပေါက်ကရလေးဆယ် အကြံဆိုးကြီး ပေးမိတာ"

မယ်မဟာ သူ့နားထင် သူဖိနှိပ်ကာ မျက်နှာကြီးရှုံ့မဲ့၍ ပြောမိတာ ငါ့အမှားဆိုတဲ့ နောင်တရကာ မှိုင်တွေကာ ငုတ်တုတ်မေ့နေလျှင် သူလည်း စိတ်မကောင်းပါ။ မဟုတ်တာကို အဟုတ်ဆိုပြီး ပြောပြကာ မယ်မကို စိတ်ဖိစီးမှုတွေ ပေးမိတဲ့အတွက် သူဟာ မယ်မကို ပိုချစ်မိသွားသလား မပြောတတ်ပါ။

တကယ်တော့ မယ်မကို စတွေ့ခဲ့တုန်းက ရည်ရွယ်ချက်က တကယ်ပဲ ရေအေးဆီက အဖြေရရန် idea လာတောင်းဖို့ ဖြစ်သည်။ ဒါပေမဲ့ မယ်မရဲ့တက်တက်ကြွကြွဟန်လေးတွေက သူ့ရင်ကို ခဲနဲ့ပေါက်နေသလို ဒုတ်ခနဲ ဒုတ်ခနဲ ခဏခဏဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ သူဟာ အချစ်ဆိုတာ ဘာမှန်းကွဲပြားလာပါသည်။ သူ့ကို နဂိုကတည်းကမှ လိုရင်သုံး၊ မလိုရင်ခေါက်ထားဖြစ်နေတဲ့ ရေအေးဟာ မယ်မကို ပထမဆုံးစတွေ့တဲ့နေ့ကပဲ Happy က ပြန်အလာမှာ သူ့ဖုန်းကို လှမ်းဆက်ကာ "တို့ချစ်တဲ့သူတွေ့သွားပြီ။ တို့ကို မေ့လိုက်ပါ။ တို့ ရှင့်ကိုမချစ်နိုင်တဲ့အတွက် ဝမ်းနည်းပါတယ် ချန်ရန်"ဆိုတဲ့ စကားနဲ့တင် ပွဲကပြတ်သွားပြီဖြစ်သည်။

သူက မယ်မကို ပတ်သက်ချင်တာကြောင့် ရေအေးနာမည်သုံးကာ ဘာလုပ်ရမလဲဆိုတဲ့ အကြံဉာဏ်တွေ တောင်းခံနေတာဟာ မယ်မကို ချစ်မိသွားတာကြောင့် ဖြစ်သည်။ ရေအေးနဲ့ ဘာအရှုပ်အရှင်းမှ မရှိသော သူဟာ မယ်မနှင့် နီးဖို့အတွက် နည်းနည်းတော့ အမွှေဇယားခင်းကာ ခလောက်ဆန်ရတာတော့ ရှိသည်။ အခုလည်း မနေ့က အိမ်မှာပြောဖြစ်ခဲ့တဲ့ မယ်မဆီက ဖုန်းကို ရေအေးက မကျေနပ်၍ ဖြတ်တယ်ဆိုပြီး ပြောတယ်ဆိုတဲ့ tempo ကို မြှင့်လိုက်လျှင် climax ထိ ရောက်လာသူက မယ်မပဲ ဖြစ်လေသည်။





မယ်မခမျာ သူ့ကိုယ်သူလည်း မကျေနပ်၊ သူ့ကိုလည်း ကြိတ်မနိုင်ခဲမရဖြင့် အံတကြိတ်ကြိတ် လက်သီးတဆုပ်ဆုပ်ဖြစ်ကာ ...

"မဖြစ်သင့်ဘူး။ ဖြစ်လည်းမဖြစ်ရဘူး။ ဒီမှာ ချန်ရန်၊ ရှင် ဘာမှစိတ်မညစ်နဲ့ သိလား။ ကျွန်မ ရအောင်ပြန်ဆက်ပေးမယ်"

မယ်မက သူ့ပခုံးတစ်ဖက်ကို ဆတ်ခနဲ နှစ်သိမ့်သလို ပုတ်ပေးတာဟာ မယ်မအဖို့ကတော့ အမှတ်တမဲ့ဖြစ်ပေမယ့် သူ့အတွက်ကတော့ အမှတ်တရပဲဖြစ်၏။ မယ်မရဲ့အပြုအမူလေးတွေဟာ သူ့ကိုလှုပ်မရအောင် ပတ်ချည်ထားတဲ့ နွယ်တွေပဲဖြစ်သည်။ လုံးဝကို ရုန်းမရအောင် ချစ်မိနေတာဟာ သူ့ရဲ့ရူးသွပ်မှုပဲဖြစ်၏။

"အားကိုးပါတယ် မယ်မရာ။ ကျွန်တော်လည်း စိတ်ညစ်နေတယ်။ ဒါပေမဲ့ အခုလောလောဆယ်မှာတော့ ဘာမှ မလှုပ်ရှားသင့်သေးဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ သူ့ဘက်က စိတ်တိုနေတာဖြစ်လို့ ရှင် သူ့ဒေါသ ပြေတာကိုတော့ ခဏစောင့်ပေးရလိမ့်မယ်။ ဒါပေမဲ့ ဘာမှတော့ စိတ်ဓာတ်ကျစရာ မရှိပါဘူး။ ကျွန်မ တို့ဘက်က ကြိုးစားလို့ ရသေးတယ် ...

ရှင် စိတ်ဓာတ်ကျနေသလား ချန်ရန်"

"ဟင့်အင်း ... မကျပါဘူး။ တစ်ခါကျဆုံးတာနဲ့ တစ်သက်လုံး ရှုံးနိမ့်မသွားပါဘူး။ တစ်ခါကျရှုံးခြင်းဟာ နောက်တစ်ကြိမ် အောင်မြင်ဖို့ အစပဲ။ ဘာမှစိတ်ဓာတ်ကျစရာ မရှိဘူး"

သူက စိတ်ဓာတ်မကျဘူးဆိုတဲ့ အကြောင်းကို ပြောပြလေလျှင် မယ်မက ကျေနပ်သဘောကျသွားဟန်ဖြင့် မိန့်မိန့်ကြီးပြုံးကာ သူ့ကို ဂုဏ်ပြုစွာဖြင့် သူမရဲ့လက်တစ်ဖက်ကမ်းပေးကာ ...

"ကောင်းတယ် ... ကြိုက်တယ်၊ အဲဒီစိတ်ဓာတ်ကို။ ရှိတ်လိုက် ... ချန်ရန်။ အချစ်စစ်ဆိုတာ ဒီလိုမျိုးကိုခေါ်တာ။ ရေအေးအပေါ်ထားတဲ့ ရှင့်ရဲ့အချစ်က စစ်မှန်တဲ့အတွက်





ရှင်တို့ သေချာပေါက် ပေါင်းဖက်ရလိမ့်မယ်။ ကျွန်မ အစွမ်းကုန် ကူညီမယ်"

ချန်ရန်သည် သူမကမ်းပေးတဲ့ လက်တစ်ဖက်ကို ဆုပ်ကိုင်ကာ ရှိတ်ကမ်းလုပ်လိုက်သည်။ သူမလက်ကလေးကို ဆုပ်ကိုင်ထားရချိန်မှာ အထိအတွေ့ဆိုသော ခံစားချက်ထက် ဒါငါချစ်တဲ့ကောင်မလေးရဲ့လက်ဆိုတဲ့ စိတ်ခံစားမှုက ပိုနေတာကြောင့် သူဟာ ရင်ခုန်သံတွေက ဆူဝေလို့နေပါသည်။ စက္ကန့်ပိုင်းလောက် ဆုပ်ကိုင်ခွင့်ရခဲ့တဲ့ ဒီလက်ကလေးတွေဟာ သူ့ဘဝ တစ်ခုလုံးကို စီမံနိုင်တဲ့ အစွမ်းအစရှိလေသည်။

"ဒါနဲ့ ... ချန်ရန်၊ ရှင့်မှာ အိမ်မိသားစုနဲ့ ပတ်သက်ပြီး စိတ်ညစ်စရာတွေ ဘာတွေများ ရှိသလား"

ဒီမေးခွန်း ဘာလို့မေးတယ် ဆိုတာကတော့ သူသိပါသည်။ အဲဒါ သူ့ကို စကားတောက်ကြည့်တာပဲဖြစ်သည်။ ဘွားဘွားက သူနဲ့ မယ်မကို ရည်ရွယ်နေတာကို မယ်မအားပြောပြထားတယ်ဆိုတာ ဘွားဘွားဆီက ပြန်ကြားထားပြီးသားဖြစ်သည်။ ဒါကြောင့်မို့ သူကလည်း ဘွားနဲ့ အမြဲကွန်တက်ရှိနေသော



www.burmeseclassic.com

www.burmeseclassic.com



မယ်မကို သူဟာ မယ်မနဲ့ သဘောတူခံထားရတယ်ဆိုတဲ့အကြောင်းကို မသိတဲ့ပုံစံမျိုး ထားပေးဖို့ ဘွားဘွားကိုလည်း အကူညီတောင်းပြီးသားဖြစ်သည်။

အဲဒီအတွက် ချန်ရန်သည် အေးအေးဆေးဆေးပင် ခေါင်းလေး အသာယမ်းပြကာ ...

"မရှိပါဘူး ... ဘာလို့မေးတာလဲ မယ်မ"

သူ့မေးခွန်းကြောင့် မယ်မက အီလည်လည်အပြုံးတစ်ခုကိုပြုံးကာ ...

"ဩော် ... ဘာမှမဟုတ်ပါဘူး။ ရှင့်ကြည့်ရတာ စိတ်ညစ်နေတဲ့ပုံက နည်းနည်းများနေလို့။ အချစ်ရေးမှာ ဘာများပိုပြီး စိတ်ညစ်နေရလို့လဲလို့ သိချင်သွားလို့ မေးကြည့်တာပါ ...

ဒါပေမဲ့ ရှင်က အချစ်စစ်တဲ့သူပဲ။ အချစ်စစ်ရင် ဘယ်တော့မှ မလွဲနိုင်ဘူး။ ရှင် အဲဒါတစ်ခုတော့ မြဲမြဲမှတ်ထားပါ ချန်ရန်"

အနာဂတ်တွေအတွက် ကြိုတင်ရည်ရွယ်ကာ ပြောနေသော မယ်မရဲ့စကားအတွက် သူက မယ်မကို ပိုလို့တောင်ချစ်မိ





သွားသေးသည်။ သူနဲ့စီစဉ်ပေးမယ်ဆိုတာကို သိသွားရင် စိတ်ညစ်နေမှာစိုးတဲ့အတွက် အခုကတည်းက ကြိုတင်ပြီး အားပေးစကားပြောနေရှာပါလား။ မင်းကို ချစ်မိတဲ့နေ့ကစပြီး ကိုယ့်နှလုံးသားက မင်းဆီမှာပါ မယ်မရယ်။

"ကိုယ်လည်း ယုံကြည်ပါတယ် မယ်မ ...

အချစ်ကသာ တကယ်စစ်ရင် ဘယ်တော့မှ မလွဲဘူး။ ကျွန်တော်ကလည်း လုံးဝအလွဲမခံနိုင်တဲ့အတွက် သေချာကြိုးစားမှာပါ။ အချစ်ရေးမှာ ကျွန်တော် စိတ်မညစ်ရအောင် ကျွန်တော် ဖန်တီးနေမှာပါ"

မယ်မအတွက် ပြောချင်တဲ့ စကားတွေဟာ ရင်ထဲကနေ ထွက်လာတဲ့အခါ မယ်မက သူ့ကိုပြုံးပြီးကြည့်နေပါသည်။ မယ်မ မျက်ဝန်းထဲက ဘာသာမပြန်တတ်တဲ့ စကားလုံးတွေအတွက် မယ်မရင်ခုန်သံတွေကို သူ လှုပ်နှိုးပေးရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မယ်မကို ချစ်တယ်"

ရိုးရိုးလေးပြောလေသော ဒီစကားတစ်ခွန်းဟာ မယ်မ အတွက်တော့ ဒိန်းခနဲ ဖြစ်သွားစေပါသည်။ သူ မယ်မကို စပတ် သက်ကတည်းက စိတ်ဝင်စားလို့ဆိုတာ သိပေမယ့် အခုလို ခပ် မြန်မြန်ချည်း ရည်းစားစကား ပြောပစ်လိုက်လိမ့်မယ်လို့ မထင် ခဲ့ပါပေ။ အခုတော့ မမျှော်လင့်ပါဘဲ ရည်းစားစကားအပြောခံရတဲ့ အတွက် အနည်းနဲ့အများတော့ ရင်ခုန်စိတ်လှုပ်ရှားရလေသည်။

"မယ်မ ... စိတ်ဆိုးသွားလားဟင်"

ရည်းစားစကားပြောတုန်းက ပြောပြီးတော့ အခုမှ ဝတ္ထုတွေ ရုပ်ရှင်တွေထဲက ခွေမင်းသားရဲ့ Plot တွေအတိုင်း "စိတ်ဆိုးသွားလား" မေးလေလျှင် မယ်မကလည်း ခွေမင်းသမီး တွေ ပြောသလိုပဲ ...





"အင်း ... စိတ်တော့မဆိုးပါဘူး။ ဒါပေမဲ့ အဲဒီလိုမျိုးကြီး ပြောလိုက်တာတော့ မကောင်းဘူးပေါ့"

"စိတ်မဆိုးပါနဲ့ မယ်မရယ်။ ကိုယ့်ရင်ထဲမှာ မယ်မကိုချစ် နေတာ ကြာပြီဆိုတာ မယ်မလည်း သတိထားမိမှာပါကွာ။ ကိုယ့်ဘဝမှာ ဒီလိုလေးနက်တဲ့စကားကို ဘယ်မိန်းကလေး ကိုမှ မပြောဘူးခဲ့ပါဘူး။ မယ်မကို ကိုယ် တကယ်ချစ်တာ ယုံပါ"

"ခန့်ညားရဲ့အချစ်ကို အသိမှတ်ပြုပါတယ်"

"ဟာ ... ဒါဆို"

သူက သူ့အတွေးနဲ့သူ အထာတွေပေါက်သွားကာ စွတ်ပျော်သွားလျှင် မယ်မက ဘရိတ်အုပ်ပေးရလေသည်။

"ခန့်ညားကို အဖြေပေးတာ မဟုတ်ပါဘူး။ ခန့်ညား မယ်မကို ချစ်တာကို အသိမှတ်ပြုတယ် ဆိုတာကိုပဲ ပြော တာပါ"

"ဟို ... မယ်မက ကျွန်တော့်ကို အဖြေတစ်ခုခု ..."



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားပေးပါ့မယ်။ အတိအကျတော့ မပြောနိုင်ဘူး။ ကျွန်မဘက်က ခန့်ညားကို သံယောဇဉ်ရှိပါတယ်။ အဖြေကို အတင်းအကျပ်ကြီး တောင်းနေတာမျိုးဆို ကျွန်မလည်း စိတ်ကျဉ်းကျပ်ရမယ်။ အဲဒီတော့ ကျွန်မဘက်က ခန့်ညားကို ချစ်နိုင်ပြီဆို အဖြေပေးပါ့မယ်"

မယ်မစကားကြောင့် သူက ကျေနပ်သွားစွာဖြင့် ခေါင်းတစ်ချက် ဆတ်ပြလေသည်။

ပြီးတော့ မယ်မကို ရွှန်းရွှန်းစားစား စိုက်ကြည့်ကာ ...

"မယ်မ စိတ်ကျဉ်းကျပ်အောင် ကိုယ်မလုပ်ပါဘူး။ ဒါပေမဲ့ ကိုယ့်ဘက်က မယ်မရဲ့အဖြေကို အချိန်တိုင်း မျှော်လင့်နေတယ်ဆိုတာ မယ်မ သိထားပေးပါနော်"

"ဟုတ်ကဲ့ ... စိတ်ချပါ။ ကဲ ... အဲဒါဆို သွားကြရအောင်လေ။ မယ်မ သူငယ်ချင်းတွေ စောင့်နေလောက်ပြီ"

"ကိုယ်လိုက်ပို့ပေးပါရစေ မယ်မ၊ ခွင့်ပြုပါနော်"





မယ်မသည် ခြေဖျားလက်ဖျားတွေ အေးစက်လာသည်အထိ စိတ်တို့က လှုပ်ရှားလို့လာရပါသည်။ သိပ်ကြင်နာတတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ ဂရုစိုက်မှုကြောင့် မယ်မဟာ စိတ်ထဲမှာ သာယာသလို ဖြစ်မိကာ သူလိုက်ပို့တာကို လက်ခံခေါင်းညိတ်လိုက်ပါသည်။

သူက ကျေနပ်သွားဟန်ဖြင့် မယ်မနှင့်အတူတူ ယှဉ်တွဲကာ မြောက်ကြွ မြောက်ကြွဖြင့် လျှောက်လာခဲ့တော့သည်။ ခန့်ညားဟာ ချစ်စရာကောင်းတဲ့ စကားပြောဟန်လေးတွေရှိသည့်အပြင် မယ်မကိုလည်း ရင်ခုန်အောင် romantic ဆန်ပြနိုင်သူလေး ဖြစ်ပါသည်။

"မယ်မညို ... မယ်မညို ခဏလေး"

အနောက်က ခေါ်သံကြောင့် မယ်မကော ခန့်ညားပါ လှည့်ကြည့်လိုက်လျှင်တော့ မယ်မဆီ အပြေးလာသူကတော့ ချန်ရန်ပဲ ဖြစ်လေသည်။ သူက အနောက်ကနေ အမောတကော ပြေးလာကာ မယ်မဆီလာလေလျှင် မယ်မက မေးတစ်ချက်ဆတ်ပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ချန်ရန် ... ဘာလဲဟင်"

"ဟို ... ဟို မယ်မကို ပြောစရာလေးရှိလို့။ အချိန်နည်းနည်းလောက် ပေးပါလား"

ချန်ရန့်ပုံစံ ကြည့်ရသည်မှာ အရေးကြီးနေတဲ့ပုံပေါက်နေတယ်ဆိုတာ သဘောပေါက်ရတာမို့ မယ်မသည် ခေါင်းတစ်ချက် ဆတ်ပြကာ ခန့်ညားဘက်ကို လှည့်လိုက်ကာ ...

"ခန့်ညား ... နောက်မှ တွေ့မယ်နော်။ ကျွန်မ သူငယ်ချင်းနဲ့ စကားပြောလိုက်ဦးမယ်"

"ဟို ... စောင့်ပေးရဦးမလား"

"ရတယ် ... ရတယ် ခန့်ညား"

"အင်း ... အဲဒါဆို သွားတော့မယ်နော်"

မယ်မက သူ့ကို လက်ပြနှုတ်ဆက်လိုက်ပြီး သူက ထွက်သွားလေလျှင် မယ်မသည် ချန့်ရန်ကို အမေးပြုရလေသည်။

"ပြော ... ချန်ရန်၊ ဘာဖြစ်လို့လဲ"

"သြော် ... ဟိုဟာ ... မယ်မများ ကျွန်တော်နဲ့ပတ်သက်ပြီး အကြံလေးဘာလေးများ ထပ်ရနိုင်ဦးမလားလို့။ အခြေ





အနေက အခုထိ မ good သေးဘူးဗျ၊ အဲဒါလေး မေးချင်လို့ပါ။ ဟို ... ကျွန်တော့်ကြောင့် အနှောင့်ယှက်ဖြစ်သွားလား မသိဘူး"

"ရပါတယ် ... အေးဆေးပါ"

"ဟို ... ဟိုတစ်ယောက်ကကော ကျွန်တော့်လိုပဲ အောင်သွယ်နိုင်းတာလားဟင်"

ချန်ရန့်အမေးကြောင့် မယ်မက ရယ်ချင်သလိုလိုဖြစ်သွားမိပေသည်။ အေးပေါ့လေ ... အေးပေါ့။ မယ်မအနားမှာရှိတဲ့သူ အများအပြားဟာ မယ်မကို အောင်သွယ်နိုင်းတဲ့လူတွေချည်းပဲကိုး။ အဲဒီတော့ ချန်ရန် တစ်ယောက် ခန့်ညားကို အကူညီလာတောင်းတဲ့သူလို့ ထင်သွားတာ သိပ်မဆန်းပါဘူး။ မယ်မသည် ပြုံးစိစိ မျက်နှာပေးဖြင့် ခေါင်းတစ်ချက်ဆတ်ပြကာ...

"အင်း ... ဆိုပါတော့။ ကဲ ... အဲဒါတွေထားလိုက်ပါ။ ရှင့်ကောင်မလေးက အခုထိ စိတ်ကောက်မပြေသေးဘူးဆိုတော့ နည်းလမ်းတစ်ခုတော့ ရှာရလိမ့်မယ်။ အင်း ... ဟုတ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်မကို အထင်လွဲနေတာဆိုတော့ ကျွန်မ ဝင်ရှင်းလိုက်ရင် ပွဲပြီးပြီပေါ့"

"ဟင် ... အဲဒီလိုလုပ်ရင် မကောင်း ... မကောင်းဘူးထင်တယ်"

"ဟမ်း ... ဘာလို့ မကောင်းရမှာလဲ။ ကျွန်မက ရှင့်သူငယ်ချင်းပါ၊ အဲဒီနေ့က ရှင့်ဆီကို ဖုန်းဆက်တာ ကျွန်မဘဲကိစ္စ ပြောတာပါဆိုပြီး ဘာညာပြောလိုက်ရင် OK ပါတယ်။ ကျွန်မကို ဘာမှအားမနာပါနဲ့။ ချန်ရန့်ကို အားတက်သရော ကူညီမှာပါ"

"အင်း ... ဟုတ်ကဲ့ပါ။ အဲဒါဆို ကျွန်တော် သူနဲ့ဖုန်းပြောပြီး စကားတစ်ချက် တောက်ကြည့်လိုက်ဦးမယ်နော်။ သွားတော့မယ်"

ဟင် ... ဘယ်လိုကြီးပါလိမ့်။ ဒီက ကူညီပါ့မယ်ဆိုတာတောင် သူက အင်တင်တင်နဲ့။ မယ်မသည် စိတ်ထဲ သိပ်ဘဝင်မကျပေမယ့်လည်း ခေါင်းတစ်ချက်ဆတ်ပြကာ ...

"OK လေ ... အကူညီလိုရင် ဖုန်းဆက်လိုက်လေ"





သူက ခေါင်းညိတ်ပြကာ ခေါင်းငိုက်စိုက်ချ၍သွားလျှင် မယ်မပခုံးကို ဝင်တိုက်မိတော့ မယ်မမှာ ဟန်ချက်လွဲကာ ရင်ဘတ်မှာ အပ်ပိုက်ထားတဲ့ဖိုင်လ်ဟာ ဘုတ်ခနဲ အောက်သို့ပြုတ်ကျလေသည်။ အဲဒီတော့မှ သူက ပြူးပြူးပျာပျာဖြင့် မယ်မရဲ့ ဖိုင်လ်ကို ပြန်ကောက်ပေးကာ မယ်မကို ပြန်ပေး၍ ...

"ဆော ... ဆောရီးပါနော်။ ကျွန်တော် အတွေးလွန်သွားတာနဲ့ ဝင်တိုက်မိသွားတာ"

"ရပါတယ် ဘာမှမဖြစ်ဘူး။ အဲ ... ဒါနဲ့ လမ်းလျှောက်ရင်တော့ ခေါင်းချည်းငိုက်စိုက်ချမနေပါနဲ့။ ခေါင်းလေးမော့လျှောက်။ တော်ကြာ အကုန်ဝင်တိုက်မိကုန်မှ ဟုတ်တပေ့ ဖြစ်နေဦးမယ်"

"အဟင်း ... ဟုတ်ကဲ့ပါဗျာ။ ဒါဆို ကျွန်တော်သွားပြီနော်"

မယ်မက အချစ်အတွက် ခံစားနေရရှာသော ချန်ရန့်ကိုကြည့်ကာ စိတ်မကောင်းတော့ ဖြစ်ရပါသည်။ ဘွားသာ သူ့မြေးလေး အချစ်ကြောင့် ဒီလိုခံစားနေရတယ်ဆိုတာ သိရင် စိတ်မကောင်းဖြစ်နေမှာပဲ။ မယ်မသည် ခေါင်းအသာယမ်းကာ ဖိုင်လ်ကိုပိုက်၍ အတန်းဘက်သို့ ထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... လာပါပြီ။ ဟဲ့ ... အခြေအနေ ဘယ်လိုလဲ မယ်မ"

မယ်မသည် ချိုနွယ့်ဘေးမှာ ဝင်ထိုင်လိုက်ရင်း ဖိုင်လ်ကို စားပွဲပေါ်မှာ တင်လိုက်ကာ ...

"ဘာအခြေအနေလဲဟဲ့။ မေးနေစရာကို မလိုဘူး။ နင်တို့ ထင်ထားသလိုပဲ။ ရည်းစားစကား ပြောလိုက်ပြီ"

"ဟယ် ... ဂယ်။ အဲဒီတော့ နင်က ဘာပြန်ပြောလိုက်လဲ"

"ဘာပြောရမှာလဲဟ။ စဉ်းစားပေးပါ့မယ်ပေါ့"

"ဟုတ်လို့လား။ တစ်ခါတည်း အဖြေပေးခဲ့တာ ဟုတ်ဖူးလား"

လာနောက်နေသော ချိုနွယ်နှင့် နှင်းဆီကို ဘာမှ ဆက်မပြောတော့တာက အတန်းထဲကို ဆရာမ ဝင်လာလို့ပဲဖြစ်သည်။ မျက်စောင်းတစ်ချက် ကျိတ်ထိုးကာ ဒီကနေ့ သင်ရိုးစဖို့ ဖိုင်လ်လေးကို ဆွဲလှန်လိုက်လျှင် အံ့အားသင့်ဖို့ကောင်းလှစွာ မယ်မရဲ့ဖိုင်လ်ထဲမှာ နှင်းဆီနီနီတစ်ပွင့်က ရောက်လို့နေ၏။ ဖိုင်လ်ကိုတွဲထားတဲ့ ကလစ်ချိတ်နှင့် နှင်းဆီရိုးတံကို ဖိချိတ်ထားတာမို့ နှင်းဆီလေးက စာရွက်တွေပေါ်မှာ တင်နေလေ၏။





"မယ်မ ... ဘာလဲ။ ဘာဖြစ်လို့လဲ"

ချိုနွယ်က ရုတ်တရက်ကြီး ဖိုင်လ်ကို အံ့အားတသင့် ကြည့်နေတဲ့ မယ်မကို လှမ်းမေးလေလျှင် မယ်မက ဖိုင်လ်ထဲက နှင်းဆီကို ဆွဲယူကာ ချိုနွယ်တို့ကို ပြလိုက်ပြီး ...

"ငါ့ဖိုင်လ်ထဲကို နှင်းဆီတစ်ပွင့် ရောက်နေတယ်"

"ဘယ်သူပေးတာလဲ မယ်မ"

ချိုနွယ့်အမေးကြောင့် မယ်မသည် မျက်နှာတစ်ခုကို သွားပြီးမြင်ယောင်လာမိသည်။ lollipop တစ်လုံး၊ ပန်းသီးတစ်လုံး၊ နှင်းဆီတစ်ပွင့် ...အဲဒါတွေကို ပေးနေတဲ့သူဟာ စကားတစ်ခွန်းပိုင်ရှင်ပဲ ဖြစ်ပါသည်။ မယ်မကို "ချစ်တယ်" လို့ပြောတဲ့ ခန့်ညားရဲ့အပြုအမူလေးတွေဟာ တွေးကြည့်ရင် အရမ်းကိုပဲ ရင်ခုန်ကြည်မွေ့စရာ ကောင်းလှပါသည်။ မယ်မနဲ့တွေ့ရင်လည်း ဒီပစ္စည်းလေးတွေအကြောင်းကို မသိကျိုးကျွန်ပြုထားရင်း ပန်းသီးကြိုက်လား ဘာညာဆိုပြီး အရိပ်အမြွက်လောက်ပဲ ပြောတတ်တဲ့ ခန့်ညားဟာ မယ်မအတွက် အခုချိန်မှာ အရမ်းချစ်ပြတတ်တဲ့ ယောကျ်ားတစ်ယောက်ပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ခန့်ညားပေးတာပဲပေါ့ဟ"

"အင်း ... အောင်သွယ်တော်ကြီး မယ်မညိုကို အရမ်း romance ဆန်ပြနေပါလားဟေ့။ မယ်မ ... နင် အချစ်ကို ကူညီလို့နဲ့တူတယ်။ အချစ်ရေးမှာ ကံကောင်းတော့မယ့်ကိန်း မြင်နေတယ်"


မယ်မသည် အဲဒီစကားကြောင့် သဘောတကျပြုံးမိသွားလေသည်။ အချစ်ကို စိတ်ရင်းစေတနာမှန်နှင့် ကူညီတဲ့ မယ်မဟာ အဲဒီအကျိုးတရားအတွက် တကယ်ပဲ ကံကောင်းတဲ့ အချစ်ကို ပိုင်ဆိုင်ရတော့မှာလား။

ဘာပဲဖြစ်ဖြစ် ခန့်ညားဟာ မယ်မအတွက် ကံကောင်းမယ့်ချစ်သူလို့ ယာယီအသိမှတ်ပြုထားရပါမည်။





ဆောင်းလိုရာသီ၊
အေးမြပန်းချီ
နှင်းရည်စိုဖျန်း၊
ရင်ခုန်အနမ်း
မှန်ဆ၍မျှော်၊
လွမ်းရလေသော်။ ။



စိတ်ကူးမျှော်ယောင်
နီးစပ်ဟန်ဆောင်
ကြင်နာဘောင်ခတ်၊
ရင်မှာနှောင်လျက်
ချစ်ဖူးခဲ့တယ်၊
ရည်စူး၍ကွယ်။ ။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာမမီ


ချစ်သူနေခြည်

ချစ်ပါသော်ငြား၊

နှုတ်ထွက်စကား

သိုသိပ်ခဲ့တယ်၊

ချစ်တဲ့မယ်။ ။







## ၉

ဒီနေ့က ကျောင်းပိတ်ရက် စနေနေ့ ဖြစ်တာကြောင့် ချန်ရန်သည် အပြင်မထွက်ဖြစ်ဘဲ အိမ်မှာနေနေပါသည်။ သူ့စိတ်ထဲမှာဖြစ်နေတဲ့ အစိုင်အခဲတွေဟာ ပိုမိုကြီးမားလာတဲ့အတွက် အဲဒီအစိုင်အခဲကို ချေဖျက်ဖို့အတွက် သူ့ဘော်ဒါ ကောင်းနိုင်ကို စုံစမ်းခိုင်းတဲ့အခါမှာ သူထင်နေသလိုပဲ မယ်မအနားမှာ ခဏခဏ တွေ့ရသည့် ခန့်ညားဆိုတဲ့ကောင်ဟာ မယ်မကို propose လုပ်ထားတဲ့သူ ဖြစ်နေလေသည်။ အဲဒီအတွက် သူဟာ ဘာကိုခံစားနေရမှန်းမသိ ခံစားနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို မယ်မလို မိန်းကလေးတစ်ယောက် အနေနဲ့ ကြိုက်တဲ့ ချစ်တဲ့လူတွေ ရှိနေတာ ဘာမှမဆန်းပါ။ လွတ်လပ်တဲ့မိန်းမပျိုတစ်ယောက်ကို လွတ်လပ်တဲ့ယောကျ်ားပျို တစ်ယောက်က တရားဝင်ချစ်ပိုင်ခွင့်ရှိပါသည်။ သူ့မှာလည်း အဲဒီလို အခွင့်အရေးမျိုး ရှိပါသော်လည်း သူဟာ မယ်မအမြင်မှာ တခြားမိန်းကလေးတစ်ယောက်ကို ချစ်နေတဲ့သူ ဖြစ်နေပါသည်။ သူ အဲဒီလိုလုပ်ရခြင်းဟာ မယ်မနဲ့နီးစပ်ဖို့ ဟန်ဆောင်ခဲ့တာဖြစ် သော်လည်း မယ်မဟာ တကယ် ယုံမှတ်ထားတာမို့ သိပ်ကိုအခက် တွေ့လှပေသည်။ အဲဒါကြောင့် တစ်ခါတလေမှာ သူဟာ ရေလိုက် လွဲသွားပြီလားလို့တောင် ထင်မိလေသည်။ ဒါပေမဲ့လည်း မမှား နိုင်ပါဘူး။ ဘာလို့လဲဆိုတော့ မယ်မကို သူဟာ သိပ်ချစ်နေတာ ပဲဟာ။

"အစ်ကိုလေးရေ ... အစ်ကိုလေး"

သူ့အခန်းတံခါးကို တဒေါက်ဒေါက်ခေါက်ကာ ခေါ် နေတာမို့ ချန်ရန်သည် အိပ်ရာပေါ်မှထကာ တံခါးဖွင့်ပေးလိုက် ပြီး ချာတိတ်မကို မေးဆတ်ပြလိုက်သည်။





"ဘွားဘွားကြီးက အောက်ထပ်ကို ဆင်းလာခဲ့ပါတဲ့"

"ဘာကိစ္စတဲ့လဲ"

"မသိဘူးရှင့်။ အစ်ကိုလေးကို ဘွားဘွားကြီးက အောက် ထပ်ကို လာခဲ့ဖို့ပဲ ပြောခိုင်းပါတယ်"

"အေး ... အေး ... လာခဲ့မယ်။ သွားတော့"

ချန်ရန်သည် ချက်ချင်းပဲ အောက်ထပ်ကို ဆင်းလာ ခဲ့တော့သည်။

"ဟော ... မြေးလေး ... လာလေ"

ဧည့်ခန်းထဲက ဘွားဘွားရဲ့ဖိတ်ခေါ်သံကြောင့် ချန်ရန် သည် ဧည့်ခန်းထဲကို ကြည့်လိုက်လျှင် ဘွားနဲ့အတူထိုင်နေတဲ့ မယ်မကို တွေ့လေသည်။

ဟား ... ကွိုင်ပဲ။ မယ်မက ဘယ်လိုဖြစ်ပြီး အိမ် ရောက်နေတာလဲ။ ဘွားကလည်းကွာ။ မယ်မနဲ့ သူ့ကို ဘွားနဲ့ ပတ်သက်ပြီး မဆုံခိုင်းပါနဲ့လို့ မှာထားရက်နဲ့။

"ဟဲ့ ... လာလေ မြေးလေး။ ဘာကြောင့်ကြည့်နေတာလဲ။ ဒါ မြေးလေးသူငယ်ချင်း မယ်မလေ။ မယ်မကပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ မြေးလေးနဲ့ သူငယ်ချင်းတွေတဲ့။ ဟုတ်လား ... မြေးလေး။ ဒါ ဘွားပြောပြောနေတဲ့ မြေးမလေးလေ”

ဘွားက သူ့ကိုလှမ်းခေါ်တော့မှ သူဟာ သဘောပေါက်တော့သည်။ အမ်း ... ကြည့်ရတာတော့ မယ်မက သူနဲ့ ဆုံဖို့ ဘွားကို အခေါ်တော်ပါးခိုင်းတာဖြစ်မည်။ ဒီတော့ သူက လည်း ဟာတွေ ... ဟင်တွေ လုပ်ပြကာ ဆိုဖာမှာ ဝင်ထိုင်လိုက်ပြီး ...

“မယ်မက ဘွားပြော,ပြောနေတဲ့ မြေးမလေးဆိုတာလား”

“ဟုတ်ပ။ ရှင်ကသာ ကျွန်မကို မသိတာ ကျွန်မက ဘွားပြောပြထားလို့ ရှင့်ကို လွန်ခဲ့တဲ့ တစ်လခွဲလောက်ကတည်းက သိပြီးသား”

“ဟာ ... ဟုတ်တယ်”

သူက ဖိန့်ဖိန့်တွေလုပ်ကာ အံ့သြပြနေလျှင် မယ်မကတော့ လုံးဝကို ယုံကြည်လို့သွားချေပြီ။ ဟား ... ဒါအကွက်ပဲ။ ဒီကိစ္စကို အခြေခံပြီး သူဟာ အခြေအနေတွေကို change နိုင်မယ်ထင်သည်။





“ကဲ ... မြေးလေးတို့ စကားပြောဦး။ ဘွား မမိုးကို ပုစွန်တမ်ပူရာကြော်ခိုင်းလိုက်ဦးမယ်”

ဘွားက အလိုက်တသိ ထွက်သွားပေးလေလျှင် ချန်ရန်သည် အခွင့်ကောင်းကို ထိုင်စောင့်နေသူပီပီ အိုက်တင်ချိန်းရပြန်သည်။ သူ မယ်မအပေါ်ထားတဲ့ အချစ်ကတော့ အရမ်းပဲ ဖြူစင်သည်။ ဒီလိုလှည့်ကွက်တွေ မပါဘူးဆိုတာ သူ အာမခံပြောရဲသည်။

ဒါပေမဲ့ အခုလို လှည့်ကွက်လေး သုံးမှပဲ သူဟာ မယ်မဆီက အချစ်ကို ရနိုင်လောက်မည်ဟု ထင်ပါသည်။

“မယ်မ ရောက်လာတော့ ကျွန်တော် တကယ်ပဲ အံ့သြသွားတယ်ဗျာ။ ပြီးတော့ ထင်လည်း မထင်ထားဘူး။ မယ်မက ဘွားဘွားသိပ်ချစ်တဲ့ မြေးမလေး ဖြစ်နေလိမ့်မယ်လို့ပေါ့”

“အဟင်း ... ဟုတ်လား။ ဒီလိုပဲ ဖြစ်တတ်ပါတယ်”

ချန်ရန်သည် နဖူးကို လက်ညှိုးဖြင့် အသာပွတ်ကုတ်ကာ တစ်ခုခုကိုပြောဖို့ မပြောဖို့ စဉ်းစားနေရပါသည်။ တော်ကြာ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်မိလို့ အခြေအနေက တစ်မျိုးထပြောင်းသွားရင် ကွိုင်ပဲ။ အင်း ... ဘယ်လိုလုပ်ရမလဲ။

ဘာဖြစ်ဖြစ်ကွာ ချစ်တဲ့စိတ်ကို ရှေ့တန်းတင်ပြီး ပြောလိုက်တော့မယ်။

"ဟို ... မယ်မက အဘွားချစ်တဲ့ မြေးမလေးဆိုတော့ ကျွန်တော်နဲ့အဘွားက သဘောတူထားတဲ့ ..."

သူတောင် စကားမပြတ်သေးခင်မှာပင် မယ်မက အေးအေးဆေးဆေးပင် ခေါင်းဆတ်ပြကာ ...

"အင်း ... ဟုတ်တယ်လေ။ အဘွားကတော့ ဒီလိုပဲဖြစ်စေချင်တဲ့သဘောပါ။ ရှင့်မှာကလည်း ရှင်ချစ်နေတဲ့ကောင်မလေးက ရှိပြီးသားပဲဟာ။ ကျွန်မကလည်း ရှင့်ကိုအောင်သွယ်ပေးနေတဲ့ သူပဲဟာ။ don't worry about this "

အင်း ... မယ်မကတော့ လုံးဝအေးရာအေးကြောင်းပဲဖြစ်သည်။ သူ့ကို တခြားကောင်မလေးကို ချစ်တယ်ဆိုတဲ့အထင်ဖြင့် လုံးဝကြီးကို စိတ်ချလက်ချ ဖြစ်နေသော မယ်မကို သူ ဘယ်လိုပြောရပါ့။





"ဒါနဲ့ နေပါဦး ချန်ရန်။ ရှင့်ကောင်မလေးက ဘာတဲ့လဲ။ ကျွန်မ လိုက်ရှင်းပြပါ့မယ်ဆို"

"ဟင် ... ဩော် ... ရပါတယ် မယ်မရယ်။ သူကအရမ်းသံသယကြီးတာဗျ။ ထားလိုက်ပါတော့။ ကျွန်တော်စိတ်လျှော့လိုက်ပြီ"

သူက အဲဒီလိုပြောလိုက်ပေမယ့် တက်ကြွနေသော မယ်မဟာ မျက်နှာတစ်ခုလုံးမဲ့ပစ်ကာ သူ့ကို အားတွေစွတ်ဖြည့်နေတော့သည်။

"ဟာ ... မဖြစ်ရပါဘူး။ ဘာကို စိတ်လျှော့ပစ်ရတာလဲ၊ စိတ်လျှော့စရာအကြောင်းကို မရှိဘူး ချန်ရန်။ ကျွန်မ အောင်သွယ်ပေးတဲ့ ရာဇဝင်မှာ အဆင်မပြေတဲ့ စုံတွဲဆိုတာ လုံးဝမရှိခဲ့ဘူး။ ဖြစ်ကို ဖြစ်စေရမယ်။ ကျွန်မ မဖြစ်ဖြစ်အောင်လုပ်မယ်။ သူ ဘယ်မှာလဲဆိုတာသာပြော။ ရှင်ဘာမှ စိတ်ဓာတ်ကျမနေနဲ့"

"ဟို ... ကျွန်တော် မယ်မကို အရမ်းအားနာပါတယ်။ ဒါပေမဲ့ ထားပါတော့ဗျာ။ ကျွန်တော့်ကောင်မလေး အကြောင်း ကျွန်တော် အသိဆုံးဗျ။ ထားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဖြစ်ရမယ် ချန်ရန်ရယ်။ ရှင့်ကြည့်ရတာ အရမ်း ညစ်နေသလိုပဲ။ စိတ်ကို relax အရင်လုပ်လိုက်တာက ပို ကောင်းမယ်လို့ ကျွန်မထင်တယ်။ ကျွန်မ ရှင့်စိတ်ကို relax လုပ်ပေးရမလား။ ကျွန်မ ကူညီနိုင်တယ်"

အဲဒီစကားကြောင့် ချန်ရန်သည် အံ့သြသွားတာ ကြောင့် မယ်မကို မော့ကြည့်လိုက်လျှင် မယ်မက သူ့ကိုယုံကြည် ပါဆိုတဲ့ အဓိပ္ပာယ်တွေပါတဲ့ မျက်ဝန်းဖြင့်ကြည့်ကာ ဘယ်လိုလဲ ဆိုပြီး မေးဆတ်ပြသည်။ မယ်မကြောင့် ညစ်နေရတဲ့စိတ်ကို မယ်မကပဲ relax လုပ်ပေးမယ်ဆိုတော့ သူ အရမ်းစိတ်ဝင်စား သွားပါသည်။ အဲဒါကြောင့် သူက ခေါင်းတစ်ချက်ညိတ်ပြလိုက် မိသည်။

"OK ... ဒါဆို ရှင့်ကို တစ်နေရာခေါ်သွားမယ်။ ခဏ လေး ... ရှင့်ရဲ့ညစ်နေတဲ့စိတ်တွေအတွက် ဘွားကို ကျွန်မ မုသာဝါဒ သွားပြောလိုက်ဦးမယ်။ wait a few minute"

မယ်မက သူ့ကို ဧည့်ခန်းထဲမှာ ထားခဲ့ကာ ဘွား ကို သွားခွင့်တောင်းလေသည်။ သူ့ကို ဘယ်ကိုများ ခေါ်သွားမလို့





ပါလိမ့်။ ချန်ရန်သည် ဧည့်ခန်းထဲကို ဘွားနဲ့အတူ ပြန်ဝင်လာ သော မယ်မကို လှမ်းကြည့်လိုက်လျှင် မယ်မက သူ့ကိုမျက်စိ တစ်ဖက် ဖျတ်ခနဲမှိတ်ပြလေသည်။ အဲဒီအချိန်ဟာ သူ့ရင်ထဲ၌ ဗုံးတစ်လုံးထကွဲသွားသလို ဝုန်းခနဲ ပေါက်ကွဲသွားရပါသည်။

"မြေးလေး ... မြေးမလေး သွားချင်တဲ့နေရာကို လိုက်ပို့ ပေးလိုက်လေကွယ်"

"ဗျာ ... ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့။ ခဏလေးနော် မယ်မ။ အင်္ကျီသွားလဲလိုက်ဦးမယ်"

ချန်ရန်က မယ်မ ဘာပြောတယ်ဆိုတာ နားမလည် ပါးမလည်နဲ့ပဲ သူ့မှာ အပေါ်ထပ်တက်ကာ အင်္ကျီသွားလဲရတော့ သည်။ စိတ်ညစ်နေတဲ့ သူ့အတွက် fashion ဆိုတာ ဘာမှအဆန်း တကြယ်တော့ မဟုတ်ပါ။ ကိုယ်ပေါ်မှာဝတ်ထားတဲ့ vest စွပ် ကျယ်အဖြူပေါ်ကနေ ခဲရောင် rapper ခေါင်းစွပ်တစ်ထည် ဝတ် လိုက်သည်။ ဘောင်းဘီကတော့ ခပ်မှိုင်းမှိုင်း ဂျင်းပြာပဲဖြစ်၏။ ပိုက်ဆံတစ်အုပ်ကို ခါးပတ်အိတ်ထဲ ကောက်ထည့်ကာ ရေမွှေး ဆွတ်ပြီး အောက်ပြန်ဆင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပြီ မယ်မ ... သွားလို့ရပြီ"

မယ်မက ခေါင်းတစ်ချက်ဆတ်ကာ အွားကိုနှုတ်ဆက်ပြီးနောက် သူမကားနဲ့ပဲ သူ့ကို တစ်နေရာသို့ ခေါ်သွားလေတော့သည်။

"ဘယ်သွားမလို့လဲ မယ်မ"

"အခုသွားမယ့်နေရာက ရှင့်စိတ်တွေ အရမ်း relax ဖြစ်မယ်ထင်ပါတယ်။ ဟိုမှာ ကျွန်မသူငယ်ချင်းတွေတောင်ရောက်နေပြီလေ။ ဘယ်သွားမှာလဲဆိုတော့ DC ကိုလေ"

"အမ် ... Day Club ကို ပြောတာလား"

"ဟုတ်တာပေါ့။ လန့်မသွားပါနဲ့ ချန်ရန်ရဲ့။ အဲဒီ DC က လုံးဝအသန့် ဘာကဒက်မှ မရှိဘူး။ လုံးဝ standard ရှိတယ်၊ ရဲရဲကြီး လိုက်ခဲ့စမ်းပါဟ"

ချန်ရန်သည် ဘာပြောရမှန်းတောင် မသိတော့ချေ။ မယ်မဟာ DC ကို သူ့ကိုခေါ်လာတယ်ဆိုတာ အရမ်းအံ့အားသင့်ဖို့ကောင်းပါသည်။ ဟိုကိုရောက်တော့ ချိုနွယ်ရယ် နှင်းဆီရယ် ရောက်နှင့်လို့ နေပါသည်။





"လာ ... ဒီနေ့က နှင်းဆီ birthday လေ။ ဒီမှာ ဒွန့်ပြီးတာနဲ့ ဆရာစံ ရွှေဘဲမှာ သွားဝါးကြမယ်လေ ဟဲ ... ဟဲ။ ကဲ ... ချန်ရန် ဘာမှစိတ်ညစ်မနေနဲ့။ လာ ... let's go to dancing floor"

မယ်မခေါ်ဆောင်သွားရာ dancing floor ဆီအရောက်မှာတော့ သူဟာ မယ်မနဲ့အတူတူ DJ တီးထားတဲ့ jlo ရဲ့ On the floor သီချင်းစည်းချက်အတိုင်း မြူးတူးကခုန်မိသွားတော့သည်။ ထိန်းချုပ်တားဆီးထားတဲ့ စိတ်တွေကို ဖွင့်ထုတ်လိုက်ရတော့ ရင်ထဲမှာ အတော်တော့ ပေါ့ပါးသွားလေသည်။

"ဟယ် ... ဘယ်သူမျှားလဲမှတ်တယ် ချန်ရန်ကိုး"

စည်းချက်တွေကြားမှာ ကနေရင်းက သူ့လက်မောင်းတစ်ဖက်ကို ဖျတ်ခနဲရိုက်၍ နှုတ်ဆက်သူကို ကြည့်လိုက်လေလျှင် သူဟာ ရှော့ခ်ရသွားသလို မတ်တတ်ကြီး မေ့သွားရလေတော့သည်။

"ဟဲ့ ... ဘာကြောင်ကြည့်နေတာလဲ။ ငါ ရေအေးလေ၊ ဘာလဲ ... မေ့သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



သေပြီ။ တကယ်ကိုသေပြီ။ ရေအေးဘေးက ရေအေးဘဲဟာ ရေအေးပခုံးကိုဖက်ကာ အခြေအနေကို အကဲခတ်နေသလို သူ့ဘေးက မယ်မဟာလည်း အခြေအနေကို သုံးသပ်နေပုံရပါသည်။

"ဟို ... ဒီက ရေအေးချမ်းလားဟင်"

ချန်ရှန်သည် သူ့ကိုကျော်ကာ ရေအေးကို လှမ်းမေးလေသော မယ်မရဲ့မေးခွန်းကို ရေအေးက ဟုတ်ပါတယ်လို့အတည်ပြုပေးလေသည်။ သူ ဒီနေရာကနေ အငွေ့ပျံသွားရင် သိပ်ကောင်းမှာပဲ။

ကံကြမ္မာဟာ သူ့ကို မထင်မှတ်တဲ့အကွက်နဲ့ အသေရိုက်သတ်လိုက်တာဖြစ်သည်။ ဒီနေ့ ဒီလိုနေရာမှာ ရေအေးကို တွေ့လိမ့်မယ်လို့ မထင်ထားခဲ့ပေ။ သူဟာ ဘာပြန်ပြောရမယ်မှန်းလဲ မသိတော့။ မယ်မနဲ့ ရေအေးတို့ တွေ့ဆုံမှုဟာ မမျှော်လင့်ထားပါဘဲနှင့် ပိုပြီးနွေးထွေးသွားသလိုပင်။

"ဒါနဲ့ ဒီကတစ်ယောက်က ချန်ရှန့်ရည်းစားလား"

"မဟုတ်ပါဘူး ... သူငယ်ချင်းပါ။ မယ်မညိုလို့ ခေါ်ပါတယ်။ ဒါနဲ့ ရေအေးနဲ့ ချန်ရှန်က မတွေ့တာကြာပြီလား"





"အင်း ... ကြာပြီ။ နှစ်လ သုံးလလောက် ရှိပြီထင်တယ်။ ဟဲ့ ... ဟုတ်တယ်မလား ချန်ရှန်။ ငြိမ်လှချည်လား ဘာဖြစ်တာလဲ"

ချန်ရှန်သည် ခေါင်းကို ဆယ်ပေါင်တူကြီးနှင့်ထုချလိုက်သလိုကို အစိတ်စိတ်အမြွှာမြွှာ ကွဲကြေ၍ ရုပ်ယှက်ခတ်ကုန်တော့သည်။ ဟား ... သူ ဘယ်လိုမှ ဒီလိုအခြေအနေအတွက် မျှော်လင့်ထားခြင်း မရှိခဲ့ပါပေ။ ချန်ရှန်ဟာ ဘာမှကြိုတင်တွက်မထားတဲ့ အခြေအနေအတွက် မယ်မရဲ့မျက်နှာကို ဆတ်ခနဲကြည့်မိလျှင် မယ်မတင်မကပဲ မယ်မရဲ့သူငယ်ချင်းနှစ်ယောက်ကပါ သူ့ကို တစ်မျိုးသောမျက်ဝန်းတို့ဖြင့် ကြည့်နေကြသည်။ Dancing floor ထဲမှာ မတ်တတ်ကြီး ကျောက်ရုပ်ဖြစ်သွားတဲ့ သူ့လိုကောင်အတွက် မယ်မက ခြောက်ကပ်ကပ် ရယ်သံတစ်ခုဖြင့် ဟက်ခနဲ ရယ်လိုက်က ...

"ဟက်ခ် ... ချန်ရှန်က အဲဒီလိုပဲ အတည်ပေါက်နဲ့နောက်တာ။ ဟဲ့ ... ချန်ရှန် ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... သူကလည်း အခုမှ ငြိမ်ဆေးကျွေးထားသလား မှတ်ရတယ်။ တော်ပြီ ... သွားတော့မယ်။ နောက်မှတွေ့မယ်ဟာ CU ။ ကို ... g၀ မယ်"

သူတို့ထွက်သွားတော့ မယ်မက စိမ်းရှုရှုအကြည့်တစ်ချက်ဖြင့် ခပ်စူးစူးကြည့်ကာ ...

"ဘာသဘောလဲ မိုးမြင့်ချန်ရန်။ ရေအေးချမ်း နောက်တစ်ယောက်များ ရှိနေလို့လား။ ရှင် ဘာသဘောနဲ့ အဲဒီလိုလုပ်တာလဲ။ ဘာလဲ ... ကျွန်မကို ဟာသလုပ်တာလား"

"မဟုတ်ဘူး။ ကျွန်တော်ပြောတာ ခဏလေး နားထောင်ပါ ဒီမှာ ပြောရတာ အသံတွေနဲ့ဆူပြီး အဆင်မပြေဘူး။ လာပါ ... အပြင်တစ်နေရာမှာ ပြောရအောင်"

"ဘာမှပြောစရာအကြောင်း မရှိဘူး ချန်ရန်။ ရှင့်ကိုလေ ကျွန်မ အရမ်းအံ့သြတယ်။ ဘာကြောင့် မရှိတာကိုအရှိလုပ်ပြီး အရှုးထရတာလဲဆိုတာ ကျွန်မ စဉ်းစားလို့တောင်မရဘူး။ ကျွန်မ ရှင့်ကို အရမ်းစိတ်ဆိုးတယ် ချန်ရန်။ အဘွားမျက်နှာကြောင့် ရှင် သက်သာသွားတယ်မှတ်ပါ...





မရိုးသားတဲ့လူကို ကျွန်မအပေါင်းအသင်းမလုပ်ဘူး။ ကျွန်မနောက် ဆက်မလိုက်လာနဲ့"

မယ်မက ပြောပြောဆိုဆို သူ့ရှေ့ကနေ ထွက်လို့သွားလျှင် သူဟာ အနောက်ကနေ အသည်းအသန်လိုက်ဖို့ကြိုးစားပေမယ့် ချိုနွယ်က လှမ်းတားလေသည်။

"မလိုက်လာပါနဲ့ ချန်ရန်။ မယ်မက ဘယ်သူ့ကိုမှ စိတ်ဆိုးတယ်လို့ ပြောဖူးတာ မဟုတ်ဘူး။ ဒီတစ်ခါ သူတကယ်စိတ်ဆိုးသွားတာ။ ရှင် ဆက်လိုက်လာရင် ရှုပ်ကုန်လိမ့်မယ် ...

ဘာပဲဖြစ်ဖြစ် ရှင် သိပ်လွန်တယ်။ မယ်မက ရှင့်ကို တကယ့်ကို စေတနာနဲ့ မဖြစ်,ဖြစ်အောင် ကူညီတဲ့သူပါ။ သူ့ကို အဲဒီလိုတော့ အရှုးမလုပ်သင့်ဘူး။ ဘေးကကျွန်မတို့တောင် သူ့အစား ခံပြင်းတယ်။ ရှင် ကိုယ့်အပြစ်ကိုယ်သိရင် ဆက်မလိုက်ပါနဲ့"

ဟား ... မဟုတ်ဘူး။ ကိုယ်က မင်းကို ဟာသလုပ်တာ မဟုတ်ပါဘူး။ အရှုးလုပ်ခဲ့တာလည်း မဟုတ်ပါဘူး။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



က မင်းကိုချစ်လို့ မင်းရဲ့အနားကို အမြန်ဆုံးချဉ်းကပ်နိုင်ဖို့အတွက် ဟန်ဆောင်ခဲ့ရတာပါ။ အခုတော့ ... အခုတော့ အားလုံးဟာတစ်စစီ ကျိုးပဲ့ကုန်ပြီဖြစ်သည်။

မယ်မ သူ့ကို အရမ်းစိတ်ဆိုးသွားပြီဆိုတာ သူသိပါသည်။ မယ်မရဲ့နူးညံ့နေတဲ့ စေတနာတွေ အပြည့်ထည့်၍ သူ့ကို ကြည့်တတ်သော မျက်ဝန်းတွေဟာ အခု သူ့ကို စိမ်းစိမ်းကားကားကြီးကို ကြည့်နေပြီဖြစ်သည်။ ဟား ... ဘာမှကို ရှင်းပြလို့လဲ မရတော့ချေ။

ချန်ရန်သည် ရင်ဘတ်တစ်ခုလုံး ပူလောင်ပြင်းရှကာ "အတတ်ကျူးတော့ အရှုံးဖြစ်တယ်"ဆိုတဲ့ စကားကိုသာ နှလုံးသွင်းရင်း အရှုံးဖြစ်လို့ သွားရပါသည်။





## ၁၀

"ငါ သူ့ကို အဖြေမပေးချင်သေးပါဘူးဟာ။ ယောက်ျားတွေက ယုံချင်စရာ မကောင်းပါဘူး"

မယ်မ စကားကြောင့် ချိုနွယ်ကော နှင်းဆီကပါ သက်ပြင်းတွေချကာ ခေါင်းအသာယမ်းမိသွားသည်။ မယ်မကို သူတို့ ကိုယ်ချင်းစာပေးလို့ ရပါသည်။ အချစ်ကို သိပ်ကိုးကွယ်ချင်တဲ့ မယ်မဟာ ရည်းစားထားတုန်းကလည်း စိတ်ပျက်စရာအဖြစ်နဲ့ လမ်းခွဲခဲ့ရတယ်။ အခုတစ်ခါ ဖြူဖြူစင်စင်လေး အချစ်ရေးတွေ အခက်တွေ့နေသူတွေကို တတ်အားသရွေ့ ကူညီပေးနေ



www.burmeseclassic.com

www.burmeseclassic.com



တာတောင် ဟာသလုပ်ချင်၍ မယ်မကို အရူးလုပ်သွားတာကို ခံလိုက်ရပြန်သည်။ ဒီတော့ အချစ်တင်မက ယောကျ်ားတွေကိုပါ အယုံအကြည်မရှိတော့တာဟာ အဆန်းတော့မဟုတ်ပေ။ ဒါပေမဲ့ ယောကျ်ားတိုင်းက ဒီပုပ်ထဲက ဒီပဲဘဲတော့ မဟုတ်ဘူးဆိုတာ မယ်မကို သိစေချင်ပေမယ့် မယ်မ တွေ့ဖူးခဲ့တဲ့ ယောကျ်ားတွေကတော့ ဒီပဲတွေပဲဖြစ်နေတာ ခက်ပါသည်။

"နင့်ခံစားချက်ကို နားလည်ပါတယ် မယ်မရယ်။ ငါလေ ဟိုကောင် ဘာလို့ မရှိတာကို အရှိလုပ်ပြီး နင့်ဆီက idea တွေ ယူနေရတာလဲ ဆိုတာကိုပဲ သိချင်တယ်"

"ရှင်းနေတာပဲလေ။ ငါ့ကို ဒေါက်ဖြုတ်တာပေါ့ဟ။ ဘာမှ စဉ်းစားနေဖို့တောင် မလိုဘူး။ လူဗိန်းတောင် တွေးလို့ရတယ်။ ငါက အောင်သွယ်တဲ့ စုံတွဲတိုင်း အဆင်မပြေဘူးဆိုတာ မရှိဘူးဆိုပြီး ဟစ်ကြွေးထားတာဆိုတော့ သူ့ဘက်က ချိုးချင်လို့ကို ဒီခွင်ဖန်ခဲ့တာပဲ။ ရှင်းရှင်းလေးပဲ"

မယ်မရဲ့အပြောကြောင့် နှင်းဆီက ခေါင်းတဆတ်ဆတ် ညိတ်ကာ ...





"ဟုတ်တယ်နော်။ နင်ပြောတာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ငါတို့ ထင်သလိုမဟုတ်ဘဲ တခြားအကြောင်းများ ရှိနေနိုင်ဦးမလား။ ဟို ... အချစ်တို့ ဘာတို့ သူရှိနေလို့"

"မဖြစ်နိုင်ဘူး။ မဖြစ်နိုင်တာဟာ ... အဲဒီလို လုံးဝမဟုတ်ဘူး"

"အေးလေ ... ဟုတ်တယ် နှင်းဆီရ။ စဉ်းစားကြည့်လေ။ သူသာ မယ်မကို ချစ်တယ်ဆို ခန့်ညားလိုပဲ ရိုးရိုးသားသား မယ်မဆီ ဝင်မှာပေါ့။ အခု သူက တခြားမိန်းကလေးတစ်ယောက်ကို ချစ်လို့ မယ်မကို လာအောင်သွယ်ခိုင်းတာလေ။ အဲဒါကြီးတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးဟာ"

"အင်း ... ဟုတ်ပါတယ်။ ငါ အတွေးမှားသွားတာပါ။ ဩော် ... ဒါနဲ့ ခန့်ညားကို အဖြေပေးဖို့ကျတော့ နင် ဘယ်တော့ပေးမှာလဲ မယ်မ"

မယ်မက အခုချိန်မှာ ခန့်ညားအတွက် အဖြေတစ်ခု ရှိသလိုလို ဖြစ်နေပေမယ့် ပေးဖို့ကတော့ အဝေးကြီးလိုပါသေးသည်။ ချန်ရန့်ကို စိတ်တွေဆိုးနေတာကြောင့် ခန့်ညားနဲ့ ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



တောင်မပြောဖြစ်ချေ။ ခန့်ညား ခများမှာတော့ မယ်မ ဖုန်းမကိုင်တဲ့အတွက် သူ့ကို ဘာများစိတ်ခုသွားတာလဲဆိုပြီး မျက်ကလဲဆန်ပြာတွေ ဖြစ်နေရှာသည်လို့ ချိုနွယ့်ဘဲဆီကတစ်ဆင့် ပြန်ကြားထားရပါသည်။ အဲဒီတော့လည်း ခန့်ညားကို မယ်မ သတိရသွားပေမယ့် ချစ်သူတော်ဖို့ကျတော့ အရမ်းကို စဉ်းစားရခက်နေတဲ့ကိစ္စဖြစ်ပေသည်။

ချစ်သူဆိုတာဟာ မထားသင့်တဲ့ကိစ္စပဲ ဆိုတာတဖြည်းဖြည်း မယ်မ သဘောပေါက်လာလေသည်။ တကယ်တော့ အချစ်ရေးမှာ အဆင်ပြေဖို့ဆိုတာ ကံနဲ့လည်း အများကြီးသက်ဆိုင်လေသည်။

"ငါ့စိတ်ထဲမှာ အချစ်ဆိုတာကြီးကို ဖီးလ်မထည့်ထားချင်တော့ဘူးဟာ။ ခန့်ညားကို ငါ မချစ်သေးပါဘူး။ လောလောဆယ် ငါ စိတ်တွေမွန်းကျပ်နေတယ်။ ဘာလို့မှန်းလဲမသိဘူးဟာ။ စိတ်ကို relax လုံးဝလုပ်လို့ မရဘူး"

"နင်ကလည်းဟာ ဘာမှ ညစ်မနေပါနဲ့၊ လုံးဝ free ထားပေါ့။ နင်က ပျော်ပျော်နေတတ်တဲ့သူပါ"





"အစ်မ ... ဟိုတစ်ခါ အစ်ကိုကြီးက ပေးခိုင်းတာ။ သွားသွားပြီ"

မယ်မ လက်ထဲ အတင်းထိုးပေးကာ ထွက်သွားသော ဖိုးဝကို အနောက်က လှမ်းခေါ်လည်း တားမရချေ။ မယ်မသည် ပါဆယ်ဘူးလေးကို ချိုနွယ့်ဆီ ပေးလိုက်ကာ ...

"ရော့ ... နင်တို့ဘာသာ ဖွင့်ကြည့်တော့ဟာ"

"ခန့်ညားကလည်းလေ ... နင့်ကို တော်တော်တော့ ချစ်ရှာပါတယ်ဟယ်။ အင်း ... မှန်းစမ်း ဘာပါလိမ့်"

ချိုနွယ်က ပါဆယ်ဘူးကို ဖွင့်လိုက်လျှင်တော့ မယ်မရဲ့ပုံကို ကယ်ရီကေးချားဆွဲထားသော စာရွက်လိပ်လေးရယ်၊ MP3 စက်သေးသေးလေးတစ်လုံးရယ်ကို တွေ့ရလေသည်။ မယ်မရဲ့ရုပ်ပြောင်ပုံလေးကို ကြည့်လိုက်ရတော့ စိတ်ညစ်တာတွေခဏပျောက်ကာ ပြုံးတော့ ပြုံးမိသွားသည်။

"အမယ် ... ခန့်ညားက တယ်စွမ်းပါလား။ နင့်ကိုပြုံးအောင် ဖန်တီးပေးနိုင်သားပဲ။ မှန်းစမ်း ... MP3 စက်ထဲမှာ ဘာတွေ ပါပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



မယ်မရဲ့နားထဲသို့ နားကြပ်တစ်ဖက်တပ်ကာ ချိုနွယ်ကလည်း တစ်ဖက်တပ်လိုက်ရင်း ဖွင့်နားထောင်လိုက်သည်။ ပထမဆုံး စတင်ကြားရတာကတော့ အူလှိုက်သည်းလှိုက်ကို ရယ်နေသော ကလေးရယ်သံလေးပဲဖြစ်သည်။ အဲဒီရယ်သံကြောင့် မယ်မလည်း ရယ်ဖြစ်သွားပါသည်။ ပြီးတော့ မြူးမြူးကြွကြွ DJ တီးလုံးလေးတွေကို ကြားရလေသည်။ အဲဒီနောက်မှာတော့ ကလေးသံလေးဖြင့်ပြောသော "မင်း ကိုယ့်ကိုပြန်မချစ်ရင်တော့ ငိုမှာပဲ အီး ... အဟီး ..."ဆိုပြီး ငိုသံ ringtone ဖြင့် ပြီးသွားလေသည်။

ဘာပဲဖြစ်ဖြစ် မယ်မရဲ့စိတ်တွေ အရမ်းကို ပေါ့ပါးလတ်ဆတ်သွားတာတော့ အမှန်ပဲဖြစ်သည်။ မယ်မကို ပျော်သွားအောင် စိတ်အပြောင်းအလဲလေး လုပ်ပေးနိုင်တဲ့ ခန့်ညားဟာ မယ်မကို သိပ်ချစ်တယ်ဆိုတာ သိသာလှပါသည်။

"ခန့်ညားက ငါ့အတွက် သင့်တော်တဲ့ ယောက်ျားတစ်ယောက် ဖြစ်နိုင်သလားဟင်"

"နင့်ကို စပြီးမိတ်ဆက်တဲ့ နေ့ကတည်းက နင့်စိတ်ကို ပသာဒတွေဖြစ်အောင် သူ ဖန်တီးပေးနိုင်တယ် မယ်မ။





သူပေးတဲ့ lollipop တွေ၊ ပန်းသီးလေး၊ နှင်းဆီပန်း၊ အဲဒါလေးတွေက အရမ်းကို ရိုမန့်စ်ပဲဟာ။ အခုနောက်ဆုံး နင်စိတ်ညစ်နေတာကို သူသိလို့ နင်ပြုံးသွားအောင် ပျော်သွားအောင် ဂရုစိုက်ဖန်တီးပေးတယ် ဆိုတည်းက နင့်ကို ချစ်လို့နေမှာပေါ့။ မချစ်ဘဲနဲ့ အဲဒီလောက် အချိန်ကုန်မခံလောက်ဘူးလို့ ငါထင်တယ်"

"အင်း ... ဟုတ်ပါတယ်။ ဒါပေမဲ့ သူက အပြင်မှာတွေ့ရင်တော့ အဲဒီလောက်ကြီး ဂရုမစိုက်ဘူးလားလို့"

"ထင်လို့နေမှာပါဟယ်။ ငါတို့အမြင်မှာတော့ နင် ခန့်ညားနဲ့ ရည်းစားဖြစ်သင့်နေပြီလို့ ထင်တယ်"

ဟုတ်သလား။ သူငယ်ချင်းတွေကတော့ ခန့်ညားကို ထောက်ခံပေးနေကြပြီဖြစ်သည်။ အချစ်ဆိုတာဟာ ဘာကိုခံစားပြီး ချစ်တယ်ဆိုတာ ဖြစ်လာရတာလဲ။ ယောက်ျားတွေဟာ မယုံရဘူးဆိုတာလည်း မယ်မ သိနေတဲ့အတွက် စဉ်းစားရတော်တော်ခက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘွားရယ် ... သားကို ကယ်ပါဦးဗျာ။ သူ ကျွန်တော့်ကို အရမ်းစိတ်ဆိုးသွားပြီ ဘွားရဲ့။ သားက သူ့ကိုသိပ်ချစ်တာ၊ ကျွန်တော် သူ့ကိုချစ်လို့ အဲဒီလို ဖန်တီးမိတာပါ။ ကျွန်တော် ဘာလုပ်ရမလဲ ဘွားရာ"

ဒေါ်မိုးမြတ်သည် မြေးလေးရဲ့အဖြစ်ကိုကြည့်ကာ ရင်ထဲမကောင်းပေ။ မြေးလေးခမျာ တော်တော့်ကို ခံစားနေရရှာတာဖြစ်သည်။ မြေးလေးအတွက် ဘာများလုပ်ပေးနိုင်သလဲ စဉ်းစားကြည့်ပြန်တော့လည်း မြေးမလေးကို ဘာသွားပြောရမလဲမသိ။ မြေးမလေး မယ်မဘက်ကကြည့်တော့လည်း ဒီကိစ္စဟာ တော်တော်စိတ်ဆိုးစရာကိစ္စပဲဖြစ်သည်။ မယ်မရဲ့စိတ်ဓာတ်ကို သူသိသည်။ သူမဆီကိုတောင် ဖုန်းမဆက်သေးဘူး ဆိုကတည်းက ဒါဟာမြေးလေး ချန်ရန့်ကို တော်တန်ရုံစိတ်ဆိုးတာ မဟုတ်မှန်း သိသာပါသည်။





"မြေးလေးရယ်။ ဘွား တကယ်စိတ်မကောင်းဘူး။ သားက ရိုးရိုးရှင်းရှင်းသွားရင် ရောက်မယ့်ခရီးကို ချော်တောငေါ့ပြီး လမ်းလွဲက သွားတာကိုး။ အင်း ... ဖြစ်ရမယ်ကွယ်။ ချန်ရန် ... သား မယ်မဆီသွားပြီး မတောင်းပန် မရှင်းပြဘူးလား"

"ကျွန်တော် ဖုန်းတော့ဆက်ကြည့်ပါတယ်။ ဒါပေမဲ့ ဖုန်းမကိုင်ဘူး။ မနေ့ကတော့ မယ်မကို စိတ်အပြောင်းအလဲလေးဖြစ်အောင် ကျွန်တော် ကယ်ရီကေးချားပုံလေးရယ်၊ ပြီးတော့ MP3 ထဲကို relax ဖြစ်မယ့် သီချင်းလေးတွေထည့်ပြီး ဖိုးဝနဲ့ ပို့ပေးလိုက်တယ်"

"အေး ... လုပ်ပြန်ပြီ ချန်ရန်။ တစ်ခါသေဖူးလည်း ပျဉ်ဖိုးနားမလည်ပါလားဟယ်။ နင် ဒီလိုလျှို့ဝှက်ပြီး လုပ်နေလို့ မယ်မလေး နားလည်မှုလွဲပြီး စိတ်ဆိုးသွားပြီးပြီ။ အဲဒီလို မျိုးပစ္စည်းတွေ ပို့နေတဲ့သူဟာ မင်းဆိုတာ သူ ဘယ်လိုသိမှာလဲ။ သားရယ် ... လွယ်တာတွေကို ခက်အောင်လုပ်ပစ်လို့ အားလုံးရှုပ်ကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



အဘွားစကားကြောင့် ချန်ရန်သည် ဟင်းခနဲ သက်ပြင်းချကာ ငိုမဲ့မဲ့ကြီး ထိုင်နေမိတော့သည်။ တကယ်တော့ သူဟာ သူ့တွက်ကိန်းနဲ့သူ ဟုတ်ပြီလို့ ထင်ထားခဲ့တာဖြစ်သည်။ ပထမဆုံး သူဟာ ရေအေးကိုကြိုက်နေလို့ အကူညီတောင်းတဲ့ပုံစံမျိုးနဲ့ ဝင်ရောပြီး ကြားကာလမှာ မယ်မကို ရင်ခုန်ကြည်နူးစေမယ့် ပစ္စည်းလေးတွေ ပို့ပို့ပေးမည်။ အဲဒီပစ္စည်းလေးတွေကလည်း မယ်မ ကိုယ်တိုင် သူ့ကို ဘာပေးပါလား ဘာပေးပါလားဆိုပြီး အကြံပေးတာကိုပဲ သူက တစ်သဝေမတိမ်း မယ်မကို ပို့ပေးခဲ့တာဖြစ်သည်။ ပြီးတော့မှ သူဟာ မယ်မကို အမှန်တိုင်းဖွင့်ပြောပြီး ပစ္စည်းပို့နေသူဟာ သူပါလို့ ဝန်ခံကာ ချစ်ခွင့်ပန်ဖို့ တွေးထားတာဖြစ်သည်။ အခုတော့ အားလုံးဟာ ထင်ထားတာရဲ့ဆန့်ကျင်ဘက်တွေပဲ ဖြစ်လာတာဖြစ်သည်။

"အဘွားရယ် ... သား မှားပါပြီဗျာ။ သား ဘာလုပ်ရမလဲ ဟင်"

"ဘာမှလုပ်မနေနဲ့တော့။ မြေးမကောင်းတော့ အဘွားခေါင်းတဲ့။ ဘွားဘွားက ငါ့မြေးလေးကို မြေးမလေးနဲ့ သဘောတူ





တယ်။ ပွင့်ပွင့်လင်းလင်းနဲ့ လူကြီးချင်း နားဖောက်လိုက်ရင် အဆင်ပြေမယ့်ကိစ္စ အခုတော့ အားလုံးရှုပ်ပြီ။ ဘွားက ဒီကိစ္စမှာ ဝင်မပါတော့လည်း ငါ့မြေး အသည်းကွဲမယ်။ ဟော ... ဝင်ပါပြန်တော့လည်း ဘွားမကောင်းဘူးဖြစ်တယ်။ လူကြီးဟဲ့ ... ကလေးတွေကိစ္စ နေရာတကာ ဝင်ပါတော့ မသင့်တော်ဘူး ...

အခုဟာက မြေးမလေးက စိတ်ဆိုးနေတော့ ဘွားလည်းဖုန်းဆက်ဖို့ အားနာသကွယ်။ မြေးမလေးကို တကယ်မျက်နှာပူတယ်။ မင်းဟာလေ တကယ်ကိုရှုပ်တဲ့ အကောင်"

ချန်ရန်သည် ဘွားဘွားဆူတာကိုခံရင်း ဘွားရဲ့ဒူးကိုကိုင်ကာ မျက်နှာငယ်လေးဖြင့် အသနားခံရလေသည်။

"ဘွားရယ် ... သား တောင်းပန်ပါတယ်။ သားကို ဘွားပဲကယ်နိုင်ပါတယ် ဘွားရယ်။ မယ်မဆီကို ဖုန်းဆက်ပြီး အခြေအနေလေး အကဲခတ်ကြည့်ပေးပါ။ ဘွားရယ် ... ကူညီပါ။ ဘွားမှမကူညီရင် မယ်မကို ကျွန်တော် ဆုံးရှုံးသွားရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မယ်မလေးကို ချစ်တာတော့ ကျိန်းသေပါတယ်နော်"

"သေချာပါတယ် ဘွားရာ။ ကျွန်တော် သူ့ကိုသိပ်ချစ်တာပါ"

ဘွားက သူ့ကို သေချာသလားဆိုတာ ဆန်းစစ်သည့် မျက်ဝန်းဖြင့် တစ်ချက် အကဲခတ်ကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်၍ ...

"ကောင်းပြီ။ ဘွား မယ်မဆီကို ဖုန်းဆက်ပြီး အကဲခတ်ကြည့်လိုက်ဦးမယ်"

ဘွားဘွားက ချက်ချင်းဆိုသလိုပင် မယ်မဆီကို ဖုန်းလှမ်းခေါ်လိုက်လေသည်။ ချန်ရန်သည် ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် စောင့်မျှော်နေရတာဖြစ်၏။

"ဟယ်လို ... မြေးမလေး ဘွားပါ။ နေကောင်းလား"

"ဟုတ်ကဲ့ ... ဘွားဘွား။ မယ်မက ဒီရက်တွေ ကျောင်းတောက်လျှောက်တက်နေရလို့ ဘွားဆီတောင် ဖုန်းမဆက်ဖြစ်ဘူး။ ဘွားဘွားကော နေကောင်းလား။ သမီးနောက်ရက်မှ ဘွားဘွားဆီ လာခဲ့ဦးမယ်။ ဘွားဘွားမြေးအကြောင်းတွေ လာတိုင်မလို့"





ဖုန်းကို Speaker ဖွင့်ထားသော ဘွားဘွားက သူ့ကိုပါ မယ်မပြောသော စကားအတွက် မျက်စလှမ်းပစ်ပြလျှင် ချန်ရန်က ပခုံးအသာတွန့်မိသွားသည်။

"ဟုတ်လား ... မြေးမလေး။ ချန်ရန်ကလည်း ပြောတယ်။ မြေးမလေး သူ့ကို စိတ်ဆိုးသွားတယ်တဲ့။ တော်တော်ကိုလည်း စိတ်ညစ်နေပုံပဲ။ ဘာဖြစ်ကြတာလဲ သမီး"

"နောက်နေ့ သမီးလာမှ ပြောပြမယ် ဘွား။ အဘွားမြေးက သိပ်ဆိုးတာ။ သူ့ကို သေချာဆုံးမလိုက်ပါ ဘွားဘွားရယ်။ ဟဲ ... ဟဲ ... ဩော် ... ဘွား ... သမီးဆီဖုန်းဆက်တာ ကိစ္စအထူးအထွေများ ရှိလို့လားဟင်။ သမီးဘာလုပ်ပေးရမလဲဟင် ဘွား"

"ဩော် ... ဘာကိစ္စမှတော့ မရှိပါဘူး မြေးရယ်။ ဘွားရဲ့ မြေးမလေးကို ဘွားက သတိရလို့ပါ။ မြေးလေးကို မြေးမလေးကို စိတ်ဆိုးနေတယ်ဆိုတော့ ဘွားကိုပါ ဖုန်းမဆက်တော့ဘဲ အဆက်သွယ် ဖြတ်ပစ်လိုက်မှာစိုးတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘွားရယ် ... ဘာလို့ အဆက်သွယ် ဖြတ်ပစ်ရမှာလဲ။ ဘွားက သမီးရဲ့ထာဝရအားကိုးတိုင်ပင်ရာ ဘွားဘွားပါ။ မယ်မက ဘွားကို သိပ်ချစ်တဲ့ဟာကို။ မယ်မရဲ့ဘဝမှာ ဘွားကြောင့် တိုးတက်မှုတွေ ရှိလာခဲ့ရတာပါ။ ချန်ရန့်ကို စိတ်ဆိုးတာနဲ့ပဲ ဘွားကိုဖြတ်စရာလား။ ဘာမှစိတ်ထဲမှာ စနိုးစနောင့် မဖြစ်ပါနဲ့ ဘွားရယ်"

ချန်ရန်သည် မယ်မနဲ့ ဘွားဘွားကြားက သံယောဇဉ် အတိမ်အနက်ကို ခန့်မှန်းလို့ ရသွားပါသည်၊ မင်းကို ငါ ရိုးရိုးလေးသာ ချစ်ခွင့်ပန်ဖို့အတွက် ကြိုးစားမိခဲ့ရင် ငါ အခုဆိုပျော်နေရလောက်မယ်ထင်တယ် မယ်မရယ်။ အခုတော့ သူဟာ"မဟုတ်မဟုတ်တွေ တွေးမိ၍ ဒုက္ခအကြီးကြီး ရောက်နေရပြီဖြစ်သည်။

"အေးပါကွယ် ... အေးပါ။ ဩော် ... ဒါနဲ့ မြေးမလေး New Year ဘာအစီစဉ်ရှိသလဲ"

"အမ်း ... ဘာမှ မစဉ်းစားထားရသေးဘူး ဘွားရဲ့။ ဘွားက နှစ်သစ်ကို ဘယ်လိုကြိုချင်လို့လဲ"





"မြေးမလေး အိမ်လာခဲ့လေ။ ဘွားတို့ တိုင်ပင်ကြမယ်လေ"

"OK ... ဘွား။ အမ်း ... ဒါဆို သမီး မနက်ဖြန်လာခဲ့မယ်လေ။ အဟီး ဟီး ... ဘွားကို တိုင်ပင်စရာလေးတွေလည်း ရှိသေးတယ်"

တိုင်ပင်စရာ။ ချန်ရန်သည် မယ်မရဲ့စကားသံတွေထဲကနေ ရက်သွေးဖျန်းလေသံကို အရိပ်အယောင်လေးတွေကို ရိပ်စားမိသလို ရှိတာကြောင့် သူ့ရင်ထဲမှာ ဗလောင်ဆူသွားရပါသည်။ ဘွားကို ဘာကိစ္စတွေများ တိုင်ပင်စရာရှိနေသေးလဲ မယ်မရယ်။ မင်း အားကိုးတိုင်ပင်ရတဲ့ ဘွားကို မင်းချစ်တော့မယ့် ဟိုကောင့်အကြောင်းတွေ ပြောပြချင်တာလားဟင်။

"ဟုတ်ပြီ ... မြေးမလေး၊ ဒါဆို မနက်ဖြန်တွေ့မယ်လေ။ see you"

ဘွားဘွားက ဖုန်းပိတ်သွားသောအခါ ချန်ရန်သည် ဘွားဘွားကို မျက်နှာမော့ကြည့်လိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"သား ... မြေးလေး၊ ဘာကိုမှ အမျှော်လင့်ကြီး မျှော်လင့် မထားနဲ့ပေါ့ကွယ်။ ဘွားဘွားကတော့ ဘွားမြေးလေးကို ဘွားချစ်ရတဲ့ မြေးမလေးနဲ့ ဖြစ်စေချင်ပေမယ့် ကံတရားက မသင့်လျော်ဘူးလို့ ဆုံးဖြတ်ရင် ဘာမှမတတ်နိုင်ဘူးကွယ်။ ဘွားကတော့ မြေးလေးကို မြေးမလေး ချစ်လာပါစေလို့ ဆုတောင်းပေးမှာကွယ်"

ဘွားဘွားရဲ့နှစ်သိမ့်စကားတွေဟာ သူ့ရင်ထဲမှာ ခံနိုင်ရည်တံတိုင်းကြီးတစ်ခု တည်ဆောက်နိုင်ဖို့ မစွမ်းဆောင်နိုင်ပေမယ့် သူ့အပြစ်နဲ့သူကြောင့် ဖြစ်သမျှအကြောင်းပဲဆိုတဲ့ စိတ်တော့ ဖွတ်ကို နှလုံးသွင်းထားရပါသည်။





၁၁

"မြေးလေးရေ ... မင်းတော့ ကိုယ့်ဒုက္ခ ကိုယ်ရှာတာပဲပေါ့။ မင်းပို့ပို့ပေးနေတဲ့ ပန်းစည်းလေးတွေရဲ့ပိုင်ရှင်ဟာ ဟိုကလေးလို့ မြေးမလေးက လုံးဝကို ထင်နေတာ။ သူ့ကို မြေးမလေးက အဖြေပေးတော့မယ်တဲ့။ ဘွားလည်း မြေးလေးအတွက် ဘာပြောပေးရမှန်းကို သိတော့ဘူးကွယ်"

ကြားလိုက်ရတဲ့စကားသံကြောင့် ချန်ရန်သည် ဗျာ ဆိုပြီးတော့တောင် အာမေဋိတ်မပြုနိုင်တော့ပါပေ။ ဟား ... အရမ်းကို ကံဆိုးသွားပြီဆိုတာ သူ သဘောပေါက်သွားသည်။

"ဟယ်လို ... ဟယ်လို ... မြေးလေး ချန်ရန်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဘွား။ ဘာမှစိတ်မပူပါနဲ့။ သား ဘာမှမဖြစ်ပါဘူး။ သားကိစ္စကို သားဘာသာ ဖြေရှင်းတတ်ပါတယ်။ သူ ကျွန်တော့်ကို ခွင့်လွှတ်သည်ဖြစ်စေ၊ ခွင့်မလွှတ်ဘူးဖြစ်စေ ဘာပဲလာလာ ကျွန်တော် ရင်ဆိုင်နိုင်ပါတယ်။ ဒါပဲနော် ဘွား၊ သား အတန်းတက်နေလို့။ ညနေမှတွေ့မယ်"

ချန်ရန်က ဖုန်းပိတ်လိုက်ပြီးတာနှင့် သူ့ကိုအကဲခတ်နေသော ကောင်းနိုင်က မေးလေသည်။

"ချန်ရန် ... ဘာဖြစ်တာလဲဟင်။ မင်း ရှော့ခ်တက်နေတယ်ထင်တယ်"

"ဟုတ်တယ် ... ကောင်းနိုင်။ တကယ်တော့ မိန်းကလေးတစ်ယောက်ကို ချစ်တယ်ဆိုရင် ရိုးရိုးလေးပဲ ချစ်ရမယ်ကွ။ ကွန့်တာတွေ ဆန်းတာတွေ သိပ်များသွားရင် အသည်းကွဲရတတ်တယ်။ ပြီးတော့ အခန့်မသင့်ရင် သူများကောင်းစားရေးအတွက် လမ်းဖွင့်ပေးသလို ဖြစ်သွားလိမ့်မယ်"

"ဒါဆို မင်းက ... အခု ..."





ချန်ရန်က ခေါင်းတစ်ချက် ဆတ်ပြကာ ...

"ဟုတ်တယ် ... အဲဒီလို ငါ ဆန်းမိ ကွန့်မိလို့ အဲလိုခံစားနေရပြီ"

ပြောနေတုန်းမှာပဲ သူ့ရှေ့ကနေ ချို့နွယ်နဲ့ သူ့ဘဲ ဇေယျာ ဖြတ်သွားတာကြောင့် ချန်ရန်သည် ကောင်းနိုင်ကို ခဏထားခဲ့ကာ ချို့နွယ်တို့ကို နောက်ကနေ အသံသည်းအသန်လိုက်ခေါ်လေလျှင် ချို့နွယ်က သူ့ကိုမကြည့်သလို ဘုရိုးရိုးကာ မေးတစ်ချက် ဆတ်ပြ၍ ...

"ဘာကိစ္စလဲ မိုးမြင့်ချန်ရန်"

"ငါ တောင်းပန်ပါတယ် ချို့နွယ်။ ဒီက သူငယ်ချင်း ဇေယျာကိုတော့ အားနာပါတယ်။ ဒါပေမဲ့ ငါ့အတွက် အရမ်းအရေးကြီးနေလို့ပါ။ ချို့နွယ် ... အခု မယ်မ ဘယ်မှာလဲ။ ငါ သူ့ကို သေချာရှင်းပြချင်လို့ပါ။ ငါ ဘာလို့ အဲဒီလို လုပ်ရတာလဲဆိုတာကို သူ့ကို သိသွားအောင် ရှင်းပြဖို့လိုအပ်တယ်"

"ဘာလို့ အဲဒီလို လုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ချို့နွယ့် မေးခွန်းကြောင့် သူဟာ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ အမှန်တရားကို ဝန်ခံလိုက်တော့သည်။

"ငါ မယ်မကို ချစ်လို့။ သူ့အနားကို အမြန်ဆုံးရောက်ဖို့အတွက် သူ ကူညီတယ်ဆိုတဲ့ကိစ္စနဲ့ သူ့အနားကိုလာခဲ့တာပါ။ ငါ သူ့ကို သူမသိအောင် ပစ္စည်းလေးတွေထား‚ထားခဲ့ပါတယ်။ ပထမဆုံးစတွေ့တဲ့နေ့က lollipop၊ ပြီးတော့ ပန်းသီး၊ နှင်းဆီပန်း၊ နောက်ဆုံးဟာ တစ်နေ့က ကယ်ရီဘေးချားနဲ့ MP3 ကို ပို့ပေးတဲ့သူဟာလည်း ငါပါပဲ။ အခု မယ်မက အဲဒီကိစ္စကို မသိတဲ့အတွက် ငါ သူ့ကိုချစ်နေတယ်ဆိုတာ သူသိသွားအောင် ငါရှင်းပြချင်လို့ပါ။ ကူညီပါ ချို့နွယ်။ ဧယျ ... ကူညီပါ။ ငါ့ရဲ့နောက်ဆုံးမျှော်လင့်ချက်ပါ"

သူ့စကားဆုံးသွားသောအခါ ချို့နွယ်က အံ့အားသင့်ကာ ပါးစပ်အဟောင်းသားဖြင့် သူ့ကိုကြည့်ကာ အထစ်ထစ်အငေါ့ငေါ့လေသံဖြင့် သူ့ကို လက်ညှိုးကြီးထိုးကာ ...





"ဟယ် ... ဒါ ... ဒါဆို မယ်မကို ပစ္စည်းတွေပေးတဲ့သူက နင် ... နင်ပေါ့။ ဟာ ... လွဲပြီ၊ ငါတို့ထင်ထားတာက တခြားတစ်ယောက်။ ဒါနဲ့ ချန်ရန် ... နင် သူ့ကို တကယ်ချစ်တာပါနော်"

"ချစ်လွန်းလို့လည်း အားလုံးအမှားတွေ ဖြစ်ကုန်တာပေါ့ဟာ။ ငါ့ကို မယ်မ ပြန်မချစ်ရင်နေပါ။ ခွင့်မလွှတ်တော့ရင်နေပါဟာ။ မယ်မကို ငါ ချစ်တယ်ဆိုတဲ့ အကြောင်းလေးကိုတော့ သူ့ကို သိသွားစေချင်တယ်ဟာ"

ချို့နွယ်က လက်မှာပတ်ထားတဲ့ နာရီကို ငုံ့ကြည့်လိုက်ကာ သူ့ကို စိုးရိမ်မကင်း မျက်ဝန်းတွေဖြင့်ကြည့်၍ ...

"နင် မြန်မြန်လိုက်သွားတော့ ချန်ရန်။ အချိန်အရမ်းကပ်နေပြီ။ မယ်မက ဒီနေ့ပဲ ခန့်ညားကို အဖြေပေးတော့မှာ။ နင် အနုပညာအသင်းရှေ့ကအဆောင်ရဲ့ ကျောက်ခုံတန်းကို အမီသွားတော့။ မယ်မကို ရအောင်ရှင်းပြလိုက်ပါ။ မြန်မြန်သွားတော့၊ ဒီတစ်ခါ နောက်ကျလို့မဖြစ်တော့ဘူး"

"ကျေးဇူးပဲ ... ချို့နွယ်။ ကျေးဇူးပဲ ဧယျ"



www.burmeseclassic.com

www.burmeseclassic.com



ချန်ရန်သည် သူတို့ကို နှုတ်ဆက်ကာ ကျောပိုးအိတ်ကို ဆတ်ခနဲကောက်လွယ်ကာ လေကိုခွင်း၍ပြေးကာ အဲဒီကို အပြေးသွားရပါသည်။ တားရမယ်။ တားလို့မရစေဦးတော့ သူ မယ်မကို ချစ်နေတယ် ဆိုတာကိုတော့ မယ်မကို အသိပေးမှဖြစ်ပါမည်။ ချန်ရန်သည် အပြေးသွားနေရင်းကမှ မယ်မဆီကို ဖုန်းခေါ်လိုက်သည်။ သူ့ဖုန်းဆို ကိုင်မှာမဟုတ်မှန်းသိပေမယ့် နောက်ဆုံးသောမျှော်လင့်ချက်အတွက် မယ်မဆီကို ဖုန်းခေါ်လိုက်သည်။

ကျေးဇူးပြုပြီး ဖုန်းလေးတစ်ချက်တော့ ကိုင်ပေးပါ မယ်မညို။

❦ ❦ ❦





သူငယ်ချင်းတွေ အားလုံးကလည်း ခန့်ညားဟာ မယ်မအတွက် အသင့်တော်ဆုံးသူဟု ထောက်ခံပေးကြသောအခါ မယ်မဟာ အဖြေပေးဖို့ ဆုံးဖြတ်လိုက်သည်။ ဒီနေ့ သူ့ကိုအဖြေပေးဖို့အတွက် မယ်မဟာ ချိန်းလိုက်တာဖြစ်၏။ အမ်း … ကိုယ့်ချစ်သူဖြစ်လာမယ့်သူမို့လို့လားမသိ။ သူ ဒီနေ့မှ ပိုချောနေသလားလို့။ အင်း … ဒီနေ့ကော မယ်မအတွက် ဘာ romance လေးတွေများ တွေ့ရမလားပဲ။

"မယ်မ … ကျွန်တော်လေ အရမ်းစိတ်တွေလှုပ်ရှားနေတယ်။ မယ်မဆီက တစ်ခုခု ကြားရဖို့အတွက် ရင်တွေသိပ်ခုန်နေတယ်"

"အဟမ်း … ရှင်က သူများကို ပျော်ရွှင်စေအောင်ဖန်တီးပေးနိုင်တဲ့ အစွမ်းအစ ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မ ရှင့်ကို ကျေးဇူးတင်ပါတယ်။ ရှင် surprise လုပ်တဲ့ ပန္နည်း



www.burmeseclassic.com

www.burmeseclassic.com



လေးတွေက ကျွန်မကို ပျော်ရွှင်စေပါတယ်။ အဲဒီအတွက် ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ဟိုတစ်နေ့က ကယ်ရီကေးချား ပုံလေးကို ကျွန်မ ဘောင်သွင်းထားတယ် သိလား။ MP3 ကိုတော့ ရှင်ပြန်ယူပါ။ တန်ဖိုးကြီးတဲ့ ပစ္စည်းတွေတော့ ကျွန်မ လက်မခံပါရစေနဲ့"

မယ်မက အိတ်ထဲက MP3 လေးကို ထုတ်ကာ သူ့ကိုပေးလိုက်လျှင် ခန့်ညားက ပေးနေတာကိုမယူဘဲ မယ်မကို အူတူတူမျက်ဝန်းတွေဖြင့်ကြည့်လျှင် မယ်မက အသာရယ်မောရလေသည်။

"ဟိုတ် ... ယူပါ။ ဘာဖြစ်တာလဲ ခန့်ညားကလေ တစ်ခါ တစ်ခါ သိပ်အူတာပဲ"

ခန့်ညားက မယ်မကို ခပ်နက်နက် စိုက်ကြည့်ကာ ပြုံးလိုက်ပြီးမှ မယ်မပေးတဲ့ MP3 လေးကိုယူကာ မယ်မဘေးသို့ ကပ်ထိုင်လိုက်ကာ ...

"ကိုယ် ဝမ်းသာလိုက်တာ မယ်မရယ်။ ကိုယ့်ကို မယ်မ အဖြေပေးတာပေါ့နော်။ ကိုယ်ပေးတဲ့ပစ္စည်းလေးတွေကို





လည်း မယ်မက သဘောကျတယ်ပေါ့နော်။ ကိုယ်ဖန်တီး ရကျိုးနပ်ပြီကွာ။ ကိုယ် သိပ်ပျော်တာပဲ ...

ဒါဆို မယ်မက ကိုယ့်ကိုချစ်တယ်ပေါ့နော်"

မယ်မက ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် ခေါင်းညိတ်တော့မယ့်ဆဲဆဲမှာ မြည်လာသောဖုန်းသံကြောင့် မယ်မက ဖုန်းကို ထုတ်လိုက်လျှင် ခန့်ညားရုပ်ကြီးက အီလည်လည်ကြီး ဖြစ်သွားပုံရပါသည်။ မယ်မက အသာပြုံးလိုက်ရင်းက ခဏနော်ဟု ခပ်တိုးတိုးဆိုကာ ဖုန်းနံပါတ်ကြည့်လိုက်တော့ Display မှာပေါ်နေသော နံပါတ်ကြောင့် နည်းနည်းတော့ တွေခနဲဖြစ်သွားပါသည်။

ဟင် ... ဒါ ... ချန်ရန့်ဆီကဖုန်းပဲ။ ဖုန်းကိုင်လိုက်ရင် ကောင်းမလား။ မယ်မသည် ခန့်ညားရဲ့အီလည်လည်မျက်နှာကြီးကို နောက်ချင်တာနဲ့ပဲ ဖုန်းကိုင်လိုက်တော့သည်။

"ဟယ်လို"

"ဟင်း ... ဟူး ... မယ်မ ... မယ်မညို ကျေးဇူးပြုပြီး ကျွန်တော်ပြောတာ ဆုံးအောင်နားထောင်ပေးပါ။ ခန့်ညားကို အဖြေမပေးပါနဲ့ဦး၊ ကျွန်တော် ဘာလို့ ခင်ဗျားကိုလိမ်



www.burmeseclassic.com

www.burmeseclassic.com



ရတာလဲဆိုတော့ ခင်ဗျားကိုသိပ်ချစ်လို့ပါ မယ်မ။ မင်းရဲ့ အနားကို အမြန်ဆုံးရောက်ချင်လွန်းလို့ ဒီလိုဖန်တီးမိတာပါ။ ပြီးတော့ မင်းဆီပို့ပေးတဲ့ ပစ္စည်းတွေက ကျွန်တော်ပို့တာပါ။ lollipop တွေ၊ ပန်းသီးတွေ၊ နှင်းဆီပန်း၊ ကယ်ရီကေးချား ပုံတွေ အကုန်လုံး ကျွန်တော်ပို့ပေးခဲ့တာပါ မယ်မ ...

ဒီအကြောင်းတွေကို မယ်မ သိစေချင်တဲ့စိတ် တစ်ခုတည်းနဲ့ ပြောပြတာပါ။ မင်း အဖြေမပေးခင်မှာ ကျွန်တော် ချစ်တယ်ဆိုတဲ့ အကြောင်းလေးကို သိသွားစေချင်တယ် မယ်မရယ်”

ကြားလိုက်ရတဲ့စကားကြောင့် မယ်မသည် ပါးစပ်အဟောင်းသားဖြင့် အံ့အားသင့်သွားရလေသည်။ ဒါ ... ဒါတွေဟာ အမှန်တဲ့လား။

မယ်မဆီကိုပေးတဲ့ လက်ဆောင်လေးတွေဟာ ချန်ရန်ပေးတာလား။

ဒါဆို ခန့်ညားကကော ဘာလဲ။ မယ်မက ဘာမှပြန်မပြောနိုင်ဘဲ ဆွံ့အလို့သွားလျှင် သူက ဆက်ပြောလေသည်။





“ကျွန်တော် မယ်မဆီ ရောက်ခါနီးနေပြီ။ ခဏလေးစောင့်ပေးပါ မယ်မ”

ဟိုဘက်တစ်ဖက်က ဖုန်းလိုင်းက အတိအကျကြီးကို ပြတ်တောက်သွားလေတော့သည်။ မယ်မကို ကြည့်နေသော ခန့်ညားက မယ်မရဲ့ပခုံးကို အသာလှုပ်ကာ ...

“ဘာဖြစ်လို့လဲဟင် မယ်မ”

ဟုတ်နိုင်လား။ မယ်မကို အခုလိုမျိုး ကြင်ကြင်နာနာ မေးခွန်းတွေ မေးနေတဲ့သူဟာ မယ်မ ရင်ခုန်စေတဲ့ romance အပြုအမူလေးတွေ ဖန်တီးနေတဲ့သူ မဟုတ်ဘူးတဲ့လား။ ဒါဆိုရင် ခန့်ညားက ဘာလို့ ခုနတုန်းက မငြင်းရတာလဲ။ တကယ်ပေးတဲ့သူဟာ ချန်ရန် ဖြစ်နိုင်သလား။ ချန်ရန်က ဒီကိစ္စကို သူလုပ်လို့သာ သိနေတာပေါ့။

ဘာတွေလဲ။ ဘာတွေမှန်းကို နားမလည်နိုင်တော့စွာဖြင့် ရင်ထဲမှာ မရှင်းလင်းသည့် မေးခွန်းကို ခန့်ညားအား မေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခန့်ညား ... ရှင် အမှန်အတိုင်း ဖြေပေးပါနော်၊ ဟိုပစ္စည်းတွေက ရှင်ပေးတာ မဟုတ်ဘူးမှလား"

"ဟုတ် ... ဟုတ်ပါတယ်။ ကိုယ်ပေးတာပါ မယ်မရဲ့။ အဲဒါတွေ ထားလိုက်ပါ။ ကိုယ်မေးတာကို ဖြေပေးပါဦး။ ကိုယ့်ကို ချစ်တယ်မှလားဟင် ... ဟင်"

အဲဒီစကားတွေကြောင့် မယ်မဟာ ဘယ်ဟာက အမှန်တရားဆိုတာ နားမလည်တော့ချေ။ ပြီးတော့ မယ်မကို ချန်ရန်က ချစ်တယ်တဲ့။ အား ... ဘာတွေလဲဟာ။

"မယ်မ ... ကျွန်တော် ရောက်ပြီ"

အဲဒီအသံရှင်ဟာ ချန်ရန်ဆိုတာ လှည့်မကြည့်ဘဲနဲ့ကို သိနေပါသည်။ ခန့်ညားက မယ်မကိုတစ်လှည့် ချန်ရန့်ကို တစ်လှည့် ကြည့်နေစဉ်မှာပဲ ချန်ရန်က မယ်မနဲ့ ခန့်ညားဆီသို့ လျှောက်လှမ်းလာကာ မယ်မရဲ့မျက်ဝန်းတွေကို တည့်တည့်စိုက်ကြည့်ကာ ...

"မယ်မ အဖြေမပေးရသေးဘူးမှလား။ ကျွန်တော် နောက်မကျပါဘူးနော် ...





မယ်မ အဖြေမပေးသေးခင်လေးမှာ ကျွန်တော်လည်း သူနဲ့ ပြိုင်ပွဲဝင်ချင်ပါတယ် ...

မယ်မကို ကျွန်တော် အရမ်းချစ်ပါတယ်။ ကျွန်တော့် ဘဝအတွက် မယ်မက မရှိမဖြစ်ပါ။ မယ်မ ကျွန်တော့်ကို စဉ်းစားပေးပါ"

မယ်မက လုံးဝကိုလိုက်လို့မမီနိုင်တဲ့ အခြေအနေတွေအတွက် ဘယ်လိုမှ တုံ့ပြန်မှုမပြုနိုင်သေးခင်မှာ အင်မတန်မှ အံ့အားသင့်စွာသော အပြုအမူတစ်ခုကို ခန့်ညားကဲ လုပ်လိုက်တာ ဖြစ်သည်။ ခန့်ညားဟာ ဆိုးခနဲဆတ်ခနဲဖြင့် ချန်ရန့်ကို လက်သီးဖြင့် ဆွဲထိုးလိုက်တာပဲဖြစ်သည်။ တကယ်ကို ထင်မထားတဲ့ အပြုအမူမျိုးကြောင့် ချန်ရန်က ဖင်ထိုင်ရက်ကို လဲကျလေသည်။

"ဟယ် ... ချန်ရန်။ ခန့်ညား ... ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

"ဒီကောင်က ကိုယ့်ကို လာစိန်ခေါ်နေတာပဲ။ ဒါကြောင့် ထိုးတာလေ။ ဟေ့ကောင် ... မင်း မယ်မကို စိတ်နဲ့တောင် မပြစ်မှားနဲ့။ ဒါ ငါ့ချစ်သူကွ"



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားစကားက မယ်မကိုပါ လာထိခိုက်နေပြီဖြစ်၏။ ချန်ရန်က ချက်ချင်းပင်ထကာ ခက်ထန်စွာသော မျက်နှာဖြင့် ခန့်ညားကို စေ့စေ့ကြည့်ကာ ...

"ငါ့လွတ်လပ်ပိုင်ခွင့်ပဲ"

"တော်စမ်း ... နင်တို့ တော်ကြတော့။ ဒီမယ် ... ခန့်ညား၊ နင်လည်း ငါ့ကိုချစ်သူဆိုတဲ့ အသုံးအနှုန်း လာမသုံးနဲ့။ နင့်ကို ငါ ဘာအဖြေမှ မပေးရသေးဘူး။ နင်နဲ့ ငါ ဘာမှ မဆိုင်ဘူး ခန့်ညား။ ချန်ရန် ... နင်လည်းတော်ပြီ။ ငါ့ကို ဘာစကားမှ ထပ်မပြောနဲ့ ...

ရှင်တို့နှစ်ယောက်စလုံးကို ကျွန်မ အပြတ်ပြောလိုက်မယ်။ ခန့်ညား ... ရှင်လည်း ကျွန်မကို လိမ်တယ်။ ရှင်လည်းပဲ လိမ်တာပဲ ချန်ရန်။ ရှင်တို့နှစ်ယောက်စလုံးကို သိပ်စိတ်ကုန်တာပဲ ...

တစ်ယောက်မှ ကျွန်မနောက် ဆက်မလိုက်နဲ့"

မယ်မက သူတို့ကို ဒေါသထွက်ထွက်ဖြင့် စွတ်ကောက်ကာ ဆောင့်ခနဲ ထွက်လာခဲ့တော့သည်။ တောက် ... ခံပြင်းစရာ





ကောင်းလိုက်တာ။ မယ်မ ဘာလို့ ဒီလောက်တောင် ကံဆိုးနေရတာလဲ။ အချစ်ဆိုတာ ဘာတွေလဲ။

ဒီတစ်ကြိမ်တော့ ကိုယ်ဟာအချစ်အတွက် ကံကောင်းပြီလို့ ထင်မှတ်ထားခဲ့တာ။ ဟား ... ယောကျ်ားတွေအားလုံးဟာ လိမ်ညာတတ်တဲ့ လူတွေချည်းပါပဲလား။

မယ်မကို ရိုးရိုးသားသား အကြင်နာတွေပဲ ပေးနေတယ်လို့ ထင်ထားတဲ့ ခန့်ညားဟာလည်း မယ်မ ထင်နေတဲ့ အထင်အတိုင်းပဲ ချော်လဲလို့ ရောထိုင်ကာ မယ်မကို ဆက်လိမ်တယ်။ ပြီးတော့ မယ်မကို အောင်သွယ်ပေးပါလို့ အကူညီတောင်းခဲ့တဲ့ ချန်ရန်ဟာလည်း မယ်မ လုံးဝထင်မှတ်မထားတဲ့စကားကို ဖွင့်ဟဝန်ခံသွားသလို ပစ္စည်းတွေရဲ့ပိုင်ရှင်ဟာ သူပါပဲတဲ့။

ဘာလုပ်ရမလဲ ? ။ မယ်မ ဘာလုပ်ရမလဲ။


အချစ်ဟာ အဲဒီလိုခါးမယ်ဆိုတာ သိရင် ချစ်ဖို့ မပြောနဲ့ ရင်ခုန်တာကိုတောင် မယ်မဟာ ဖျောက်ဖျက်မယ့်သူပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com







တစ်ယောက်အတွက် တစ်ယောက်က

တမာရွက်ဆိုရင်

ကျွန်တော်က အခါးကြိုက်လို့ တမာဆောင်တာပေါ့။

တစ်ယောက်က ချင်းစိမ်းဖြစ်တာနဲ့

တစ်ယောက်က မိဿလင်ဖြစ်ရမှာလားကွာ။

တစ်ခါတုန်းက ကြားဖူးခဲ့တဲ့ ပုံပြင်လေးရှိတယ်။

သခွားသီးလေးက အသည်းကွဲလို့ ငိုနေရှာတယ်

ငိုနေရင်းက သူက ပြောသေးတယ်

"အချစ်က လှပဖွံ့တင်မကဘူး မူးယစ်စေတယ်

ကြေကွဲစေတယ်၊ မျက်ရည်ကျစေတယ်"တဲ့။

သူ ချစ်မိသွားတာ ကြက်သွန်နီဖြစ်နေတာကိုး။

မေတ္တာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ကွာ ...

မင်းက ကျွန်တော့်အတွက် ကြက်သွန်နီဖြစ်လည်း

ဖြစ်ပေ့စေတော့။

ဘာပဲဖြစ်ဖြစ် ချစ်နိုင်တယ်။

ဒါကြောင့်မို့ အချစ်ခုံရုံးဆီသို့ အယူခံဝင်ပါတယ်

တစ်ဆိတ်လောက်ခင်ဗျာ ...

ချစ်သူကို ရင်ခွင်၌ နေထိုင်ခွင့်ပြုပါဗျာ။ ။

ဝေဖန်စာ၊ အကြံပြုစာ၊ ပိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**





## ၁၂

အားလုံးထင်ထားတဲ့ အထင်တွေနဲ့ တလွဲတွေဖြစ်ကုန်သောအခါ မယ်မရဲ့ရင်းနှီးသူအပေါင်းတို့က ချန်ရန့်ကိုပဲ သနားရမလား၊ ခန့်ညားကိုပဲ သနားရမလား ဝေခွဲရခက်နေဟန် တူပါသည်။ မယ်မရဲ့စိတ်တွေဟာလည်း ဘာတွေညစ်နေလို့ ဘာတွေဖြစ်နေလဲမှန်းလည်း မသိပါ။ သေချာတာကတော့ မယ်မ စိတ်တွေ ဝေဝါးကာ ထွေပြားလို့ ရှုပ်ထွေးနေပါသည်။

"အဲဒီတော့ နင် ဘယ်လိုစဉ်းစားထားသလဲ မယ်မ"

"ကျစ် ... စိတ်ညစ်တယ်ဟာ။ အချစ်ကိစ္စနဲ့ပဲ ခေါင်းစားနေရတာ အရမ်းစိတ်ကုန်ဖို့ ကောင်းတယ်။ ငါလေ လုံးဝကို မတွေးချင်ဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တတ်ပါတယ်ဟာ။ ဒါနဲ့ ငါ့ကို ခန့်ညားကတော့ အတင်းအပူကပ်နေတယ်။ နင်နဲ့ အေးဆေးတွေ့ပြီး ရှင်းပြလို့ရအောင်တဲ့"

"တော်ပါတော့ဟာ။ ငါ တကယ် စိတ်ကုန်သွားပါပြီ"

"ဟဲ ... ဟဲ၊ စိတ်မကုန်ပါနဲ့ဟာ။ အချစ်ဆိုတာ ချိုချဉ်ငန်စပ်ခါး အရသာမျိုးစုံ ရှိတယ်ဟ။ အဲဒီ taste လေးတွေ အားလုံးက တစ်မျိုးစီကောင်းပါတယ်ဟာ။ နင်က ပြောရမယ်ဆိုရင် ဒါ ကံထတာ ပြောရမယ်ဟ။ နှစ်ယောက်စလုံးက နင့်ကို နင်မှနင် ဖြစ်နေကြတာလေ။ နှစ်ယောက်စလုံးက အလန်းတွေချည်းပဲဟာ။ စဉ်းစားပြီးရွေးလိုက်ပါဟ၊ အဟဲ ... ဟဲ ... ဘာလာလာ လန့်လန်လန်းတွေချည်းပါပဲ အဟဲ ... ဟဲ။ ပြောပြော ... သမီးလေး၊ ဘယ်ကောင်လေးကြောင့် ခံစားနေရတာလဲ။ မှန်ရာကို ဝန်ခံတော်မူစမ်း ဟီး ဟီး"

မယ်မက စိတ်ညစ်နေရတဲ့ကြားထဲကနေ ချိုနွယ်ရဲ့နောက်ရွှတ်ရွှတ်ပြောသံလေးကြောင့် ငိုအားထက်ရယ်အားသန်ရလေသည်။





"ဟဲ ဟဲ ... အဲဒီလိုမျိုးလေး ပြုံးစမ်းပါ အချစ်တုံးရယ်။ ဘာဖြစ်လဲ စိတ်ညစ်လည်း don't care ပဲပေါ့ဟာ။ ဘာမှစိတ်ထဲထည့်မထားနေနဲ့ သိလား"

"အေးပါဟာ ... ငါ အဲဒီလိုပဲ နေမှာပါ။ ငါ အချစ်ရေးကို ကူညီတဲ့သူသက်သက်ပဲ လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်တော့မယ်ဟာ။ ကူညီပေးတဲ့အတွက် ဘာအကျိုးကိုမှ ငါ မခံစားချင်တော့ဘူးလို့ ငါ ဆုံးဖြတ်လိုက်ပြီ ...

ပြီးတော့ နင်ကို ခန့်ညားကို တွေ့ရင်ပဲဖြစ်ဖြစ်၊ ချန်ရန့်ကို တွေ့ရင်ပဲဖြစ်ဖြစ် ပြောလိုက်ပါ။ ငါ့ကို မကြိုးစားကြပါနဲ့လို့၊ ငါ သူတို့ကို စိတ်လည်းမဆိုးချင်တော့ဘူး"

"မယ်မ ... နင် အတည်ပြောနေတာလား"

မယ်မရဲ့လက်မောင်းကို ခပ်ဖွဖွဆုပ်ကိုင်ကာ နှင်းဆီက အမေးပြုလေလျှင် မယ်မက ခေါင်းတစ်ချက်ဆတ်ပြလိုက်ပါသည်။

"ငါက အောင်သွယ်တော် မြားနတ်မယ်ပဲလေ။ သူများကိုပဲ ကူညီရမှာပေါ့။ ငါ့ကူညီမှုဟာ အဖြူရောင်သက်သက်ပဲ။ အဘွားကလည်း ငါ့ကိုပြောတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းချင်ရင် ကူညီတဲ့။ ငါကူညီတာ ကံကောင်းမို့မဲ။ အပေါင်း ... နင်တို့ အပြောအရဆို ငါက ကံကောင်းပြီးသွားပါပြီဟာ။ တစ်ပြိုင်တည်းမှာ ယောက်ျားနှစ်ယောက်ရဲ့ချစ်ခြင်းကို ခံရတဲ့သူပဲ။ တော်သင့်ပြီပေါ့ ...

ဟုတ်ဘူးလား ... ဟမ်"

မယ်မရဲ့စကားတွေကြောင့် ချိုနွယ်က နားလည်သလို ခေါင်းတဆတ်ဆတ်ညိတ်ပြကာ ...

"နင့်စိတ်ဓာတ်ကို ငါလေးစားတယ် မယ်မ။ ဒါနဲ့ ငါတစ်ခု မေးလို့ရမလား"

"ဘာလဲ ... မေးလေ"

"နင် ရင်ခုန်ခဲ့တယ်ဆိုတာ ငါကော နင်းဆီကော အတိအကျ သိနေတယ်။ ဒါပေမဲ့ ငါတို့မသိတာ တစ်ခုက နင် ဘယ်သူ့ကို ရင်ခုန်တာလဲ ဆိုတာကို မသိတာပဲ။ နင်ပြောချင်တယ်ဆိုရင် ပြောပြပါလားဟင် ...

ပန်းစည်းလေးတွေပေးတဲ့ ချန်ရန့်ကိုလား ...

ခန့်ညားကိုလား"





အဲဒီမေးခွန်းအတွက် မယ်မက ပြုံးမိသွားသည်။ ပြီးတော့ မျက်ခုံးတစ်ချက်ပင့်လိုက်ကာ ...

"နင်တို့က ဘယ်သူလို့ ထင်ထားတာလဲ"

"မသိဘူးလေ"

"မနက်ဖြန် December 31 ဟာ။ New year ကို ကြိုဖို့ ဘွားခြံထဲမှာ စီစဉ်ထားတယ်။ နင်တို့ပါ လာရမှာလေ။ အဲဒီကျရင် ငါပြောပြမယ်"

"တကယ်နော် ... မယ်မ"

မယ်မက ချစ်သူငယ်ချင်းနှစ်ယောက် သိချင်နေတဲ့ အဖြေတစ်ခုကို မနက်ဖြန်မှာ ပြောပြမှာပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားရဲ့ New year ကို ကြိုဆိုတဲ့ ပါတီပွဲလေးရဲ့ Organizer (စီစဉ်သူ)ဟာ မယ်မဆိုတာ သူသိရလျှင် ရင်ခုန်နှုန်းက တဒုတ်ဒုတ်ဖြင့် တိုးမြည်လို့လာပါသည်။ ဒါပေမဲ့ မယ်မအကြောင်းကို သိနေတဲ့အတွက် သူဟာ ဘာကိုမှ မျှော်လင့်နိုင်ခြင်း မရှိတော့ပါချေ။ မယ်မနဲ့ပတ်သက်ပြီး ဘွားကလည်း သူ့ကို အပြတ်ပြောထားပြီးသား ဖြစ်ပေသည်။

"မြေးမလေးဟာ ဘွားအတွက်တော့ မြေးလေးကိုချစ်သလိုမျိုး ချစ်တယ်။ သံယောဇဉ်လည်းရှိတယ်။ မြေးလေးနဲ့ မြေးမလေးကို အဆင်ပြေစေချင်ပေမယ့် မြေးမလေးက မြေးလေးကို စိတ်ဆိုးနေတယ်ဆိုတော့ ဘွားလည်း မတတ်နိုင်ဘူး ...





ဘွားဘွား ပြောတာကို မြေးလေးနားလည်ပါတယ်နော်။ သူ့ကို စိတ်အနှောင့်အယှက်တော့ မပေးစေချင်ဘူး မြေးလေးရယ်"

"ဟုတ်ကဲ့ ဘွား။ ကျွန်တော်လည်း မယ်မကို စိတ်ချမ်းသာစေချင်တဲ့စိတ် ရှိပါတယ်။ ဘွား စိတ်မပူပါနဲ့နော်။ သားကြောင့် မယ်မ ဘာစိတ်အနှောင့်အယှက်မှ မဖြစ်စေရဘူး...

သား ကတိပေးပါတယ် ဘွား"

အဲဒီအတွက် ချန်ရန်သည် အခုချိန်ထိ အခန်းထဲက မထွက်သေးဘဲ ငြိမ်ငြိမ်လေး ထိုင်နေတာဖြစ်သည်။ နေ့ခင်း နှစ်နာရီလောက်ကတည်းက မယ်မတို့သူငယ်ချင်းတစ်စုက ရောက်လာတာဖြစ်ပြီး အောက်ထပ်မှာ ဘွားဘွားနဲ့အတူ ပျော်လို့ရှိနေကြသည်။ သူ့မှာသာ ...။

"အစ်ကိုလေး ... ဘွားဘွားကြီးက အောက်ဆင်းခဲ့ပါတဲ့"

ချန်ရန်က "အေး ... အေး"ဟု အသံလှမ်းပြုပြီး နောက်မှာတော့ သူဟာ အောက်ထပ်ဆင်းဖို့တော့ တော်တော်



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲ တွေ့ရပါသည်။ သူ အောက်ဆင်းလို့ မယ်မနဲ့တွေ့ရင် ဘာလုပ်ရမလဲ။ သူဟာ စဉ်းစားရင်း တွေးရင်းနဲ့ပဲ ဆက်ထိုင်နေစဉ်မှာ အိပ်ရာဘေးက ကော့ဒ်လက်စ်ဖုန်းလေးက ထမြည်လာလေသည်။

"ဟယ်လို"

"မြေးလေး ... မြန်မြန်ဆင်းလာလေကွယ်။ ဘွားဘွားဝတ်ခိုင်းထားတဲ့ ဝတ်စုံလေး ဝတ်နော်။ မယ်မကတောင် မြေးကို မတွေ့လို့ မေးနေတယ်။ မြန်မြန်လာ"

"ဟုတ်ကဲ့ ဘွား။ သား ရေချိုးလိုက်ဦးမယ်။ ဒါပဲနော်"

ချန်ရန်သည် မယ်မက မေးနေတယ်ဆိုတဲ့ စကားတစ်ခွန်းကြောင့်ပင် ချက်ချင်းပင် ထိုင်နေရာမှ ငေါက်ခနဲထလိုက်ကာ ဝတ်ထားတဲ့ စွပ်ကျယ်ကို ပင့်ချွတ်ကာ ရေချိုးခန်းထဲဝင်၍ ရေမြန်မြန်ချိုးလိုက်လေသည်။ ဘာပဲဖြစ်ဖြစ် မယ်မက မေးတယ်ဆိုတော့ ဒါဟာ ထူးခြားတာပဲ။ ချန်ရန်သည် သူ့အတွေးနဲ့သူ ပီတိတွေဖြစ်ကာ ရေမြန်မြန်ချိုးပြီး ရေချိုးခန်းက ထွက်လာခဲ့သည်။





အားပါး ... အေးလိုက်တာ။ ချန်ရန်သည် Towel ဖြင့် ရေသုတ်ကာ Amby london Roll on သုံးပြီးနောက် ဘွားဘွားစီစဉ်ပေးသော ရှပ်အင်္ကျီပန်းရောင်ဖျော့ဖျော့ကို အပေါ်ကနေ ကုတ်ထပ်ဝတ်ကာ အောက်ကတော့ စတိုင်လ်ဘောင်းဘီပင်ဖြစ်သည်။ မျက်နှာကို Moisture ဖြည့်သည့် Cream ပွတ်လိမ်းပြီးနောက် ဆံပင်ကိုတော့ သူ့ရဲ့စတိုင်လ်အတိုင်း ထိုးထိုးထောင်ထောင်ဖြစ်အောင် Gel လိမ်းကာ ပုံသွင်းပြီးနောက် ရေမွှေးဆွတ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။

"ဟား ... ချန်ရန် တယ်ချောနေပါလား၊ Happy New Year မှာ စပါယ်ရှယ်ချိုင်းထားတယ်ပေါ့လေ ဟုတ်လား"

အောက်ဆင်းဆင်းချင်းမှာ မယ်မရဲ့နှုတ်ဆက်စကားသံဟာ သူ့ရင်ထဲမှာတော့ အတိုင်းမသိ ငြိမ်းချမ်းလို့သွားလေသည်။ မယ်မ သူ့ကို နားလည်သွားပြီလားဆိုပြီးတော့ မရဲတရဲ မျှော်လင့်မိသွားပါသည်။

ပြီးတော့ ... မယ်မက ဒီညမှာ ထိုင်ချပြီး ငေးကြည့်နေစရာကောင်းလောက်အောင်ကို အရမ်းလှနေတယ်။ အညိုရောင်



www.burmeseclassic.com

www.burmeseclassic.com



ဂါဝန်တစ်ထည်ဖြင့် ပြီးပြည့်စုံသော အလှတရားတို့ကို ပိုင်ဆိုင်ထားတဲ့ နတ်သမီးကို သူ သိပ်ချစ်တယ်ဆိုတာ နတ်သမီးသိရုံနဲ့ ဖြေသာနိုင်ပါပြီလေ။

"မယ်မ ... ကျွန်တော်လေ မယ်မကို တောင်းပန် ..."

"ဟိုးထား ... ဘာမှ တောင်းပန်စရာမလိုပါဘူး၊ ချန်ရန်နဲ့ ကျွန်မတို့က သူငယ်ချင်းတွေပဲဟာ၊ သူငယ်ချင်းတွေလိုပဲ ခင်ကြတာပေါ့နော်၊ ဒီနှစ် New Year ပါတီလေးကို ပျော်ပျော်ပါးပါး ဆင်နွှဲတာပေါ့နော့"

မယ်မရဲ့ ဖလက်ဆီဗယ် ဖြစ်နေသောပုံစံကြောင့် သူဟာ နည်းနည်းတော့ နင်တင်တင်ကြီး ဖြစ်ရလေသည်။ ဒါပေမဲ့လည်း Happy New Year မှာ မယ်မရဲ့ ပြေပြေလည်လည်ဆက်ဆံရေးလေးကြောင့် အရမ်းရင်အေးရပါသည်။ ဘာပဲဖြစ်ဖြစ် မယ်မပေးတဲ့ ဒီအချိန်လေး ဒီအခြေအနေလေးမှာ သူဟာ တဒင်္ဂတော့ ရောင့်ရဲရမှာပါပဲဖြစ်သည်။

သူတို့တွေဟာ ခြံထဲမှာ ခင်းကျင်းထားသော ဘာဘီကျူးများ၊ ဖျော်ရည်များ၊ ဝိုင်များကို စားသောက်ပျော်ရွှင်ကာ





အရမ်းကို သာယာကြည်နူးချိန်လေးဖြစ်ပေသည်။ သီချင်းမြူးမြူးလေးတွေကြားမှာ ပြုံးလို့ ပျော်ရွှင်နေသော မယ်မရဲ့မျက်နှာလေးကို သူဟာ တစ်နေရာတည်းမှာပဲ ငြိမ်ငြိမ်လေးထိုင်ကာ ငေးကြည့်နေတာကြောင့် သူ့သူငယ်ချင်းတွေက သူ့ကို နောက်နေလေသည်။

"ငြိမ်လိုက်တာ သားသားရယ်၊ မင်းကောင်မလေးရဲ့ငြိမ်ဆေးကလည်း လုံးဝ စွမ်းတယ်ဟေ့၊ ချန်ရန်တစ်ယောက် လှုပ်တောင်မလှုပ်ရဲဘူး ... ဟား ဟား"

"မနောက်ပါနဲ့ သားကြီးရာ၊ မယ်မကို ငါ တကယ်ချစ်တာကွ၊ အခုလို ငါ့ကို အဆင်ပြေပြေလေးဆက်ဆံတာလေးကပဲ ငါ့အတွက် တော်တော်မျှော်လင့်လို့ရပြီ၊ အချစ်ကလူကို ထုံထိုင်းစေတယ်ကွ၊ မျောနေသလို ထုံထိုင်းသွားတာမဟုတ်ဘူး၊ သူ့တစ်မျက်နှာကိုပဲ ကြည့်ချင်နေမိအောင် ထုံထိုင်းသွားတာ၊ အရမ်းတန်းဖိုးကြီးတယ် ...

ဘယ်တော့မှ ငါ အချစ်ကို မညာတော့ဘူးကွာ၊ မယ်မကို အရမ်းချစ်တဲ့အကြောင်းကို ငါ ရိုးရိုးလေးပဲ ဝန်ခံတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူဟာ သူ့ Feel နဲ့သူ ခံစားပြီး မယ်မရဲ့ Movement တွေကိုပဲ တစိမ့်စိမ့် ထိုင်ကြည့်နေရင်းက ဆယ့်နှစ်နာရီ တိုးဖို့ စက္ကန့်အနည်းငယ်သာလိုတော့ပေသည်။ သူတို့တွေဟာ Happy New Year အော်ဖို့အတွက် အားလုံး တစုတစည်းတည်းရှိနေကြပေသည်။

"ကဲ ... 5 ... 4 ... 3 ... 2 ... 1 "

"Happy New Year "

အားလုံးက သံပြိုင်ဟစ်ကြွေးကာ မီးရှူး မီးပန်းတွေပါ ဖောက်၍ အရမ်းကို ပျော်မြူးနေချိန်မှာပဲ မယ်မက သူ့အနားသို့ တိုးကပ်လာကာ သူ့လက်မောင်းကို လက်ဖြင့် အသာတို့၍ ...

"ချန်ရန့်ကို ပြောစရာရှိလို့၊ ဟိုဘက်ခဏသွားရအောင်"

ဟိုက် ...။ အဲဒီလိုမျိုးဆိုတော့ သူ့ရင်ထဲမှာ နှလုံးခုန်သံတို့ဟာ ရိုလာကိုစတာစီးလို့သွားလေသည်။ လှိုက်ခနဲတက်သွားသော ခံစားမှုရသနှင့်အတူ သူဟာမယ်မနဲ့တွဲသွား၍ ဟိုဘက်ထောင့်က ထိုင်ခုံမှာ မျက်နှာချင်းဆိုင်ထိုင်လိုက်ကာ ...

"ပြောလေ ... မယ်မ"





သူ့စကားကြောင့် မယ်မက သူ့ကို ခပ်စွေစွေကြည့်ကာ သူမလက်ထဲမှာကိုင်ယူလာတဲ့ ဘူးလေးကို သူ့ရှေ့သို့ကမ်းပေး၍ ...

"ဒါ Happy New Year လက်ဆောင်ပါ၊ နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့ အရာရာပျော်ရွှင်နိုင်ပါစေ"

"အဟား ... အားနာစရာကြီး၊ ကျွန်တော်တောင် မယ်မအတွက် ဘာမှ မပေးရသေးဘူး"

"ရပါတယ်၊ ပေးစရာမလိုပါဘူး၊ မယ်မပေးတာကိုပဲ အမှတ်တရယူပါ၊ ပြီးတော့ ဒီလက်ဆောင်လေးက နှစ်သစ်လက်ဆောင်လည်းဖြစ်သလို ကျွန်မရဲ့ နှုတ်ဆက်လက်ဆောင်လည်းဖြစ်တယ်"

"ဘယ်လို ... နှုတ်ဆက်လက်ဆောင် ... ဟုတ်လား"

ချန်ရန်သည် အဲဒီစကားအတွက် အရမ်းအံ့သြသွားဟ အမေးပြုလေလျှင် မယ်မက တည်ငြိမ်ရင့်ကျက်သော အပြုံးတစ်ခုဖြင့် သူ့ကို လှပစွာပြုံးပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကျွန်မ တောင်ကြီးပြောင်းရမယ်၊ ကြီးကြီးက တောင်ကြီးမှာ တာဝန်ကျတယ်လေ၊ ကျွန်မ လိုက်သွားရမယ်၊ ကျောင်းကိုလည်း Transfer လုပ်ပြီးသွားပြီ"

"ဗျာ ... တကယ် ... တကယ်ပြောနေတာလား မယ်မ"

သူဟာ ရုတ်တရက် ပြိုလဲကျသွားချင်စိတ်ပေါက်အောင် စိတ်ညစ်သွားပါသည်။ မယ်မ သူ့ကို နောက်နေတာပဲဖြစ်ပါစေလို့ ဆုတောင်းပေမယ့်လည်း အဲဒါဟာ တကယ်အတည်ကြီးပြောနေမှန်း သူ့စိတ်ထဲက သိနေပါသည်။ ဒါပေမဲ့ မဟုတ်ပါစေနဲ့လို့တော့ သူဟာ အခါတစ်သန်းမက ဆုတောင်းနေတာ သူ့ကိုယ်သူပဲသိ၏။

"ဟုတ်တယ်၊ ကျွန်မ အတည်ပြောနေတာ၊ အဲဒါကြောင့်မို့လည်း ဒီနေ့ ပါတီလေးမှာ စုံစုံလင်လင်လေးနဲ့ ပျော်စရာလေးတွေ ဖန်တီးထားတာပေါ့"

"ဘယ်တော့ပြောင်းမှာလဲဟင်"

"အမ်း ... မနက်ဖြန်ဆိုရင် ကြီးကြီးက တောင်ကြီးအရင်သွားမယ်၊ ဟိုမှာပေးတဲ့လိုင်းခန်းမှာ နေရာဘာညာချပြီးပြီ





ဆို ကျွန်မ သွားလို့ရပြီ၊ ထရန်စဖာကိစ္စကတော့ အစောကတည်းက ကြိုလုပ်ထားပြီးသားလေ၊ ဟိုမှာက ကျွန်မနာမည်တောင် ဝင်နေပြီလေ၊ အင်း ... နောက်နှစ်ရက် သုံးရက် အကြာဆုံး တစ်ပတ်ပေါ့"

ချန်ရန်သည် ဘာပြန်ပြောရမှန်းမသိအောင်ကို စိတ်ဆင်းရဲသွားရပါသည်။ မယ်မက သူ့နှလုံးသားကို အနိုင်နဲ့ပိုင်းပြီး ထွက်သွားလေတာကြောင့် သူဟာ အရှုံးကြီးရှုံးကာ ကျန်ခဲ့ရတော့မှာဖြစ်သည်။ ဒါပေမဲ့ မယ်မက ဘာလို့ သူ့ကို နှုတ်ဆက်စကားပြောရတာလဲ။ သူ့ကို မုန်းမနေလို့ နှုတ်ဆက်တာလားများ။

"ဟိုလေ ... မယ်မ ဘယ်လောက်ကြာမှာလဲဟင်၊ ကျွန်တော့်ကို နောက်နေတာလားဗျာ"

မယ်မက အသံထွက်ရုံ ဟက်ခနဲ ရယ်လိုက်ကာ ခေါင်းကို အသာယမ်း၍ ...

"ဘာလဲ ... ကျွန်မက ရှင့်ကို ချစ်လို့ ကျီစယ်နေတယ်များ ထင်နေလား ချန်ရန်၊ မယုံရင် ဘွားသာ မေးကြည့်တော့၊ ဘွား သိတယ်၊ အင်း ... ကျွန်မ တောင်ကြီးမှာ စိတ်သစ်



www.burmeseclassic.com

www.burmeseclassic.com



လူသစ်နဲ့ ပျော်ပျော်ရွှင်ရွှင် စာကိုပဲ အာရုံစိုက်တော့မယ်၊ ကျွန်မ မြားနတ်မယ်လည်း မလုပ်ချင်တော့ဘူး၊ ကူညီပေးလည်း၊ ကံကောင်းတာမှ မဟုတ်တာ ...

ဟင်း ဟင်း ... အလကားပါ၊ ချန်ရန် ... စိတ်ကို မလေလွင့်ပါနဲ့၊ ပြီးတော့ ကျွန်မကိုလည်း မချစ်ပါနဲ့၊ တောင်ကြီးမှာ နှစ်နှစ်လောက်တော့ကြာလိမ့်မယ်ထင်တယ်"

"ကျွန်တော် မယ်မကို တကယ်ချစ်တာဗျ"

ချန်ရန့်စကားဟာ ဘယ်လောက်ထိ လေးနက်မှု ရှိတယ်ဆိုတာ သူ့ဘာသာပဲသိသည်။ ဒါပေမဲ့ အဲဒီစကားကို မယ်မကတော့ ဘာမှ ထူးထူးခြားခြား ပြောင်းလဲသွားဟန်မတူပါ။ အပြုံးမပျက် မျက်နှာကိုတောင်မှ ထပ်ပြုံးလိုက်ကာ ...

"ချစ်တယ်ဆိုတာ စကားလုံးမျိုးပါ ချန်ရန်ရယ်၊ ကျွန်မ ပြောတာကိုယုံပါ၊ တောင်ကြီးပြောင်းတော့မယ်ဆိုတာလည်း တကယ်ပါပဲ ချန်ရန်၊ ရှင့်မှာ ရှင့်ကိုသိပ်ချစ်တဲ့ အဖေရှိတယ်၊ ဘွားရှိတယ်၊ ပြီးတော့ စိတ်ချမ်းသာမှုအားလုံးရှိတယ်၊ ဘာမှ စိတ်ညစ်နေဖို့မလိုဘူး ...





ရှင် ကျွန်မကို ချစ်တယ်ဆိုတာ ခဏလေးပါပဲ၊ မေ့ပစ်ပေးဖို့ကို New Year လက်ဆောင်အဖြစ် ကျွန်မက တောင်းဆိုချင်ပါတယ် ချန်ရန်"

ချန်ရန်သည် သူမနှုတ်က ရက်စက်စွာပြောဆိုထွက်သော နှုတ်ထွက်စကားအတွက် ငြင်းခွင့်မရှိအောင် လက်ဆောင်အဖြစ်ကို တောင်းနေသေးသည်။ သူမကို ချစ်ခဲ့တာဟာ တကယ့် စိတ်ထဲက ရင်ထဲက လာတာပဲဖြစ်သည်။ ချစ်လွန်းလို့လည်း မယ်မအနားကို အမြန်ဆုံးချဉ်းကပ်ခွင့်ရအောင် သူဟာ လိမ်ညာခဲ့ရတာဖြစ်ပါသည်။ ဒီအခြေအနေတွေအတွက် သူရရှိခဲ့တဲ့အဖြေဟာ မေ့ပစ်ပေးဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါ။

အဲဒီအတွက် သူဟာ ထိုင်ရာမှထကာ မယ်မရဲ့မျက်နှာကို ခပ်နက်နက်စိုက်ကြည့်ကာ ...

"မပေးနိုင်ဘူး မယ်မ၊ မင်းတောင်းတဲ့ လက်ဆောင်ကို ကျွန်တော် ဘယ်တော့မှ ပေးမှာမဟုတ်ဘူး၊ မင်း ဘယ်နေရာကိုပဲရောက်နေရောက်နေ ဘယ်မှာပဲ ရှိနေရှိနေ ကျွန်တော့် စိတ်က ပြောင်းလဲမှာမဟုတ်ဘူး၊ မယ်မ ချန်ထားခဲ့တဲ့နေရာ



www.burmeseclassic.com

မှာ ဒီအတိုင်း ကျန်နေခဲ့ပြီး ကျွန်တော့်စိတ်တွေ ပြောင်းလဲမှာမဟုတ်တာ ကိုယ့်ဘာသာ အသိဆုံးပါ ...

Happy New Year ပါ မယ်မ ...

မင်းကို မေ့ပစ်ဖို့ကလွဲရင် ကျန်တဲ့လက်ဆောင်အားလုံးကို ပေးလို့ရပါတယ်"

ပြီးတော့ သူ ချာခနဲ လှည့်ထွက်လာခဲ့တော့သည်။ နှလုံးသားတစ်ခုလုံးဟာ နွမ်းနယ်ပင်ပန်းလွန်း၍ အနားယူချင်လှပြီဖြစ်သည်။ မယ်မဟာ နောက်ရက်မှာ တောင်ကြီးမြို့ကို ပြောင်းတော့မည်တဲ့။ အဲဒါဟာ တကယ်လားဆိုတာ သူလည်း ဝေခွဲမတတ်ပါ။

မယ်မ ဘယ်ဆီကိုပဲ ရောက်နေ ရောက်နေ ချစ်နေတဲ့ နှလုံးသားတစ်ခုက ဘယ်တော့မှ မပြောင်းလဲဘူးဆိုတာ သူ့ဘာသာပဲ သိပါသည်။





"နင်ဟာ တကယ်လျှို့တယ်၊ အဲဒီကိစ္စ ဘာလို့ ငါတို့ကို မပြောရတာလဲ၊ နင် မနက်ဖြန်မှာ ပြောပြမယ်ဆိုတဲ့အဖြေက အဲဒါလား ဟမ်"

ချိုနွယ်က မယ်မကို ကရုဏာဒေါသောတို့ဖြင့် ပြောနေတယ်ဆိုတာ မယ်မ သဘောပေါက်ပါသည်။ ကြီးကြီးက ဆေးရုံမှာ တာဝန်ကျရာနေရာ သွားရတာဖြစ်တာကြောင့် မယ်မက ကြီးကြီးသွားရာနောက် လိုက်ရတာဖြစ်ပေသည်။ မယ်မ ကျောင်းပြောင်းမယ့်ကိစ္စကြောင့် ဘွားဘွားရယ်၊ ချန်ရန်နဲ့ ခန့်ညား၊ ပြီးတော့ မယ်မ သူငယ်ချင်းတွေ အားလုံး ဝမ်းနည်းနေကြတာပဲဖြစ်သည်။ မယ်မလည်း မပြောင်းချင်ပါ။ ဒါပေမဲ့ ချန်ရန်နဲ့ ခန့်ညားတို့အနားကနေ ထွက်သွားချင်တဲ့စိတ်က ကြီးစိုးနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မယ်မဟာ ကြီးကြီးပြောင်းတဲ့နောက် လိုက်ဖို့ ဆုံးဖြတ်လိုက်ရတာပဲဖြစ်သည်။

"ငါလည်း ဘယ်ပြောင်းချင်ပါ့မလဲ သူငယ်ချင်းရယ်၊ ဒါပေမဲ့ အခြေအနေက ပြောင်းဖို့ဖြစ်လာပြီပဲ"

"မဟုတ်ပါဘူး ... နင် မပြောင်းချင်လည်း ရပါတယ်၊ ကြီးကြီး ဒီလိုပဲ နယ်သွားရင် နင် ရန်ကုန်မှာ နေ့နေကြပဲဟာ၊ အခုက တမင်တကာကိုပြောင်းတာ၊ ငါတို့သိနေတယ်နော် မယ်မ ...

နင့်ရင်ထဲမှာရှိနေတဲ့တစ်ယောက်ကို ဖွင့်မပြောချင်လို့ နင် တမင်ထွက်သွားတာမှလား"

"မဟုတ်ဘူး ... မဟုတ်ရပါဘူးဟာ၊ ငါ သူတို့နှစ်ယောက်စလုံးကို New Year လက်ဆောင်ပေးပြီး ငါသွားမယ့်အကြောင်းကို ပြောပြီးသွားပါပြီ"

"နှစ်ယောက်စလုံးက လက်မခံချင်ဘူးမှလား"

နှင်းဆီရဲ့စကားကြောင့် မယ်မက တစ်ခဏတော့ ငြိမ်သွားရပါသည်။ ချန်ရန်ကော ခန့်ညားကော နှစ်ယောက်စလုံး





ကို မေ့ပစ်ဖို့တောင်းဆိုပေမယ့် နှစ်ယောက်စလုံးက ထပ်တူညီကျသည့်အဖြေကိုပဲ ပေးလေသည်။ မယ်မ ဘယ်သူ့ကိုမှ နှောင်တွယ်မထားချင်ပါ။ ကိုယ့်ကိုယ်ကိုယ်တောင် ဝေခွဲမရသေးတဲ့အတွက် သူတို့တွေကို မယ်မ မချစ်ချင်ပါ။ သူတို့မှမဟုတ် ဘယ်သူ့ကိုမှ မယ်မက မချစ်ချင်တော့ပါ။

အချစ်ရေးကံမကောင်းဘူးဆိုတဲ့ စိတ်ဟာ အသည်းစွဲနေပြီဖြစ်သည်။

"မယ်မရယ် ... ငါတို့ကတော့ မပြောင်းစေချင်ဘူးဟာ၊ ငါတို့တင်မကဘူး၊ နင့်ကို သူတို့ကလည်း မပြောင်းစေချင်ပါဘူးဟယ်"

"ထားပါတော့ဟာ ... ဒါ သူတို့အပြောပါ၊ ငါ့ကို မေ့သွားမှာပါ ...

ဒီနှစ်နှစ်ဆိုတဲ့ အချိန်အတွင်းမှာ သူတို့နှစ်ယောက် Mature ဖြစ်လာပါပြီ၊ ငါလည်း ကောင်းကောင်းကြီး တည်ငြိမ်လာပြီ တည်ငြိမ်မှုတစ်ခုကို လိုချင်လို့ ငါ တောင်ကြီးသွားမှာ၊ ငါ့ကို နားလည်ပေးပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



မယ်မအတွက် အားလုံးကို အေးအေးချမ်းချမ်းလေး ဖြစ်သွားစေချင်ပါသည်။ ဇန်နဝါရီ (၁)ရက်နေ့ကစလို့ မယ်မရဲ့ စိတ်နှလုံးသားဟာ တည်ငြိမ်ရင့်ကျက်သွားတော့မှာဖြစ်သည်။ ဘာလို့ ဒီလောက်ကြီး ငြိမ်သွားရတာလဲဆိုတာတော့ မယ်မလည်း မပြောတတ်။

အချစ်ရှိရင် ထုံထိုင်းသွားတယ်ဆိုတာ ဟုတ်သလားဆိုတာတော့ မယ်မလည်း မပြောတတ်ပါ။ ဘာပဲဖြစ်ဖြစ် ဒီကာလလေးတွေဟာ မယ်မကို အရမ်းကြီး တည်ငြိမ်သွားစေတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် သိပ်စိတ်တိုရပါသည်။





ကျွန်တော် အိပ်မက်မက်ပါသည်။
မယ်မက အိပ်မက်ထဲမှာ နတ်သမီးဖြစ်လေသည်။
အဖြူရောင်ဂါဝန်ရှည်ကြီး ဝတ်ထား၍
ကျောအနောက်ဘက်ကနေ အဖြူရောင်ငှက်မွေးတောင်ပံနှစ်ခုက
လှပစွာ ပြန့်ကားလျက်ရှိ၏။
ပြီးတော့ ... သူ့ကို ပြုံးရီရီ စိုက်ကြည့်နေပြီးမှ ...
ရုတ်တရက် ...
မြှားဆို သူ့ရဲ့ဘယ်ဘက်ရင်အုံကို
မြှားတစ်ချောင်းဖြင့် စွပ်ခနဲ ထိုးစိုက်လိုက်လေသည်။
အရမ်းရက်စက်ပြင်းရှသော အချစ်မြှားသည်
ကျွန်တော့်ရင်တွင်းသို့ စိုက်ဝင်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကြောင့် မယ်မ ငါ့ကို စိတ်ဆိုးသွားတာ၊ မင်းကို ငါ ဘယ်တော့မှ မကြေဘူး မိုးမြင့်ချန်ရန်"

"ငါကလည်း ထပ်တူပဲ ဟော့ကောင်၊ မယ်မကို ချစ်တဲ့သူဆို ငါကလွဲပြီး မရှိစေရဘူး၊ မင်းကို ငါကလည်း လုံးဝ မကြေဘူး"

ချန်ရန်သည် သူ့ကို ခပ်နက်နက်စိုက်ကြည့်ကာ သူ့ရင်ထဲက မကျေနပ်တာကို ဖွင့်ပြောကာ ထွက်သွားမယ့်ဆဲဆဲမှာ ဟိုကောင် ခန့်ညားက သူ့ကို လှမ်းတား၍ ...

"နေဦး ... မင်းကို ငါ ပြောစရာကျန်သေးတယ်"

"ဘာလဲ ... ပြော"





"မယ်မကို ငါ့ဘက်ကတော့ ဘယ်တော့မှ စွန့်လွှတ်မှာ မဟုတ်ဘူး၊ မင်းကို ကြိုပြီးအသိပေးထားတာ၊ ငါ့အချစ်က အစစ်ဖြစ်တဲ့အတွက် ငါ မယ်မကို တစ်ချိန်မှာ ပိုင်ကိုပိုင်ဆိုင်ရလိမ့်မယ်၊ မင်းကို ကြိုပြောထားတာ၊ မင်းရဲ့စိတ်ဓာတ်ကို ငါ သိနေလို့ ငါ့ဘက်က စစ်ကြေညာထားတာ၊ ယှဉ်ပြိုင်မှုတိုင်းမှာ ရှုံးသွားပါစေ မိုးမြင့်ချန်ရန်"


ချန်ရန်သည် အဲဒီစကားကြောင့် ခန့်ညားကို ထီမထင် တစ်ချက်ကြည့်ကာ သူ့ပခုံးကို လက်သီးဖြင့် တစ်ချက်ဆောင့်ထိုးလိုက်ပြီး ...

"မင်း ငါ့ကိုထိုးထားတာ တစ်ချက်အကြွေးရှိတယ်၊ အခုကစပြီး မင်းနဲ့ငါ ရန်သူတွေဖြစ်သွားပြီ၊ အကြွေးတူနေတဲ့အတွက် မင်းနဲ့ငါက တစ်သက်လုံး ရန်သူပဲ ဟော့ကောင်"

သူက ပြောပြီးတာနှင့် ထွက်လာခဲ့တော့သည်။ ဆက်ပြီးတော့လည်း စကားနိုင်လုချင်စိတ်လည်းမရှိတော့တာ အမှန်ပါ။ မယ်မ ထွက်ခွာသွားသည့်နေ့မှစ၍ သူ့ရဲ့နှလုံးသားဟာ တစ်နေ့ ပြန်လာလိမ့်မလားဆိုတဲ့စိတ်နဲ့ စောင့်နေခဲ့တာပဲဖြစ်သည်။



www.burmeseclassic.com





၂၀၁၂ ခုနှစ်

သူနဲ့ငါက အကြိုက်တူပေမယ့်


မင်း ငါ့ကိုပေးခဲ့တာက

အရန်လူဆိုတဲ့ဘွဲ့ပါကွာ

www.burmeseclassic.com

www.burmeseclassic.com







## ၁၃

"မယ်မ ပြန်ရောက်နေတယ် မြေးလေး"

ကျောင်းကပြန်ရောက်ရောက်ချင်းမှာ ကြားလိုက်ရတဲ့ ဘွားဘွားရဲ့စကားကြောင့် သူဟာ သူ့နားတောင်သူ မယုံနိုင်ပါပေ။ Oh ... my God ။ ဒါ တကယ်ကြီးပဲလား။ ချန်ရှန်သည် ဝမ်းသာအားရဖြင့် ဘွားရဲ့ပခုံးတွေကို ဆုပ်ကိုင်လှုပ်ယမ်းကာ ...

"ဘွား တကယ်ပြောတာလားဟင်၊ မယ်မ တကယ်ပြန်ရောက်နေတာလား"

"ဟုတ်တယ် ... မြေးလေး၊ သူ ပြန်ရောက်နေပြီ၊ ညနေကျရင် ဘွားတို့အိမ်ကို လာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားစကားကြောင့် သူဟာ အရမ်းကို ပျော်ရွှင်ကြည်နူးသွားရပါသည်။ မယ်မ ပြန်ရောက်လာပါပြီ။ သိပ်မကြာခင်အချိန်အတွင်းမှာ သူ့ဆီရောက်လာတော့မယ်။ ဒီတစ်ခါဟာ သူ့အတွက်တော့ မဟာအခွင့်အရေးပဲဖြစ်ပါသည်။ သူ ပြန်ပြီး ကြိုးစားရပေမည်။ တစ်နှစ်မပြည့်တပြည့်အချိန်ကာလအတွင်းမှာ သူ့ရဲ့စိတ်ဟာ အရင်ကအတိုင်း မပြောင်းလဲဘဲ ရှိနေခဲ့ပါသည်။

မယ်မကို ခပ်ပါးပါးလေး လွမ်းနေတာကလွဲရင် သူဟာ လိမ်လိမ်မာမာဖြင့် အချိန်ကာလတွေကို ဖြတ်သန်းနိုင်ခဲ့ပြီဖြစ်သည်။

"ပြီးတော့ မြေးလေးအတွက် ဝမ်းသာစရာ ပြောစရာရှိသေးတယ်"

"ဘာလဲဟင် ဘွား"

ဘွားက ချစ်စရာအပြုံးဖြင့် သူ့ကိုပြုံးကာ သူ့လက်ကိုဆွဲ၍ ဆိုဖာမှာ အရင်ဝင်ထိုင်စေပြီးမှ ဖြည်းဖြည်းအေးအေးလေးသံဖြင့် သူ ရှော့ခ်လ်ရသွားနိုင်သည့် စကားကို ပြောလေသည်။





"ဘွားနဲ့ မြေးမလေးရဲ့ ကြီးတော်နဲ့ စကားစမြည်ပြောပြီးသွားကြပြီ မြေးလေး၊ သူကလည်း မယ်မကို မတော်တရော်လူတွေနဲ့ တွေ့သွားမှာကို စိုးရိမ်နေရှာတယ်လေ၊ အဲဒီတော့ အားလုံး စိတ်အေးသွားရအောင် မြေးလေးနဲ့ မြေးမလေးကို စေ့စပ်ပေးထားလိုက်မယ်၊ ကျောင်းပြီးတော့မှ လက်ထပ်ဖို့ စီစဉ်ပေးမယ် ...

ဘယ်လိုလဲ ... မြေးလေး၊ အရမ်းအံ့သြသွားလား"

ဟား ... ဘာတွေက ဘယ်လိုဖြစ်ကုန်သွားတာလဲဆိုတာကို သူ လုံးဝကို လိုက်မမီတော့ချေ။ သူနဲ့ မယ်မကို လူကြီး တွေက စီစဉ်ပေးပြီး စေ့စပ်ထားပေးမယ်တဲ့။ အဲဒီသတင်းဟာ သူ့အတွက်တော့ မင်္ဂလာသတင်းဖြစ်ပေမယ့် မယ်မအတွက်ကကော။ သူ့ကို ကြည်ကြည်ဖြူဖြူကို သဘောတူသလား။

မယ်မကသာ သဘောတူပါတယ်ဆိုရင်တော့ သူဟာ နှစ်ပတ်ကျွမ်းထိုးပြီးတော့တောင် ပျော်လို့ရပြီဖြစ်သည်။ အဲဒီအတွက် တိကျသေချာမှုကို ဘွားဆီက မေးမြန်းရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ခဏနေပါဦး ဘွားရဲ့၊ မယ်မကော ဒီကိစ္စကို လက်ခံလို့လား၊ သူနဲ့သား စေ့စပ်ဖို့ကိစ္စ သူသိလား ဘွား"

"အင်း ... သိတယ်လေ"

"ဟာ ... ဒါဆို မယ်မက လက်ခံတယ်ပေါ့နော်"

သူ့ရဲ့ အလောတကြီးမေးခွန်းအတွက် ဘွားဘွားက သူ့လက်မောင်းကို ချစ်စနိုးဖြင့်ရိုက်ကာ ...

"လက်ခံလို့ပဲ သူ့အဒေါ်နဲ့အတူ တောင်ကြီးကနေ ဒီကို ပြန်လာတာပေါ့ မြေးလေးရဲ့၊ ဘွားရဲ့ဆန္ဒပြည့်ဝတော့မယ့် အတွက် ဘွားကတော့ သိပ်ဝမ်းသာတယ်ကွယ်၊ မြေးလေး ကကော"

ဘွားရဲ့စကားလုံးတွေဟာ မင်္ဂလာပေါ် မင်္ဂလာဆင့် ကာ မင်္ဂလာတွေထပ်နေတာကြောင့် အရမ်းအရမ်းပျော်သွားကာ ဘွားရဲ့ပါးမို့မို့ကြီးကို အားရပါးရ ရွှတ်ခနဲ နမ်းလိုက်ကာ ...

"ပျော်တာပေါ့ ဘွားရ၊ သားဘဝရဲ့အပျော်ဆုံးနေ့ပဲ၊ သား သားကို ပျော်အောင်လုပ်ပေးတဲ့ ချစ်ဘွားဘွားကြီးကို သားသားက အရမ်းကျေးဇူးတင်တယ်၊ ခဏနေ သူတို့ လာတော့မယ်ဆိုတော့ သား သွားရှိုင်းလိုက်ဦးမယ်နော်"





ချန်ရန်က ဒုံးပျံလို ခုန်ပေါက်မြူးကြွကာ အိပ်ခန်း ထဲသို့ ဝင်သွားကာ စပါယ်ရှယ်ကို ရှိုင်းနေမိသည်။ မယ်မနဲ့သူ စေ့စပ်ရလိမ့်မယ်လို့ အိပ်မက်တောင်မမက်ရဲခဲ့ပါ။ အခုတော့ မယ်မကပါ သဘောတူကြည်ဖြူစွာဖြင့် သူနှင့် စေ့စပ်ဖို့ တကယ် ကြီး လက်ခံလိုက်တယ်ဆိုတော့ အခန့်မသင့်ရင် ရူးတောင်သွား လောက်သည်အထိ ပျော်လို့ရပါသည်။ ဘွားဘွားရဲ့စီစဉ်ပေးမှု ကြောင့် သူဟာ မရွယ်ဘဲ စော်ကဲမင်းဖြစ်ရတဲ့ အဖြစ်မျိုးဖြစ်ပေ သည်။ ဒီလို ဖြစ်လာလိမ့်မယ်လို့လည်း ဘုရားစူး မထင်ရက်ခဲ့၊ မထင်ရဲခဲ့ပါ။

ချန်ရန်သည် ရေမိုးချိုး အဝတ်အစားလဲပြီးနောက် မှာတော့ ပြီးခဲ့တဲ့ New Year တုန်းက မယ်မပေးခဲ့တဲ့ Goodbye ဆိုသော စာသားလေးပါဝင်တဲ့ ရုပ်ပြောင်ရုပ်လေးကို သူဟာ ငေးကြည့်ရင်း အသာပြုံးမိသွားသည်။ ဒီတစ်ခါကစလို့ နှုတ်ဆက် စရာမလိုတော့ပါဘူး မယ်မရယ်။ ပြီးတော့ မင်းကို ကိုယ် ဘယ် တော့မှ မလိမ်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ စဥ်းစားရင်းတွေးရင်းနဲ့ပဲ အောက်ထပ်က ကားသံကြားလျှင် ရင်တခုန်ခုန်ဖြင့် အောက်ထပ်သို့ အပြေးဆင်း လာခဲ့ လေသည်။ ကားပေါ်ကနေဆင်းလာလေသော မယ်မရဲ့ဘွား ဘွားကို ပြုံးပြလေသော အပြုံးနွေးနွေးကို အဝေးကနေ မြင်ရတာ နဲ့တင် ရင်တွေခုန်နေရပါသည်။

"ဘွား နေကောင်းတယ်နော်၊ ဟား ... ဘွားက ပိုတောင် ချောနေတာပဲ"

"မြေးမလေးကတော့လေ ဘွားကို စိတ်ချမ်းသာအောင် အမြဲပြောတာပဲ၊ ကဲ ... လာကြ ... လာကြ၊ ဘွားက မြေး မလေးကို တွေ့ချင်လွန်းလို့ မျှော်နေရတာ"

ဘွားဘွားက မယ်မနှင့် မယ်မအဒေါ်ကို ဧည့်ခန်းဆီ သို့ ခေါ်သွားလေလျှင် သူကပါ နောက်နားကနေ ကပ်လိုက်လာ ကာ ခပ်ကုပ်ကုပ် ယို့ယို့လေး ဝင်ထိုင်နေလိုက်သည်။ သူ့ရင်ထဲမှာ တော့ Hely ... ဘေဘီတွေ ဘာတွေဖြင့် Welcome လုပ်ချင် သော်လည်း မယ်မရဲ့အခြေအနေကို သူက မသိသေးတာကြောင့်





ငြိမ်နေရတာဖြစ်သည်။ သူနှင့် မျက်နှာချင်းဆိုင်အနေအထားမှာ ထိုင်နေသော မယ်မဟာ သူ့ကို အခုထိတော့ နှုတ်ဆက်ဖော်မရ သေးပါ။

"ဘွား ... သမီးတို့ ခြံထဲမှာ စကားသွားပြောလိုက်ဦးမယ်"

ဟိုက် ... ဗုဒ္ဓေါ။ သူ့ရဲ့ကံဇာတာတွေဟာ ဒီလို တစ်ဟုန်ထိုး ကျောက်ဖျာပေါ်မှာ တက်ထိုင်ရသလို ကောင်းလာရ လိမ့်မယ်လို့ ထင်ကိုမထင်ထားပါချေ။ ဒါပေမဲ့ သူဟာ ယုံကြည် စွာ ရင်တခုန်ခုန်ဖြင့် မယ်မနဲ့အတူတူ ခြံထဲသွားကာ ရုပ်ရှင်တွေ ထဲက ပြကွက်တွေအတိုင်း လူငယ်ချင်း ရင်းနှီးနွေးထွေးစွာဖြင့် စကားစမြည် ပြောဆိုဖြစ်ခဲ့ကြပါသည်။ အဲဒီအခါမှာ ယောကျ်ား လေးဖြစ်တဲ့သူကပဲ စကားစခဲ့ပါ၏။

"မယ်မ ပြန်ရောက်လာတာ ကျွန်တော် အရမ်းဝမ်းသာတာ ပဲဗျာ"

"အင်း ... ကျွန်မတို့ စေ့စပ်မယ့်ကိစ္စကိုကော ရှင် သိပြီး ပြီမှလား"



www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်ဖို့စကားကို သူမက စတင်ပြောကတည်းက အခြေအနေဟာ Good တကာထက် Good နေပြီဆိုတာ သဘောပေါက်ရပါသည်။

"သိပြီးပါပြီ မယ်မ၊ အရမ်းလည်း ဝမ်းသာနေတယ်"

"နေပါဦး ... ဝမ်းသာမစောနဲ့ဦး၊ ကျွန်မပြောတာခဏနားထောင်ပါဦး၊ ကျွန်မ ရှင့်ကို ဘာလို့ လက်ခံလိုက်ရတယ်ဆိုတဲ့ အကြောင်းပြချက်ရှိပါတယ်၊ ဘွားဘွားက ကျွန်မကို သိပ်ချစ်တယ် ချန်ရန်၊ သူ့ရဲ့ဆန္ဒကို ကျွန်မ မဖယ်ရှားချင်ဘူး၊ ပြီးတော့ ကျွန်မမိဘတွေ မရှိတော့ကတည်းက ကျွန်မကို မိခင်အရင်းကဲ့သို့ စောင့်ရှောက်တဲ့ ချစ်တဲ့ ကြီးကြီးကလည်း ရှင်နဲ့ ဖြစ်စေချင်တယ်၊ သူတို့နှစ်ယောက်ရဲ့ဆန္ဒက ကျွန်မကို ခေါင်းညိတ်စေတဲ့အကြောင်းပါပဲ ...

စေ့စပ်လိုက်တယ်ဆိုတာ လက်ထပ်ဖို့အတွက် စရန်တစ်ဝက်ချထားတဲ့သဘောဆိုတာ ကျွန်မ နားလည်ပေမယ့်





ချန်ရန့်ကို ပြောစရာရှိတာကိုတော့ ပွင့်ပွင့်လင်းလင်း ပြောရဦးမယ်၊ ရှင်နဲ့ စေ့စပ်ဖို့လက်ခံလိုက်တဲ့အတွက် ခန့်ညားနစ်နာပါတယ်၊ ရှင်တို့နှစ်ယောက်စလုံး ကျွန်မကို လိမ်ခဲ့တယ်ဆိုပေမဲ့ ခန့်ညားက ကျွန်မကို ပိုရိုးသားခဲ့တယ်လို့ ကျွန်မယူဆတယ်၊ အဲဒီအတွက် ခန့်ညားကိုလည်း ကျွန်မဘက်က အခွင့်အရေးပေးသင့်တယ်၊ ကျွန်မ တရားပါတယ်နော် ... ဟုတ်တယ်မှုလား ချန်ရန်"

ဒီစကားတွေကြောင့် သူဟာ ရုတ်တရက် အဓိပ္ပာယ်နားမလည်ဘဲ ဘာပြောရမှန်းမသိအောင် ဦးနှောက်စားသွားရသည်။ မယ်မက ဘာဆိုလိုချင်တာလဲ။ သူနှင့်စေ့စပ်တာကို မငြင်းလည်း မငြင်း။ ဒါပေမဲ့ ခန့်ညားကိုလည်း အခွင့်အရေးပေးမယ် ဆိုတာ ဘာ့ကြီးလဲ။

"ဘာကိုဆိုလိုချင်တာလဲ ဟင် မယ်မ၊ အဲဒီစကားရဲ့ အတိုင်းအတာက တွေးရင်တွေးသလောက်ရတယ်နော်၊ မယ်မ စဉ်းစားပါ၊ စကားပြော မှားနေပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမှားပါဘူး၊ ဘွားဘွားတို့ဆန္ဒကြောင့် ရှင်နဲ့ စေ့စပ်ထားရသလို ကျွန်မဆန္ဒကြောင့် သူနဲ့ တွဲသွားတွဲလာရှိမယ်ဆိုတာကို ပြောချင်တာပါ"

ဟား ... ချန်ရန်သည် ဒန်းပေါ်မှ ဖင်ထိုင်ရက်ထိုင်ချမိသွားလေတော့သည်။ မယ်မရဲ့အဖြေဟာ ရှင်းရှင်းလေးပဲဖြစ်သည်။ သူဟာ အရန်လူဆိုတဲ့နေရာ ရောက်သွားပြီဖြစ်၏။ ခန့်ညားကိုတော့ မယ်မက တကယ်ချစ်သွားတယ်ဆိုတဲ့သဘောပေါ့။ ဒီတစ်ခါတော့ သူ အည့်မခံချင်တော့ပါ။ သူ့ရင်ထဲက မြှုပ်ထားတဲ့ ခံစားချက်တွေက ပုံအောလာတော့သည်။ အဲဒီအတွက် ရင်ဖွင့်မိသွားတာဟာ သိပ်တော့မဆန်းပါ။

"ဒီမှာ မယ်မညို ... မင်းကွာ၊ ငါ့ဘက်က မင်းကို ချစ်နေတယ်ဆိုတာ သိသိနဲ့ မင်းမို့လို့ ငါ့ကို ရက်စက်ရက်တယ်၊ အဲဒါဆိုလည်း စေ့စပ်တာကို ဘာလို့ လက်ခံသေးလဲ၊ ဘွားဘွားတို့ကို စိတ်ချမ်းသာစေချင်တာနဲ့ ငါ့ကို အသေသတ်ပစ်ရလား၊ ငါ့ကို မင်း အဲဒီလောက်တောင် ရက်စက်ရလား မယ်မညိုရာ"





"ဆောရီးပါပဲ ... ချန်ရန်၊ စေ့စပ်ပွဲကို လက်မခံလို့မဖြစ်ဘူး၊ ဟိုးအရင်က ဘွားက ကျွန်မကိုချစ်လို့ ချစ်စနိုးနဲ့ ရှင်နဲ့သဘောတူတယ်လို့ ပြောပြောနေတာ၊ ဒီတစ်ခါကျတော့ ဘွားက အတည်ပြောတာ၊ ပြီးတော့ ကြီးကြီးကပါ တိုက်တွန်းတဲ့အခါကျတော့ ကျွန်မ ငြင်းလို့မရဘူး၊ ကျွန်မ လက်ခံလိုက်ရတယ် ချန်ရန်"

"တောက် ... မင်းကွာ၊ မယ်မညို ... ကောင်းပြီ၊ မင်း ငြင်းလို့မရတဲ့ စေ့စပ်ပွဲကို ငါ ရအောင်ကြိုးစားပေးမယ်၊ ငါလိုချင်တာ လူမဟုတ်ဘူး မယ်မ၊ နှလုံးသားကိုလိုချင်တာ၊ မင်းနှလုံးသားက တခြားရောက်သွားပြီဆိုတော့ ငါ့အတွက် မင်း မလိုအပ်ပါဘူးကွာ"

သူက ရှက်သွားတာရော၊ ရင်ကွဲနေတဲ့ ခံစားချက်တွေပါ ရောပေါင်းကာ ဒေါကန်ကန်ဖြင့် အိမ်ထဲပြန်ဝင်တော့ သူမက အနောက်ကနေ သူ့အကျီစကို လှမ်းဆွဲကာ ...

"ဟေ့ ဟေ့ ... ဒီမှာ ချန်ရန်၊ ရှင် စေ့စပ်ပွဲတော့ ဖျက်လို့မရဘူးနော်၊ ကျွန်မ အဖျက်မခံနိုင်ဘူး၊ ဘွားဘွားကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်သာပွဲဖျက်တယ် ပြောလိုက်ရင် အရှမ်းစိတ်ဆင်းရဲသွားမှာ၊ ကိုယ့်အသွားကို ဒုက္ခမပေးပါနဲ့"

"မင်း ငါ့ကို အသေသတ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြန်လာတာလား မယ်မ၊ ငါ အရှမ်းခံစားရတယ်၊ ငါ မင်းကို သိပ်ချစ်တာပါကွာ"

"တော်ပြီ ... အိမ်ထဲဝင်ရအောင်၊ ဘွားဘွားတို့ စောင့်နေလောက်ပြီ"

ဆက်မဆွေးနွေးချင်တော့ဘဲ စကားဝိုင်းအတွက် မယ်မက ဘွားဘွားစောင့်နေလောက်ပြီဆိုသော စကားဖြင့် ဖြတ်ချသွားလေသည်။

သူ မကျေနပ်ပါ။ ဘာကိုမှ မကျေနပ်ပါ။ ဘာဖြစ်လို့ သူ့ရဲ့မျှော်လင့်ချက်အားလုံး အရှိင်းဆန်ကုန်လည်းဆိုတာ သူလည်းမသိတော့ပါ။

သူ အင်မတန်မှ မက်မောတောင့်တရသော အရာဟာ အခုတော့ သူ့ကို အချိုဆုံးအဆိပ်ဖြင့် အသေသတ်နေပြီဖြစ်သည်။





ချန်ရန်သည် ဝမ်းနည်းနာကျင်မှုတို့ကြောင့် မယ်မကို ရည်စူးပြီး တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မယ်မရဲ့ စကားလုံးတွေဟာ ဘယ်အတိုင်းအတာထိ သူ့ကို ပေါက်ကွဲစေသွားသလဲဆိုတဲ့ အချိန်အဆကို မယ်မ နားလည်လေသည်။ ဒါပေမဲ့လည်း မယ်မက အဲဒီလိုပဲဖြစ်သင့်သည်ဟု ယူဆလေသည်။ ဘွားဘွားရဲ့ဆန္ဒ၊ ကြီးကြီးရဲ့ဆန္ဒတွေအတွက် မယ်မ ငြင်းလို့မရနိုင်ပေမယ့် မယ်မရဲ့စိတ်ဆန္ဒအတွက်တော့ ငြင်းပိုင်ခွင့်ရှိပေသည်။

"အဲဒီတော့ နင်က ဘာလုပ်မှာလဲ ချန်ရန့်ကို မချစ်ဘူးဆိုလည်း ခန့်ညားကို ချစ်တယ်ဆိုတဲ့ပုံစံကြီးနဲ့ ချန်ရန့်စိတ်ကို ဒုက္ခပေးထားတာ မကောင်းဘူးလို့ ငါကတော့ ယူဆတယ်၊ ငါ သိပါတယ်၊ နှင် ချန်ရန့်ကို ချစ်ရဲ့သားနဲ့ နင့်ကိုလိမ်တယ်ဆိုတဲ့စိတ်ကြောင့် နင် အတင်းငြင်းနေတာ၊ ငြင်းလို့မရတဲ့အတွက် မငြင်းဘဲ လက်ခံလိုက်ပြီဆိုလည်း





အဆင်ပြေအောင်နေရမယ့်ကိစ္စကို အခုတော့ သက်သက်မဲ့ ကွိုင်ရှာတာ ...

နင့်ကြောင့် ချန်ရန် ဘယ်လောက်စိတ်ညစ်နေတယ်ဆိုတာ နင်သိလား၊ အခုဆို ကျောင်းမှာလည်း တမှိုင်မှိုင် တထွေထွေနဲ့ စိတ်နဲ့ကိုယ်ကပ်ပုံမရဘူး၊ ပြီးတော့ အလကား နေရင်း ဒေါသတွေကြီးနေတယ်"

ချို့နွယ့်စကားကြောင့် မယ်မက သဘောတကျရယ်မောလိုက်ကာ နေကြာစေ့အခွံမပျက်ဘဲ မေးတစ်ချက်ဆတ်ပြကာ...

"ဒါနဲ့ ခန့်ညားကကော"

"ခန့်ညားက နင်ပြန်ရောက်နေတာ သိမှမသိတာ၊ သူကတော့ အေးဆေးပဲ၊ အရုပ်အရှင်းလည်းကင်းတယ်၊ နင့်ကိုချစ်သေးလား မချစ်သေးလားတော့ ငါတို့လည်းမသိဘူး"

"ချစ်လည်း ဂရုမစိုက်ဘူး၊ မချစ်လည်း ဂရုမစိုက်ပါဘူး၊ ဟင်း ဟင်း ... ငါက ဘယ်သူနဲ့မှ မပတ်သက်ချင်ပါဘူး"

မယ်မရဲ့ နောက်ရွတ်ရွတ်အပြောလေးကြောင့် ချို့နွယ်ရဲ့နှင်းဆီက မျက်စောင်းကျိတ်ထိုးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို မပတ်သက်တာလဲ၊ ဟွန်း ... ငါတို့သိပါတယ် မယ်မရယ်၊ ဘာမှ လိမ်မနေနဲ့၊ နင် ချန်ရန့်ကို မငြင်းဘူးဆိုတာ နင့်မသိစိတ်ထဲကိုက လက်ခံနိုင်လို့ မငြင်းတာ၊ နင်သာ သူ့ကို အသေမုန်းတယ်ဆိုရင် ဘာကြီးပဲဖြစ်ဖြစ် အသေငြင်းရမှာပေါ့ ...

နင် မငြင်းတာ ချစ်နိုင်လို့ပေါ့ မယ်မရယ်၊ စေ့စပ်တယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် လက်တွဲဖော်ဖြစ်ပါတယ်ဆိုပြီး ကြေညာတာပဲဟာ၊ နင် အကြေညာခံနိုင်တယ်ဆိုကတည်းက It's sure"

မချစ်တာကို ချစ်ပါတယ်လို့ အစွပ်စွဲခံနေရသောအခါ ပြန်လည်ဖြေရှင်းချက်ကို မယ်မလည်း မပြောချင်တော့ပါ။ မယ်မရဲ့ရည်ရွယ်ချက်က ဘွားဘွားတို့ကို စိတ်ချမ်းသာစေချင်သလို သူ့ကိုတော့ စိတ်ဒုက္ခပေးဖို့ပဲဖြစ်သည်။ အဲဒါကြောင့်မို့လည်း မဟုတ်တာကို အဟုတ်လုပ်၍ သူစိတ်ဆင်းရဲအောင် ခန့်ညားနဲ့တွဲမယ်ဆိုပြီး တမင်ပြောလိုက်တာ ဖြစ်ပေသည်။ မယ်မစကားကြောင့် သူ တော်တော်ပေါက်ကွဲသွားပုံရပါသည်။





"နင်ကလေ သိပ်နေနိုင်တာပဲနော်၊ ချန်ရန့်ကိုတော့ သနားတယ်ဟယ် တကယ်ပဲ၊ နင့်စကားကြောင့် သူ တော်တော်စိတ်ဆင်းရဲနေမှာပဲ"

"အမယ်လေး ... စိတ်ဆင်းရဲတာထက် ငါ့ကို အသားကုန်ပေါက်ကွဲတာဟ၊ ငါ့ကို မင်းတွေ ငါတွေနဲ့ကို ပြောပြီးအပီပေါက်ကွဲတာ၊ စေ့စပ်ပွဲတောင် သူက ဖျက်သိမ်းပေးမယ်ပြောနေတာ"

"ဟယ် ... ဟုတ်တယ်၊ အဲ ... ဒါနဲ့ နေဦး၊ နင်နဲ့သူက တကယ်ပဲ စေ့စပ်တော့မယ်ပေါ့ ဟုတ်လား"

"အဓိကကတော့ ဘွားဘွားရယ် ကြီးကြီးရယ်ကြောင့်ပါဟာ၊ နင်တို့သိတဲ့အတိုင်းပဲ ငါက အချစ်ဆိုတာကြီးအပေါ်မှာ ဘာဖီးလ်မှမထားချင်တော့ဘူးလေ၊ ကြီးကြီးကော ဘွားဘွားကောက ငါ့ကို ချန်ရန်နဲ့ အရမ်းအဆင်ပြေစေချင်တယ်၊ ချန်ရန်ကလည်း ငါ့ကိုချစ်နေတဲ့သူဆိုတော့ အဆင်ပြေမယ်လို့ ယုံထားတဲ့အတွက် လက်ခံဖြစ်သွားတာ၊ အဲဒါကြောင့်မို့လည်း တောင်ကြီးကနေ ဒီပြန်လာခဲ့ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါဆို နင့်ဘက်က အချစ်မပါတော့ဘူးပေါ့"

အချစ်။ တော်ပါပြီ။ မယ်မအတွက် စိတ်ညစ်စရာတွေ ပြီးတော့ ခံစားရတာတွေချည်းပဲ ပေးပေးနေတဲ့ ခံစားမှုကို အရေးမပါတဲ့အတွက် အရာပေးပြီး မစဉ်းစားတော့ချေ။ တစ်ချိန်ရောက်ရင် ဘွားဘွားတို့ဆန္ဒအတိုင်း မယ်မ သူ့ကို လက်ထပ်လိုက်မည်။ အနာဂတ်အတွက် ဘာမှ ရှည်ရှည်ဝေးဝေးလဲ စဉ်းစားနေဖို့ သိပ်မလိုပါ။

ချန်ရန့်ကို ရွေးချယ်လိုက်တယ် ဆိုတာ အဓိကကတော့ လူကြီးတွေရဲ့ဆန္ဒကြောင့်ပဲဖြစ်ပါသည်။





## ၁၄

"မြေးမလေးနဲ့ မြေးလေးကြားမှာ ကတောက်ကဆလေးတွေများ ရှိနေလားဟင်"

ဘွားဘွားရဲ့မေးခွန်းကြောင့် မယ်မက ပြန်ဖြေဖို့ အဖြေတစ်ခုကို ပြန်မဖြေသေးခင်မှာ ဘွားဘွားက အရင်ဆုံး မေးရလေသည်။

"သူက ဘာပြောလို့လဲ ဘွား"

"ဟင့်အင်း ... ဘာမှ မပြောပါဘူး၊ ဒါပေမဲ့ မြေးလေးကို ကြည့်ရတာ တစ်မျိုးပဲ၊ သူ ဘာကို အလိုမကျဖြစ်နေမှန်းလဲ မသိဘူး၊ မေးတော့လည်း ဘာမှမဖြစ်ဘူးချည်းပဲ ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမဲ့ ဘွားသိတယ်၊ သူ တစ်ခုခုဖြစ်နေတယ်၊ စေ့စပ်ပွဲလုပ်ဖို့ကလည်း နီးနေပြီဆိုတော့ ဘွား အရမ်းစိတ်ပူတယ်ကွယ်၊ အမှန်တကယ်ဆို မြေးလေးက သိပ်ပျော်နေရမှာ"

ဘွားစကားကြောင့် မယ်မ စိတ်ထဲတော့ မကောင်းဖြစ်သွားပေသည်။ သူက ဘာလို့ ဒီလောက်ကြီး ဆွေးနေတာလဲ။ ဘာပဲဖြစ်ဖြစ် ဒီလောက် သူခံစားနေရတယ် ဆိုကတည်းက မယ်မဘက်က တန်တယ်ပဲပြောရပါမည်။ ဒါပေမဲ့ ဘွားကိုတော့ ပြေရာပြေကြောင်း ချော့မော့ပြောရလေသည်။

"ဩော် ... ဟို ... စိတ်မပူပါနဲ့ ဘွားရယ်၊ သူက အပျော်လွန်သွားလို့ ငြိမ်နေတာနေမှာပါ၊ သမီး မေးကြည့်ပေးပါ့မယ် ဘွားရယ်၊ စိတ်မပူနဲ့နော်"

"အေးပါ ... မြေးမလေးရယ်၊ ဘွားပဲ စိတ်ပူလွန်နေတာဖြစ်မှာပါ"

"ဟုတ်ပါတယ် ဘွားရဲ့၊ ဘာမှ စိတ်မပူပါနဲ့၊ ဒါနဲ့ ဒီနေ့ ကျောင်းပိတ်ရက်ဟာကို သူ ဘယ်သွားလဲဟင်"





"မသိဘူး ... ဟို ... လမ်းထိပ်ထွက်သွားတယ်ထင်တယ်"

မယ်မသည် သူနဲ့ အေးအေးဆေးဆေး စကားပြောဖို့တော့ လိုအပ်လာပြီဆိုတာ သဘောပေါက်ပါသည်။ အဲဒီအတွက် သူ့ကို ဖုန်းချိတ်ပြီး သူနဲ့ဆုံဖို့ လိုအပ်လာပြီဖြစ်၏။

"ဘွား ... သမီး အဲဒါဆို ပြန်တော့မယ်လေ၊ မနက်ဖြန်မှ လာခဲ့တော့မယ်"

"အေး ... ဟုတ်ပြီ ... ဟုတ်ပြီ၊ ကားကို ဂရုစိုက်မောင်းနော်"

"ဟုတ် ... ဘွား ... တာ့တာ"

မယ်မက ဘွားကို နှုတ်ဆက်ကာ ကားမောင်းထွက်လာခဲ့တော့သည်။ လမ်းထိပ်လောက်အရောက်မှာတော့ တလေဆန်ဆန် အပေအတေဒီဇိုင်းဖြင့် လျှောက်လှမ်းလာသော ချန်ရန်ကို ကားမောင်းနေရင်းကမှ လှမ်းတွေ့လိုက်လျှင် မယ်မက ကားကို အသာမေးကာ သူ့အနားသို့ ကပ်မောင်းကာ ကားကို အသာရပ်လိုက်၍ ဟွန်းတစ်ချက်တီးလိုက်လျှင် သူက ဘာလဲဆိုသောပုံစံနှင့် ဆတ်ခနဲ ကြည့်လိုက်သောအခါ မယ်မကိုတွေ့လိုက်တာကြောင့် အံ့ဩသွားပုံရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မယ်မက ကားပေါ်ကနေ သူ့ကို မျက်စောင်းတစ်ချက်ကဲကြည့်ကာ ခပ်ဆတ်ဆတ်လေသံဖြင့် ...

"ဒီမှာ ... ဘယ်တွေ လျှောက်သွားနေတာလဲ။ ရှင့်ကိုပြောစရာရှိတယ်၊ ကျွန်မနဲ့ ခဏလိုက်ခဲ့"

မယ်မစကားကြောင့် ချန်ရန်က စူတင်းတင်းမျက်နှာဖြင့် သူ့ကိုကြည့်ကာ ...

"ဘယ်သွားမှာလဲ"

"ကားပေါ်သာ အရင်တက်ပါ၊ ဘာလဲ ... ကျွန်မကားက ရှင်စီးနေတဲ့ကားလောက် မကောင်းလို့ မစီးချင်တဲ့သဘောပေါ့ ဟုတ်လား"

မယ်မက သူ့ကို ဘုတောလေသံဖြင့် ပြောလိုက်လျှင် သူက ဘာမှမပြောတော့ဘဲ ကားပေါ်တက်လာခဲ့တော့သည်။ ကားပေါ်မှာထိုင်နေပေမယ့် ဘာစကားတစ်ခွန်းမှ မပြောတာကြောင့် မယ်မကလည်း အစွဲ့တိုက်ပြီး ကလပ်ကို ဆတ်ခနဲ လွှတ်ကာ လီဗာကို ခပ်ပြင်းပြင်းဖိ၍ ဝေါခနဲမောင်းချလိုက်လျှင် ချန်ရန်က လူရှေ့ရောက်၍ ဒက်ချ်ဘုတ်နှင့်ခေါင်း သွားမိတ်ဆက်လေသည်။





"ဆောရီး ... ဆောရီး ... အဲလိုပဲ ကျွန်မက ကားမောင်းရင် Careless နည်းနည်းဖြစ်တတ်တယ်"

"ရပါတယ်၊ သွားမယ့်နေရာကိုသာ မြန်မြန်ရောက်အောင် မောင်းပါ၊ ဩော် ... ပြီးရင်တော့ ကျွန်တော့်ကို အိမ်ပြန်ပို့ပေးရမှာနော်"

"သိတယ် ... ပြန်ပို့ပေးမယ်၊ ဘယ်ကိုမှလဲ ဝေးဝေးလံလံ မသွားဘူး၊ ဟိုထိပ်က ဆိုင်လေးကိုသွားပြီး ရှင့်ကိုပြောစရာရှိတာပြောမလို့"

ချန်ရန်သည် မယ်မအပြောကြောင့် Okဟု ခပ်တိုးတိုးပြောကာ မယ်မသွားတဲ့နေရာကို ခပ်ဆိတ်ဆိတ်လိုက်လာလေသည်။

ဟုတ်ပ ... ဘွားဘွား စိတ်ပူမယ်ဆိုလည်း စိတ်ပူစရာပဲလေ။ ချန်ရန်က အရင်လိုပုံစံမျိုးမှ မဟုတ်တာ။ အရမ်းကြီးကို ငြိမ်ကျသွားတာဟာ ဘာအကြောင်းကြောင့်လဲ။

မယ်မက သူနှင့်အတူ ဆိုင်ထဲဝင်လိုက်ကာ ကော်ဖီနှစ်ခွက်မှာလိုက်ကာ မယ်မကပဲ တုံ့ပေပေသူ့ကို စကားစပြောလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ချန်ရန် ... ရှင် ဘာဖြစ်နေတာလဲ၊ အဲဒီလို ပေကပ်ကပ်ပုံစံနဲ့ ညစ်နေတဲ့ဒီဗိုင်းကြီးမျိုး မနေစမ်းပါနဲ့၊ ဘွားဘွားက ရှင့်ကို သိပ်စိတ်ပူနေတာ"

"အဲဒီလိုဖြစ်နေတာ ဘယ်သူ့ကြောင့်လဲ၊ မင်းကြောင့်ပဲလေ၊ မင်းမှ ငါ့ကို ပြန်မချစ်တာ"

အဲဒီစကားကြောင့် မယ်မက မျက်စောင်းထိုးလိုက်ကာ ...

"ဒီမှာ ... ရှင် အဲဒီလို အပိုစကားတွေပြောမနေနဲ့၊ ပြန်မချစ်လည်း ရှင်နဲ့စေ့စပ်ရမှာပဲမဟုတ်ဘူးလား၊ အတွေးတွေကပ်ပြီး အံမချော်နေပါနဲ့ မိုးမြင့်ချန်ရန်"

"ကျစ် ... မတူဘူး မယ်မရဲ့၊ ကျွန်တော်က မယ်မရဲ့အချစ်ကို လိုနေတာပါ"

စိတ်ညစ်ပါတယ်။ သူကလည်း အခုမှ ချစ်ချစ်လီဆက်ချစ်တွေ လာလုပ်နေတယ်။ ချန်ရန့်အပေါ် ဘယ်လိုသဘောထားတယ်ဆိုတာ ဘာကိုမှ ကွဲကွဲပြားပြား ခွဲခြားလို့မရပါချေ။





"မယ်မ ... မင်းဘက်က ခန့်ညားကို ရွေးချယ်ထားတယ်ဆိုရင်လည်း ကျွန်တော့်ကို အဲဒီလိုမျိုး အသေသတ်တာ အရမ်း ရက်စက်ပါတယ်ဗျာ"

သူက ခန့်ညားနဲ့ မယ်မကို ပတ်သက်နေကြတယ်၊ မယ်မဘက်ကလည်း ခန့်ညားကို အဖြေပေးထားတယ်ဆိုတဲ့စိတ်က သူ့ကို နှစ်မွန်းစေပြီး အခုလိုပုံမျိုး ဖြစ်သွားရတာဖြစ်သည်။ အမှန်တကယ်တော့ ခန့်ညားခမျာ မယ်မကို တောင်ကြီးကနေ ပြန်မလာသေးဘူးလို့တောင် ထင်နေတာ။ ချန်ရန်တစ်ယောက် အခုလို အူနုကျွဲခတ် ခံစားနေရတာကို စိတ်မကောင်းပေမယ့် သူ အဲဒီလိုဖြစ်နေတဲ့ပုံစံက ရယ်စရာကောင်းတာကြောင့် တမင်တကာ ကလီလိုက်သေးသည်။

"ခန့်ညားကို ရွေးချယ်ထားတယ်ပဲ ဆိုဦးတော့၊ တစ်ချိန်ကျရင် ရှင်နဲ့ ကျွန်မက လက်ထပ်ရမှာပဲ မဟုတ်ဘူးလား၊ သူကသာ ရင်ကွဲပြီးကျန်ခဲ့ရမယ့်သူပါ"

"မင်းနဲ့လက်ထပ်ရလို့ ငါကပျော်ပြီး ရှူးနေလိမ့်မယ်လို့ မင်းထင်ထားတာလား၊ အချစ်မပါလာတဲ့ မင်းကို ပိုင်ဆိုင်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါ့အတွက် ဘာများထူးခြားမှုရှိမှာလဲ၊ ငါလိုချင်တာ လူကိုမဟုတ်ဘူး မယ်မ၊ မင်းရဲ့အချစ်ကို အလိုရှိတာ မယ်မညို"

သူ့မျက်လုံးထဲက ဝမ်းနည်းရေစင်တွေ ပက်ဖျန်းထားသော မျက်ရည်ကြည်တွေ ဝဲနေတာကိုမြင်ရလျှင် သူ တကယ်ကြီး ခံစားနေရတာဆိုတာကို သဘောပေါက်ရသောအခါ ဘာပြန်ပြောလို့ ပြောရမှန်းမသိတော့ချေ။ အဲဒီအချိန်မှာပဲ မယ်မရဲ့ဟန်းဖုန်းလေး က သံချက်ညီညီမြည်လာလေလျှင် မယ်မက ဖုန်းကိုင်လိုက်လေသည်။

"ဟယ်လို"

"မယ်မ ... ကိုယ်ပါ ခန့်ညားး၊ မယ်မရယ် ... မင်း အရမ်း ရက်စက်တယ်ကွာ၊ ကိုယ့်ကို ဘာလို့ ရက်စက်ရတာလဲကွာ၊ မယ်မ ပြန်ရောက်နေပြီဆို၊ ပြီးတော့ ... ပြီးတော့ ... မယ်မက ဟိုကောင် ချန်ရန်နဲ့ စေ့စပ်တော့မယ်ဆို"

မြတ်စွာဘုရား ... ခန့်ညားတစ်ယောက် ဘယ်လို ကဘယ်လို ဒီသတင်းကို ကြားသွားရတာလဲ။





"ဟို ... ခန့်ညား"

မယ်မရဲ့ ခန့်ညားဆိုသော စကားသံကြောင့် မယ်မ ကို မျက်လုံးအပြူးသားဖြင့် ပြူးပြီးကြည့်လေလျှင် မယ်မက ဘာ ဆက်ပြောရမှန်းကို မသိတော့ဘဲ ဟိုတွေ ဟင်တွေဖြင့်သာ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေရလေသည်။ ဒါပေမဲ့ မယ်မဘက်က အပြတ် တစ်ခုခုတော့ ဖြတ်ပေးရပါမည်။ မယ်မကြောင့် နှစ် ယောက်စလုံးကို မနစ်နာစေချင်ပါ။ အဲဒါကြောင့် ချန်ရန်က အကဲခတ်ကြည့်နေလည်း မယ်မက ပြောလိုက်ရတော့သည်။

"ခန့်ညား ... ကျွန်မ အဲဒီကိစ္စကို သေချာပြောပြပါ့မယ်"

"အဲဒါက တကယ်ပဲလား မယ်မ"

"ဟုတ်တယ် ... အဲဒါ တကယ်ပဲ၊ ကျွန်မ ခန့်ညားနဲ့တွေ့ တဲ့နေ့မှ ပြောပြမယ်လေ၊ အခုက အပြင်ရောက်နေလို့"

"မင်း အရမ်းစက်ရက်တယ် မယ်မ၊ ငါ့ကို အရမ်းလှည့်စား တယ်ကွာ၊ လုံးဝ ရက်စက်တယ် ... တောက်"

ဖုန်းချသွားလေသည်။ ရက်စက်တယ်တဲ့။ အပြောခံ ရပြန်ပြီ။ မယ်မလည်း ဘယ်တော့များမှ စိတ်အေးချမ်းမှုလေးရရှိ



www.burmeseclassic.com

www.burmeseclassic.com



လေတော့မလဲ။ ခန့်ညားတစ်ယောက် ခံစားရသွားတဲ့အခါမှာလည်း မယ်မက သူတို့ထက်ပိုခံစားရပါသည်။ ခန့်ညားနှင့် ဖုန်းပြောပြီး သွားသောအခါမှာ တစ်စခန်းထလာသူကတော့ ချန်ရန်ပဲဖြစ်လေသည်။ အရမ်းကို ကြေကွဲနေသော မျက်ဝန်းတွေဖြင့် မယ်မကို စူးစိုက်ကြည့်ကာ ...

"မင်းကို သိပ်ချီးကျူးပါတယ် မယ်မရယ်၊ သူများကို အောင်သွယ်ပေးတတ်တဲ့ မင်းက အဲဒီလောက်ရက်စက်တတ်မယ်မှန်း ထင်မထားဘူးကွာ၊ ကောင်းပါတယ် ... ကျေနပ်ပါတယ်၊ မင်းကို အစကတည်းက ချစ်တယ်လို့ ရိုးရိုးသားသားမပြောမိခဲ့တဲ့အတွက် ကိုယ်ရရှိတဲ့ အခါးသီးဆုံးပြစ်ဒဏ်လို့ ကိုယ် သတ်မှတ်လိုက်ပါမယ် ...

အရမ်းခံစားရတယ် မယ်မရယ်"

သူက မယ်မမျက်နှာကို ဒေါသရိပ်ဖြင့် စက္ကန့်ပိုင်းလေး ကြည့်ပြီးနောက် ထွက်သွားလေတော့သည်။ ဘာတွေဖြစ်ကုန်ပြီလဲ။ မယ်မ သူတို့တွေပြောသလိုမျိုးပဲ ရက်စက်တဲ့သူ ဖြစ်နေပြီလား၊ ဟင့်အင်း ... မယ်မက အဲဒီလိုမျိုး မဖြစ်ချင်ပါဘူး။





မယ်မရင်ထဲမှာ တကယ်ရှိနေတဲ့ ချစ်တတ်တဲ့နှလုံးသားရှိတယ်ဆိုတာ မယ်မ သိပေမယ့် မယ်မကို သူတို့ကတော့ ရက်စက်သူကြီးရယ်ဆိုပြီး စွပ်စွဲကြကာ မယ်မကြောင့် ခံစားနေရရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

မယ်မ မမျှော်လင့်သောနေ့တစ်နေ့တွင်တော့ အရမ်းကို ကြေကွဲနေရှာသော ခန့်ညားက မယ်မဆီ ရောက်ချလာပြီး မယ်မကို ဆွေးနွေးလေသည်။

"ဘယ်လိုလဲကွာ မယ်မရယ်၊ မယ်မရဲ့ဆုံးဖြတ်ချက်တွေကို ပြင်ပေးပါဦးကွာ၊ တကယ်ဆို ကိုယ်တို့တွေက ဒီလောက်ထိ ဖြစ်သွားဖို့မှ မလိုအပ်တာ၊ မယ်မဆီက အဖြေရတော့မယ့် အချိန်မှာ ဟိုကောင် ဝင်ရှုပ်လို့ အခုလိုတွေဖြစ်ကုန်ရတာ"

"အဲဒီလို တစ်ဖက်သတ်တော့မပြောပါနဲ့ ကျွန်မဘက်က ချန်ရန့်ကို ရွေးချယ်တာဟာ ကျွန်မသဘောဆန္ဒက ဒုတိယ၊ လူကြီးတွေကိုက သူနဲ့စီစဉ်ပေးထားတာမို့လို့ပါ၊ ခန့်ညားကို ကျွန်မ သူငယ်ချင်းတစ်ယောက်လိုပဲ ခင်မင်ပါရစေ"





"ဟား ဟား ... သိပ်ကိုပြောင်မြောက်ပြီး လှပတဲ့စကားပါပဲ၊ မိုးမြင့်ချန်ရန် ဆိုတဲ့ကောင်က အဲဒီလောက်အထိ ကံဇာတာကောင်းမှန်း ကျွန်တော် အခုမှသိတယ်ဗျာ၊ ဒီလိုမှန်းသိရင် မယ်မကို လူကြီးတွေနဲ့ လာတောင်းပါတယ်"

သူ့ဘက်က ပေါက်ကွဲခွင့်ရှိတယ်ဆိုတာ နားလည်ပေးလို့ရပေမယ့် တဖြည်းဖြည်းနဲ့ ခန့်ညားရဲ့ စကားလုံးတွေဟာ ပုတ်ခတ်မှုတွေများလာပါသည်။ မယ်မဘက်က အတတ်နိုင်ဆုံး သည်းခံထားပေမယ့်လည်း သူ့စကားတွေအတွက် ပြန်လည်ချေပမှ အဆင်ပြေပါမည်။

"ဒီမှာ ခန့်ညား ... စကားတစ်ခွန်းကို လက်လွတ်စပယ် မပြောပါနဲ့၊ ကျွန်မက လာတောင်းတိုင်း လက်ခံတဲ့အစားထဲကလည်းမဟုတ်ဘူး၊ ချန်ရန့်ကို ရွေးချယ်လိုက်တာဟာ ကျွန်မရဲ့စိတ်ဆန္ဒကိုက လက်ခံသင့်တယ်လို့ ယူဆထားလို့ပဲ၊ အဲဒီတော့ ခန့်ညား ... ကျွန်မဘက်က အဖြူအမည်းကွဲပြားသွားပါပြီ၊ ခန့်ညားနဲ့ အခင်လည်း မပျက်ချင်ဘူး၊ အေးအေးဆေးဆေးနဲ့ ကျွန်မတို့ သူငယ်ချင်းဖြစ်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



မယ်မရဲ့ စကားအဆုံးမှာ သူက ဖျတ်ခနဲ မယ်မကို ကြည့်သည်။ ပြီးတော့ လက်နှစ်ဖက်ကိုပိုက်ကာ ဝေခွဲခက်တဲ့ မျက်ဝန်းတွေနဲ့ စိုက်ကြည့်ကာ ခဏနေတော့ သက်ပြင်းတစ်ခု ဆွဲချ၍ ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ကိုယ်နားလည်လိုက်ပါပြီ မယ်မရယ်၊ မယ်မရဲ့ဆုံးဖြတ်ချက်အတိုင်း ကိုယ့်ဘက်က နေနိုင်အောင်ကြိုးစားရမှာပေါ့၊ မယ်မကို ကိုယ်သိပ်ချစ်တာပါ၊ ဒါပေမဲ့ မယ်မက ချန်ရန့်ကို ရွေးလိုက်ပြီဆိုတော့ ကိုယ် နောက်ဆုတ်လိုက်ပါပြီ၊ မယ်မနဲ့ ခင်မင်မှုလေးကိုတော့ ရပါရစေ"

ခန့်ညားရဲ့စကားတွေကြားရလျှင် အရမ်းပဲ စိတ်ချမ်းသာရလေသည်။ သူ ဒီလို လွယ်လွယ်ကူကူနှင့် နားလည်ပေးတဲ့အတွက်လည်း အရမ်းပဲ ကျေးဇူးတင်ရကာ သူ့ကိုလည်း ခင်မင်ရလေသည်။ ဘာပဲဖြစ်ဖြစ် အခုလို ပြတ်ပြတ်သားသားပြောလိုက်တာဟာ အားလုံးအတွက် အကောင်းဆုံးဖြစ်ပေသည်။ ချန်ရန့်ကိုလည်း ဒီထက်ပိုပြီး စိတ်ဒုက္ခမပေးချင်တော့သည့်ဆန္ဒလည်း ပါလေသည်။ အဲဒါဟာ ချစ်လို့တော့မဟုတ်နိုင်ပါ။





"ကျေးဇူးတင်ပါတယ် ခန့်ညား၊ ခန့်ညားနဲ့ ကျွန်မ သူငယ်ချင်းတွေလို ခင်မင်ကြတာပေါ့၊ အကယ်၍ ခန့်ညား ချစ်တဲ့သူများ ရှိလာခဲ့ရင်ပြောပါ၊ သေသေချာချာကို အောင်သွယ်ပေးမယ်၊ သိတယ်မှလား ... မြားနတ်မယ် မယ်မညိုရဲ့ ဖူးစာရေးမြားချက်က ဘယ်လောက်စွမ်းတယ် ဆိုတာကို"

"အဟား ... သိပါတယ်ဗျာ၊ အဲဒါက ဖြစ်ဖို့အဝေးကြီးလိုပါသေးတယ်၊ ကဲ ... ကျွန်တော်တို့ သူငယ်ချင်းဖြစ်သွားတဲ့ အနေနဲ့ အမှတ်တရလေးဖြစ်သွားအောင် တစ်ခုခုသွားစားရအောင်လား၊ ကျွန်တော် ဆိုင်ကောင်းကောင်းလေးတစ်ဆိုင် တွေ့ထားတယ်ဗျ၊ ဘယ်လိုလဲ"

"သွားတာပေါ့၊ ကောင်းသားပဲ"

"Ok... ဒါဆို ကျွန်တော့်ကားနဲ့ပဲ သွားတာပေါ့၊ လာ ... ကားပေါ်တက်"

ခန့်ညားရဲ့ ဖိတ်ခေါ်မှုကို မငြင်းတော့ဘဲ မယ်မက လိုက်လာခဲ့တော့သည်။ တကယ်တမ်းတော့ ခန့်ညားဟာ သနားဖို့ကောင်းသည်။ မယ်မကို တကယ်ချစ်တယ်ဆိုတာ မယ်မ သိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါပေမဲ့လည်း အကြောင်းကြောင်းတို့ကြောင့် သူနဲ့ ချစ်သူဖြစ်ဖို့ ကံမပါလာတာကို ဖူးစာမပါလို့လို့ပဲ အပြစ်ဆိုရ မည်ဖြစ်သည်။

မယ်မသည် တွေးရင်းငေးရင်းနဲ့ပဲ ပတ်ဝန်းကျင်မြင်ကွင်းတို့ကို စိတ်လိုလက်ရငေးမောမိသွားလျှင် လယ်ကွင်းတချို့ တွေ့လိုက်ရလေသည်။ မြတ်စွာဘုရား ... ဒါ ဘယ်နေရာကိုရောက်နေပါလိမ့်။

ဘုရားရေ ... အခုမှ သတိထားမိတယ်။ သူမောင်းလာတာ တစ်နာရီကျော်ကျော်လောက်တောင် ကြာနေပြီပဲ။ ဒါ မြို့ပြင်ဘက်တောင်ရောက်နေပြီ။ မဟုတ်မှလွဲရော။ သူ ...။

"ခန့်ညား ... ဒါ ဘယ်သွားနေတာလဲ"

"ဩော် ... မယ်မကလည်း ကျွန်တော် တွေ့ထားတဲ့ဆိုင်ကောင်းလေးကို သွားနေတာလေ ... ဟဲ ဟဲ"

မဟုတ်တော့ဘူး။ သူ့ပုံစံကိုကြည့်ရတာဟာ တစ်မျိုးပဲ။ မယ်မ ရိပ်စားမိချေပြီ။ သူ မယ်မကို ကားတင်ပြေးလာတာများလား။





"ခန့်ညား ... ကားကို ခုချက်ချင်းရပ်လိုက်ပါ၊ ရှင့်ဆိုင်က မြို့ပြင်ဘက်ရောက်နေပြီ၊ ကျွန်မကို အခုချက်ချင်း ကားရပ်ပေး"

"မယ်မရယ် ... ပြောရဆိုရ သိပ်ခက်တာပဲကွာ၊ ဘာလို့ ကားရပ်ပေးရမှာလဲ၊ မယ်မကို ခေါ်လာခဲ့ကတည်းက ပြန်ပို့ဖို့စိတ်ကူးမရှိဘူး"

"ဘာ ... ဘာပြောတယ်"

"ဟုတ်တယ် ... မယ်မ ... ကိုယ် မင်းကို ဘယ်သူ့လက်ထဲမှ မထည့်ပေးနိုင်လို့ ကားတင်ပြေးလာတာ"

ဟား ... သေပြီ ဆရာ။ မယ်မတော့ ကိုယ်ကျိုးနည်းပြီ။ ခန့်ညားကို ရိုးသားတယ်ပဲ သတ်မှတ်ထားတာ။ အခုတော့ သူ အစွယ်ထုတ်ပြမှ ဘာဆိုတာ သဘောပေါက်တော့သည်။ ဟင့်အင်း ... မယ်မ ဒုက္ခတော့ အရောက်မခံနိုင်။ ချက်ချင်းပင် သူ့ကို ရိုက်နှက်ထုယက်၍ ရုန်းရင်းဆန်ခတ်တွေဖြစ်ကုန်လေ၏။

"ရပ်ပေး ... ကားကို အခုချက်ချင်း ရပ်ပေးစမ်း"

"ဆောရီးပဲ ... မယ်မ၊ မင်းရဲ့ရွေးချယ်မှုက ဘာပဲဖြစ်နေပါစေ မင်းကို ငါပဲ ပိုင်ဆိုင်ခွင့်ရရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ရှင် ရူးနေသလား ခန့်ညား"

"ရူးတယ် ... မင်းကို ပိုင်ဆိုင်ရဖို့အတွက် ရူးတယ်၊ ငါ့ရဲ့ မျှော်လင့်ချက်တွေကို ဖျက်ဆီးတဲ့မင်းကို ငါ မရရအောင် ယူပြမယ်၊ ကားပေါ်က ခုန်ဆင်းမယ်မကြံနဲ့နော်၊ မင်း အသက်နဲ့ကိုယ် အိုးစားကွဲသွားမယ်၊ သေမှာမကြောက်ရင်တော့ ခုန်ဆင်းလိုက်"

မြတ်စွာဘုရား ...။ မယ်မ ... မယ်မ ဘာလုပ်ရမလဲ။ သူ့နောက်ကိုတော့ တစ်သက်လုံး မလိုက်နိုင်ပါ။ အဲဒါဆို မယ်မ သူ့လက်ကလွတ်အောင် ကားပေါ်ကခုန်ဆင်းလိုက်ရမလား။ ဟင့်အင်း ... အဲဒါဆို သူပြောသလို မယ်မ သေသွားမှာပေါ့။ မယ်မ ဒီအခြေအနေမှာ အသက်ပေးဖြေရှင်းသွားရင် အားလုံးက မယ်မနဲ့ သူ့ကို ခိုးရာလိုက်ပြေးသွားတယ်လို့ ထင်ကုန်မှာပေါ့။ ဟင့်အင်း ... အဲဒီလို ဒုက္ခတွင်းထဲကနေ ဘယ်လိုလွတ်အောင် လုပ်ရမလဲ။ သူက စိတ်ရူးပေါက်စွာ ကားကို အသားကုန်နှုန်းတွေ စွတ်တင်မောင်းနေတာဖြစ်၏။





"ခန့်ညား ... ကျွန်မ တောင်းပန်ပါတယ်၊ စိတ်ကိုအေးအေးထားပါ၊ ကားခဏရပ်လိုက်ပါ၊ ကျွန်မပြောတာကို နားထောင်ပါဦး"

"နားမထောင်ဘူး၊ မင်းကို ငါ ခိုးပြေးလာခဲ့ပြီးပြီ၊ လုံးဝ အဆုံးရှုံးမခံနိုင်ဘူး၊ အဲဒါ မင်းကို သိပ်ချစ်လို့ပဲ မယ်မ၊ အကောင်းဆုံးက မင်းပါးစပ်ကိုပိတ်ပြီး ငါ့ကိုချစ်လာဖို့ပဲ ကြိုးစားပါ"

"တောက် ... လူယုတ်မာ၊ နင် ကားကို အခုရပ်စမ်း"

မယ်မက စီယာတိုင်ကိုဝင်ဆွဲလျှင် သူကလည်း အလန့်တကြားပြန်ဆွဲ၍ ကားလမ်းကြောကို ပြန်တည့်နေစဉ် ကားတစ်စီးက ဘေးမှ ကျော်တက်ကာ ဖြတ်ဝင်ချလာပြီး ပိတ်ရပ်လိုက်သောအခါ ခန့်ညားက ဝုန်းခနဲ ဘရိတ်ဆောင့်နင်း၍ ကားပါ စက်သေသွားလေ၏။ တစ်ဖက်ကားပေါ်ကနေ ဆင်းချလာသူကတော့ ချန်ရန်ပဲဖြစ်လေသည်။ သူ ဘယ်လိုလုပ် မယ်မဆီ ရောက်လာတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားသည် ချန်ရန့်ကိုမြင်လျှင် ကားပေါ်က ချက်ချင်းဆင်းကာ မယ်မကိုပါ အတင်းဆောင့်ဆွဲကာ ကားပေါ်ကဆင်းခိုင်းပြီးနောက် ...

"ဟော့ကောင် ... မင်း ဘာလာရှုပ်တာလဲ၊ ဒီမှာ ... မယ်မက ငါ့ချစ်သူ"

"မဟုတ်ဘူး ချန်ရန်၊ သူ ကျွန်မကို ကားတင်ပြေးလာတာ"

ချန်ရန်က ဘာစကားမှမပြောဘဲ ဝုန်းခနဲ ခန့်ညားဆီ ပြေးဝင်လာကာ မျက်စိစုံမှိတ်ပြီးတော့ကို လက်သီးဖြင့် ဆင့်ဆင့်ထိုးလေတော့သည်။ မြို့ပြင်ဘက်လမ်းဖြစ်နေ၍ ကားဆိုလို့ ဒီနစ်စီးပဲရှိကာ လုံးဝကြီးကို ရှင်းလင်းနေ၏။ ချန်ရန်က အပေါ်စီးကနေဖိကာ အသေဖွဲ့နေတာကြောင့် ခန့်ညားဟာ ပြန်ခုခံချိန်၊ တွန်းကန်ချိန်တောင်မရဘဲ သူချည်းလိုမ့်ပိမ့်ခံနေရတာဖြစ်သည်။ လက်ဆအရမ်းများနေပြီဆိုတာ ရိပ်မိသော မယ်မက ချန်ရန့်ကို ဝင်ဆွဲကာ ဖျန်ဖြေတော့သည်။

"တော်တော့ ... ချန်ရန်၊ သူ သေသွားရင် ရှင်ဒုက္ခရောက်မှာ၊ တော်ပြီ"





"ဟော့ကောင် ... ခန့်ညား၊ မင်းကို သေအောင်ကိုသတ်ပစ်ချင်တယ်၊ နှမချင်းမစာနာတဲ့ ခွေးကောင်"

"တော်ပြီ ... တော်ပြီ ... လာ ... သွားရအောင်ပါ၊ ခန့်ညား ... ရှင် အမှန်ကို မြင်နိုင်ပါစေ၊ ကျွန်မတို့ကို ဒီထက်ပိုပြီး မနှောင့်ယှက်ပါနဲ့တော့"

"မယ်မ ... အား ... မင်း မသွားပါနဲ့၊ ငါ မင်းကို သိပ်ချစ်တာပါ"

အဲဒီစကားတွေကို မယ်မသည် မကြားချင်ဟန်ဖြင့် ချန်ရန့်ကိုခေါ်ကာ ထွက်လာခဲ့တော့သည်။ အားလုံး မယ်မအမှားတွေချည်းပါပဲ။ ချန်ရန်က ကားမောင်းထွက်လာခဲ့ရာမှ ခပ်ဖျော့ဖျော့လေသံဖြင့် ...

"ငါ့ကို ကောင်းနိုင်က လှမ်းဖုန်းဆက်ပြောတာ၊ မင်းနဲ့ ခန့်ညား အတူတွဲထွက်သွားတယ်တဲ့၊ ငါ မင်းတို့ဆီ အမီလိုက်တာ ဘယ်လိုမှမမီဘူး၊ ငါက မင်း သူနဲ့ ခိုးပြေးပြီထင်တာ၊ ပွိုင့်ရောက်မှ မင်းတို့ကားကိုမီလို့ နောက်ကနေလိုက်ရင်း အခြေအနေကို ရိပ်မိလာလို့ ဝင်ကူရတာ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့လဲ ... မယ်မ၊ သူ့ကို မင်းချစ်တယ်ဆိုလည်း ငါ့ကို ထားခဲ့လိုက်တော့ပေါ့"

သူထင်ရာကိုပဲ စွတ်ပြောနေသောကြောင့် မယ်မက ရှင်းရတော့သည်။

"မဟုတ်ဘူး၊ ခန့်ညားကို ကျွန်မ မရွေးရသေးပါဘူး၊ ရှင်သာမကယ်ရင် ကျွန်မတော့ ဒုက္ခရောက်ပြီ ... အဲဒီအတွက် ကျေးဇူးတင်ပါတယ် ချန်ရန်"

"ဘယ်လို ... မင်းက သူ့ကိုမရွေးရသေးဘူး၊ တကယ်လားဟင်"

မယ်မက မဖြေရသေးခင်မှာ မယ်မ ဘောင်းဘီအိတ်ကပ်ထဲက ဖုန်းလေးက မြည်လာတာကြောင့် ဖုန်းကိုင်လိုက်ရလေသည်။

"အေး ... ချိုနွယ် ပြော"

ချိုနွယ်ရဲ့ဖုန်းမှန်းသိအောင် သီးသန့် Ringtone လုပ်ထားတာကြောင့် တန်းပြောလေလျှင် ချိုနွယ်က ရေးကြီးသုတ်ပျာအသံဖြင့် ...





"မယ်မရေ ... ငါ့ကို ကူညီပါဦးဟာ၊ ငါ အတိုချုပ်လိုရင်းပြောမယ်နော်၊ အခြေအနေအရ ငါနဲ့ ဇေယျ နိုးပြေးလိုက်ရတယ်၊ အဲဒါ ငါတို့ အခု ပဲခူးမှာ၊ ရုတ်တရက်ကြီး နိုးပြေးဖြစ်သွားတာ အိမ်ကလူကြီးတွေနဲ့ ငါတို့ ပက်ပင်းတိုးမိသွားတာ၊ အဲဒါကြောင့် ငါတို့ နိုးပြေးဖို့ ဆုံးဖြတ်လိုက်တာ ...

သူငယ်ချင်း ... ငါ့မှာ ငွေအလုံအလောက်မပါဘူး၊ ဇေယျလည်း အဲဒီလိုပဲ"

"ဘုရားရေ ... နင်တို့က အခု ပဲခူးမှာပေါ့၊ ပြော ... ပြော ငါ ဘာလုပ်ပေးရမလဲ"

"အားတော့နာတယ်ဟာ၊ ငါတို့ကို နင့်မှာ ရှိသလောက်ပေါ့ဟာ ဖြစ်နိုင်ရင် လာပို့ပေးပါလား၊ မဖြစ်နိုင်ဘူးဆိုတာတော့ ငါသိပါတယ်ဟာ၊ နင်တစ်ယောက်တည်း ပဲခူးလာဖို့ဆိုတာ အရမ်းခက်ပါတယ်၊ ဒါပေမဲ့ နင် တစ်ခုခုစဉ်းစားပြီး ကူညီပါဦးဟာ"



www.burmeseclassic.com

www.burmeseclassic.com



မယ်မက ကိုယ့်အပူကို ခေါင်းထဲက ခဏထုတ်ကာ ချို့နွယ်ကိစ္စအတွက် ခေါင်းစားရတော့သည်။ အခု မယ်မက အေးကင်းသွားပြီ။ ချန်ရန့်ကိုတော့ ယုံကြည်လို့ရမယ်ထင်တယ်။

"ခဏလေးနော် ချို့နွယ်၊ ချန်ရန် ... ရှင် ကျွန်မကို ပဲခူး လိုက်ပို့ပေးပါလား၊ ချို့နွယ်တို့ကို ကျွန်မ ပိုက်ဆံသွားပေး စရာရှိလို့"

"ဗျာ ... ပဲခူးကို ... ဟုတ်လား"

ချန်ရန်က အံ့အားသင့်လေသံဖြင့် မယ်မကို ထပ် မေးလျှင် မယ်မက ခေါင်းအမြန်ညိတ်ပြကာ ...

"အင်း ... ပဲခူးကို အခုလိုက်ပို့ပေးပါလား"

"အင်း ... အင်း ... ရတယ်လေ၊ ဒါဆို အခု ပဲခူးကို သွားပေးရမှာပေါ့"

"ဟုတ်တယ် ... ပဲခူးကို မောင်းပေး"

မယ်က သူ့ကိုပြောပြီးသွားတာနဲ့ ဖုန်းကိုနားမှာပြန် ကပ်ကာ ချို့နွယ့်ကို သတင်းကောင်းပါးရလေသည်။"

"ချို့နွယ် ... ဘာမှ မပူနဲ့၊ ငါ အခုလာပြီ"





"အေးပါဟာ ... ကျေးဇူးပါပဲ၊ ဒါနဲ့ နင်က ချန်ရန်နဲ့အတူ ရှိနေတာလား"

"အင်း ... ဟုတ်တယ် ချို့နွယ်၊ ငါ့ဘဝရဲ့အပူဆုံးအချိန်ကာလ တစ်ခုကို သူက ကူညီဖြေရှင်းပေးသွားတယ်၊ နောက်မှ အေးဆေးပြောမယ်ဟာ၊ ငါတို့ အမြန်ဆုံးလာနေပြီ"

ချို့နွယ်နှင့် ဖုန်းပြောပြီးသောအခါမှာတော့ မယ်မ ဟာ သူ့ဘက်ကို ကိုယ်ကိုလှည့်လိုက်ပြီး ...

"ရှင့်ကို ထပ်ပြီး ကျေးဇူးပါ ချန်ရန်၊ ချို့နွယ်နဲ့ဖေယျ မမျှော်လင့်ဘဲ ခိုးပြေးဖြစ်သွားတယ်၊ ရတ်တရက်ကြီးဆို တော့ သူတို့မှာ ပိုက်ဆံပါမသွားဘူး၊ ဟို ... ရှင့်မှာ ပိုက် ဆံပါလားဟင်၊ ကျွန်မမှာ လေးသောင်းလောက်ပဲပါတယ်"

သူက ကားမောင်းနေရင်းကမှ ဒက်ရှ်ဘုတ်ကို မေးတစ်ချက်ဆတ်ပြကာ ...

"ဒက်ရှ်ဘုတ်ထဲမှာ တစ်သိန်းထည့်ထားတယ်၊ ကားပြင်ဖို့ အတွက် ထည့်ထားတာ၊ မင်း ယူလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးမါပဲ ... ချန်ရန်ရယ်၊ အဲဒီပိုက်ဆံကို အိမ်ရောက်ရင် ပြန်ပေးပါ့မယ်၊ အခုလိုမျိုး ကျွန်မရဲ့ဒုက္ခကိုကော ကျွန်မသူငယ်ချင်းဒုက္ခကိုပါ ဖြေရှင်းပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်"

"မင်း အရမ်းစိတ်ပင်ပန်းရောပေါ့ မယ်မရယ်၊ အနားယူပြီး သက်သောင့်သက်သာနေပါ၊ ဘာမှ ကျေးဇူးတင်ဖို့မလိုပါဘူး၊ ကျွန်တော့်အတွက် အဖြေတစ်ခုကို ရှင်းရှင်းလင်းလင်း သိသွားရပြီဖြစ်လို့ အရမ်းဝမ်းသာနေတာ၊ ခန့်ညားကို မရွေးသေးတဲ့အတွက် ကျေးဇူးပါပဲ မယ်မ"

မယ်မသည် သက်ပြင်းတစ်ခုကို အသာချကာ မျက်ဝန်းတွေ အသာမှေးမှိတ်ထားလိုက်တော့သည်။ ခေါင်းထဲကနေ ခန့်ညားကို ထုတ်လိုက်ပေမယ့် ချန်ရန် ရင်ထဲမရောက်ဘူးဆိုတာ ကိုယ့်ဘာသာသိလေသည်။

ဒါပေမဲ့ ချန်ရန်ဟာ အခုချိန်မှာ မယ်မအတွက် အရာရာကူညီပေးနေတဲ့လူ ဖြစ်လို့နေပါသည်။





ချန်ရန်သည် သူ့နံဘေးမှာ နှစ်ခြိုက်စွာအိပ်ပျော်နေသော မယ်မကို ကားမောင်းနေရင်းကမှ တစ်ချက်ကြည့်မိသွားသည်။ သူ့ရင်ထဲမှာ ဘာလို့များ နက်ရှိုင်းစွာ ချစ်မိနေရတာပါလိမ့်။ မယ်မကို ခန့်ညားလက်ထဲကနေ အရခေါ်လာနိုင်ခဲ့တာဟာ သူ့အတွက် ကံကောင်းမှုရတယ်ပဲ ဆိုရပေမည်။ ကောင်းနိုင် ဖုန်းလှမ်းဆက်တာနဲ့ မယ်မတို့ရှိရာကို အရောက်လာကာ အနောက်က အမီလိုက်နိုင်လို့ မယ်မကို ကယ်နိုင်ခဲ့တာဖြစ်သည်။

မယ်မဟာ ခန့်ညားနဲ့ ဘာမှမဆိုင်ဘူး ဆိုတာလဲ ရှင်းရှင်းလင်းလင်း သိလိုက်ရတဲ့အချိန်မှာ သူ့ရင်ထဲ အရမ်းပျော်သွားရပါသည်။ ဘာလို့များ မယ်မကို သူ သိပ်ချစ်ရသလဲ ဆိုတာ သူ့ဘာသာတောင် ဝေခွဲမရချေ။ ချစ်တာကတော့ အရမ်းကိုပဲဖြစ်၏။ အခုလို မယ်မနဲ့အတူ ခရီးအတူထွက်လာရတာကတော့



www.burmeseclassic.com

www.burmeseclassic.com



အမှတ်အရဆုံး ပျော်စရာလေးအဖြစ် သူ့ရင်ထဲမှာ စာရင်းဝင်သွားပြီဖြစ်သည်။ အဲဒါနဲ့ပဲ သူဟာ ပီတိလေးတစ်ခု ရင်ဝယ်ပိုက်ကာ ခပ်သွက်သွက်လေး မောင်းချလာခဲ့တာ ပဲခူးဝင်ပြီဆိုမှ မယ်မရဲ့ လက်မောင်းကို အသာကိုင်လှုပ်နှိုးရလေသည်။

"ဟေ့ ... ဟေ့ ... မယ်မ ... ပဲခူးရောက်ပြီ"

သူလှုပ်နှိုးတော့ မယ်မက အိပ်မှုန်စုံမွှားမျက်နှာလေးဖြင့် နိုးထလာကာ ဘေးပတ်ဝန်းကျင်ကိုကြည့်၍ ...

"ဟင် ... ပဲခူးရောက်ပြီလား၊ ရှင်က ဘာလို့ ကားရပ်ထားတာလဲ၊ ဆက်မောင်းလေ"

ဩော် ... ပြောတတ်ပါပေ့ ဒေါ်မယ်မရယ်။ ဘယ်နေရာသွားပေးရမှန်းမသိဘဲနဲ့ သူက ဘယ်ဆက်မောင်းရမှာလဲ။

"ဟာ ... ကျွန်တော်က ဘယ်ကိုမောင်းပေးရမယ်မှမသိတာ၊ ခင်ဗျားသူငယ်ချင်းတွေက ဘယ်မှာတဲ့တုံး"

"ဟုတ်သားပဲ ... သူတို့က (...)တည်းခိုခန်းမှာ၊ ကျွန်မ ဖုန်းဆက်လိုက်မယ်၊ ရှင် ဒီက ဆိုင်ကယ်သမားတွေကို မေးမြန်းပြီး သွားတာပေါ့"





ချန်ရုန်က ခေါင်းတစ်ချက်ဆတ်ပြကာ ကားဆက်မောင်းထွက်လာခဲ့တော့သည်။ မယ်မကတော့ သူ့သူငယ်ချင်းဆီ ဖုန်းဆက်ကာ လိပ်စာမေးနေလေ၏။ အင်း ... မယ်မရဲ့ကူညီတတ်တဲ့စိတ်ဓာတ်ကလေးကတော့ သိပ်ကိုချစ်စရာကောင်းတာပါပဲ။ သူကလည်း အဲဒီကူညီတတ်တဲ့စိတ်ကလေးကိုပဲ အသုံးချကာ မယ်မအနား ချဉ်းကပ်ခဲ့တဲ့သူဖြစ်သည်။ မယ်မရဲ့စေတနာတွေကို စော်ကားမိသလိုဖြစ်တာကြောင့် သူ အခုလို ခံစားနေရတာပဲဖြစ်နိုင်ပါသည်။

"သူတို့ အဲဒီရှေ့က ထွက်စောင့်နေမယ်တဲ့ ချန်ရုန်"

"Ok ... Ok စိတ်မပူနဲ့၊ ရောက်အောင်လိုက်ပို့ပေးမယ်"

သူက မယ်မ ပြောတဲ့လိပ်စာအတိုင်း ဟိုမေးဒီမေးဖြင့် သွားလိုက်လျှင် မကြာသောအခါ၌ ချီးနွယ်တို့စုံတွဲရှိရာသို့ ရောက်လို့သွားပါသည်။ သူငယ်ချင်းအပေါ် သိပ်ချစ်ရှာသော မယ်မက ရောက်ပြီဆိုတာနှင့် သူ့ကားဒက်ချ်ဘုတ်ထဲက တစ်သိန်းအုပ်ရယ် ပြီးတော့ သူမပိုက်ဆံအိတ်ထဲက ပိုက်ဆံအားလုံးကို ယူကာ ချီးနွယ့်လက်ထဲထည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ချို့နွယ် ... ငါ့မှာ လောလောဆယ် အဲဒီလောက်ပဲဖန်တီးလို့ရတယ်၊ အဲဒါတောင် ချန်ရန့်ဆီက ခဏယူထားတာ၊ ဒါပေမဲ့ နင်တို့ ဘာမှမပူနဲ့၊ ငါနဲ့သာ အဆက်အသွယ်မပြတ်စေနဲ့၊ နင်တို့ကို ငါ ပိုက်ဆံပို့ပေးမယ်၊ ဒါနဲ့ နင်တို့နှစ်ယောက် အခု ဘာဆက်လုပ်မလဲ"

"ဒီမှာ ... ငါ့သူငယ်ချင်းတစ်ယောက် ရှိတယ်၊ သူ့ကိုဆက်သွယ်ကြည့်တော့ လောလောဆယ် သူက ညောင်လေးပင် ခဏသွားတယ်တဲ့၊ သန်ဘက်ခါလောက်ဆိုရင်တော့ ငါတို့ သူ့အကူအညီနဲ့ ဒီမြို့မှာပဲ တစ်ပတ်တန်သည် နှစ်ပတ်တန်သည် ခဏနေလိုက်မယ်၊ ပြီးတော့မှ ချို့နွယ့်မိဘတွေကို တောင်းပန်ပြီး အဆင်ပြေအောင် ညှိရနိုင်းရမှာပေါ့ဟ"

"အေးပေါ့ ... အေးပေါ့၊ ငါလည်း အန်တီနဲ့ဦးအခြေအနေကို ကြည့်ပြီး နင်တို့ကိစ္စကို အဆင်ပြေအောင် ပြောပေးပါ့မယ်၊ ဒါပေမဲ့ နင် ဘာမှ မပူပါနဲ့ ဖေယျရာ၊ နင်လည်း ပညာတတ် မိကောင်းဖခင်သားသမီးပဲဟာ၊ ချို့နွယ်တို့ဘက်





က သဘောတူမှာပါ၊ အခုကတော့ သွေးပူတုန်းဆိုတော့ ဒီလိုပဲပေါ့"

သူက အားပေးစကားတွေပြောနေလေသော မယ်မကိုကြည့်ကာ အသာပြုံးမိသွားသည်။ လုံးဝကို ရင့်ကျက်ကာ အတွေ့အကြုံရင့် Old serviceအကျိုတော်ဆောင်ကြီးသဖွယ် ချို့နွယ်တို့စုံတွဲကို ဩဝါဒခြွေနေသော ဒီကောင်မလေးဟာ အရမ်းကို ချစ်ဖို့ကောင်းပေသည်။ သူကတော့ ဘေးလူအဖြစ်နဲ့သာ နေ့နေ့ရပေမယ့် မယ်မ ပုံစံလေးတွေကို ကြည့်ရင်းနဲ့ပဲ အချိန်ကုန်လို့ကုန်မှန်းမသိပါချေ။

"အေးပါ ... သူငယ်ချင်းရယ်၊ ငါတို့ နင့်ကို တကယ်ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ နင်နဲ့ ချန်ရန်က ဘယ်လိုကဘယ်လို"

"အဲဒါကအရေးမကြီးဘူး၊ အရေးကြီးတာက နင်တို့ကိစ္စနင်တို့နှစ်ယောက် လက်မှတ်ထိုးပြီးပြီလား"

"အင်း ... သူနဲ့ ငါနဲ့ ခိုးပြေးမယ်လို့ ဆုံးဖြတ်ပြီးတာနဲ့ အရင်ဆုံး တရားရုံးသွားလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ဒါမျိုးကျတော့ သိပ်လက်သွက်တယ်နော် ဟွန်း"

"ကဲ ... ကဲ ... အချိန်တောင်မနည်းတော့ဘူး၊ နင်တို့ ရန်ကုန် ပြန်ရဦးမှာဆိုတော့ သွားတော့ဟာ၊ တော်ကြာ နင် အိမ်ပြန်နောက်ကျနေရင် အဆူခံနေရလိမ့်မယ် ...

ချန်ရန် ... ကျွန်မတို့ကို အခုလို တကူးတက လိုက်ပြီးအကူအညီပေးတာ ကျေးဇူးအများကြီးတင်ပါတယ်"

"ဟုတ်ပါတယ် ... ဒီကသူငယ်ချင်းကို ကျွန်တော်တို့က အရမ်းကျေးဇူးတင်ပါတယ်"

"ရပါတယ်ဗျာ ... ကျွန်တော်ကိုယ်တိုင်က အဲဒီလိုကူညီ ရတာကို ဝါသနာပါတာကိုးဗျ"

သူ့စကားကြောင့် မယ်မက မျက်စောင်းတစ်ချက် ကဲကြည့်ကာ ချက်ချင်းပင် ပြန်ဖို့စကားဆိုလေသည်။

"ကဲ ... ပြန်ကြရအောင်၊ ငါ သွားတော့မယ် သူငယ်ချင်း၊ နင်တို့နှစ်ယောက် လိုတာမှန်သမျှ ငါ့ကို ဖုန်းလှမ်းဆက် ပြီးပြောလိုက်၊ ငါ အားလုံး ကူညီမယ်သိလား"





သူကော မယ်မကော နှုတ်ဆက်ကာ ကားပေါ်တက် တော့မယ့်အချိန်မှာတော့ မယ်မကို ချို့နွယ်က အသာလှမ်းဆွဲကာ ခပ်လှမ်းလှမ်းမှာ တိုးတိုးတိတ်တိတ် စကားသွားပြောလေသည်။ မိနစ်ကလေးချင်း ဒီလိုတွတ်ထိုးတတ်တာကို နားလည်စွာဖြင့် သူက မျက်နှာတစ်ဖက်လွှဲနေချိန်မှာ သူ့ပခုံးကို ခပ်ဖွဖွပုတ်ကာ ...

"ခင်ဗျားကို ကျေးဇူးတင်တယ် ချန်ရန်၊ ကျွန်တော်က အစက ခန့်ညားနဲ့ ခင်ဗျားက ပြိုင်ဘက်တွေဆိုတော့ ကျွန်တော့် သူငယ်ချင်းဘက်ကပဲ အားပေးနေမိခဲ့တာ၊ ခင်ဗျားလည်း မယ်မကို သိပ်ချစ်တဲ့သူပဲ၊ မယ်မနဲ့ ကျွန်တော် တို့က ဘော်ဒါတွေဆိုတော့ သူ့စိတ်ကို သိတယ်ဗျ ...

ခင်ဗျားနဲ့ ဇော့စပ်ဖို့တောင် သူလက်ခံတယ်ဆိုက တည်းက ခင်ဗျားကို သူ ခွင့်လွှတ်နိုင်လို့ပေါ့၊ ချစ်လို့ မှသားသုံးတာပဲဗျာ။ ခွင့်လွှတ်နိုင်ပါတယ်။ အဲဒီတော့ကြိုးစား ကိုမိုးမြင့်ချန်ရန်၊ မယ်မကို အချစ်မပျက်ဘဲ ဖွဲကောင်းကောင်း နဲ့သာ အဖြေတောင်းနေ ခင်ဗျားကို သူ ချစ်လာတော့မယ် ဆိုတာ ကျွန်တော်ကော ချို့နွယ်ကော ယုံကြည်နေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ချန်ရန် ... သွားမယ်လေ"

မယ်မက လှမ်းခေါ်လိုက်တော့ သူဟာ ဖေယျကို ကျေးဇူးတင်စွာဖြင့် လက်ဆွဲနှုတ်ဆက်လိုက်ကာ ကားပေါ်တက်လိုက်တော့သည်။

"ကျေးဇူးပါ ကိုဖေယျ၊ ခင်ဗျားတို့သူငယ်ချင်းကို ကျွန်တော်က အရမ်းချစ်တဲ့အတွက် လောကကြီးက မယ်မကို ကျွန်တော့်ရင်ခွင်မှာ နေထိုင်ခွင့်ပြုမယ်လို့ ကျွန်တော် ယုံတယ်"

မယ်မက ကားပေါ်တက်လာလျှင်တော့ သူဟာ အားလုံးကို နှုတ်ဆက်ကာ ကားမောင်းထွက်လာခဲ့သည်။ သူ ကားမောင်းနေရင်းနဲ့ မယ်မကို ပြောဖို့စကားလုံးတွေ စီနေရင်း အတွေးဖြန့်နေစဉ်မှာပင် မယ်မဆီက စကားသံထွက်လာလေသည်။

"ချန်ရန် ... ဒီနေ့ရဲ့ အစစအရာရာတိုင်းအတွက် ရှင့်ကို ကျေးဇူးတင်ပါတယ်၊ ကျွန်မသူငယ်ချင်းတွေကို ကူညီခွင့်ရနိုင်ဖို့ ရှင် ကျွန်မကို ဟိုလူ့လက်ထဲကနေ ကယ်ခဲ့တာကို အရမ်းကျေးဇူးတင်ပါတယ်"





ချန်ရန်သည် သူ့ရင်ထဲက စကားတချို့အတွက် ကားကို လမ်းဘေးမှာ ခဏထိုးရပ်လိုက်ကာ ကိုယ်ကို မယ်မဘက်သို့ လှည့်၍ ကူရှင်မှာ ပခုံးတစ်ဖက်စောင်းကပ်လိုက်ပြီးမှ မယ်မရဲ့ မျက်ဝန်းတွေကို သေချာကြည့်ကာ ...

"မယ်မကို ကျွန်တော့်ဘက်က ချစ်နေတဲ့အတွက် မယ်မရဲ့ ဝမ်းနည်းနာကျင်မှုဖြစ်စေမယ့် အရာအားလုံးကို ကျွန်တော် ရှင်းထုတ်ပေးမှာပဲ၊ ဒါပေမဲ့ အဲဒီအတွက် ဘာအကျိုးကိုမှ လိုလားပြီး လုပ်ခဲ့တာမဟုတ်ဘူး ...

မယ်မကို ချစ်တယ်ဆိုတဲ့ စိတ်ခံစားချက်တွေထဲမှာ ကျွန်တော့်ကို ပြန်ချစ်လာပါစေလို့ပဲ ဆုတောင်းမှုတစ်ခုပဲပါတယ်၊ ကျေးဇူးတွေ သိပ်မတင်ပါနဲ့ မယ်မ၊ ကျေးဇူးတွေ သိပ်များပြီး အားနာလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ရလာမယ့် ဘာတစ်စုံတရာကိုမှ ကျွန်တော် အလိုမရှိလို့ပါ"

သူ့စကားအဆုံးမှာ မယ်မကလည်း သူ့ကို နားလည်ရခက်တဲ့ မျက်ဝန်းတွေဖြင့် ပြန်ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်သာ အဲဒီတုန်းက ကျွန်မကို ရိုးသားခဲ့မယ်ဆိုရင် အခြေအနေတွေဟာ ဒီလိုမျိုးဖြစ်မလာနိုင်ဘူး၊ ကျွန်မဘက်ကလည်း ကျွန်မကိုယ်တိုင်ချမှတ်ထားခဲ့တဲ့ Ruleတစ်ခုရှိတယ်၊ အောင်သွယ်တော်ဆိုတာ သူအောင်သွယ်ပေးခဲ့ဖူးတဲ့ ဘယ်သူတစ်ဦးတစ်ယောက်နဲ့မှ ချစ်ကြိုက်ပိုင်ခွင့်မရှိဘူး၊ ရှင်က ကျွန်မ အောင်သွယ်ပေးခဲ့ဖူးတဲ့ မိုးမြင့်ချန်ရန် ဖြစ်နေတယ် ချန်ရန်"

ချန်ရန်သည် မယ်မရဲ့ အဲဒီစည်းကမ်းချက်အတွက် အသာပြုံးလိုက်ကာ မယ်မ သိစေအောင် တစ်ခုပြောပြလိုက်သည်။

"မင်း အောင်သွယ်ပေးခဲ့ဖူးတာ မင်းအတွက်မင်းပါ မယ်မ၊ ပထမဆုံးစတွေ့တဲ့နေ့က Lollipop လေး ချစ်သူကိုပေးလိုက်ပါလားဆိုလို့ ကိုယ် မင်းကို Lollipop ပေးခဲ့ပါတယ်၊ ပြီးတော့ မင်းက ပန်းသီးကို ဖဲကြိုးပတ်ပြီး ပါကင်ဘူးထဲ ထည့်ပေးဆိုလို့ ကိုယ် မင်းကို မင်းပေးတဲ့အကြံအတိုင်း ပေးခဲ့တာလေ၊ မင်းအောင်သွယ်ပေးတာ မင်းကိုယ်တိုင်ပါပဲ မယ်မ၊ စဉ်းစားကြည့်ပါဦး"





"အဲ ..."

မယ်မဆီက ဘာစကားသံမှ ထပ်မထွက်လာတော့ပါ။ ချန်ရန်သည် အခက်တွေ့သွားပုံရသည့် အဲဒီမျက်နှာကလေးကို ပြုံးစိုက်ကြည့်လိုက်ကာ စက်ပြန်နှိုးလိုက်ပြီး ကားဆက်မောင်းထွက်လာခဲ့တော့သည်။

ခရီးအတူတူသွားကြည့်ရင် လူတစ်ယောက်ရဲ့အတွင်းစိတ်ကို သိနိုင်သလို ခရီးအတူတူသွားခြင်းဖြင့် သူ့နှလုံးသားကို မယ်မတစ်ယောက် မြင်တတ်ဖို့လိုပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

မနေ့က လူပင်ပန်း စိတ်ပင်ပန်းဒဏ်ကြောင့် သူဖျားပါသည်။ ပင်ပန်းမှုဒဏ်ရယ်၊ ပြီးတော့ ရေချိုးတာကလည်း နည်းနည်းကြာသွားတာကြောင့် နှစ်ခုပေါင်းကာ အအေးပတ်ပြီး ဖျားတော့သည်။ ဘွားဘွားက စိတ်ပူကာ ဆရာဝန်ပင့်တော့ ပင့်တဲ့ ဒေါက်တာက ကြီးကြီးဖြစ်နေသည်။ ကြီးကြီးနဲ့အတူပါလာ တာကတော့ သူ့ရဲ့ဗီတာမင်အားဆေးလေး မယ်မဖြစ်နေတာ ကြောင့် အဖျားက ပိန်းကြာရွက်ပေါ် ရေမတင်သလို လျှောကျ ပျောက်လို့သွားသလို ခံစားရပါသည်။ မနေ့က ပဲရှုးသွားတဲ့ကိစ္စ ကို ချန်လှန်ထားတာကြောင့် လူကြီးတွေမသိပါ။ မယ်မခမျာလည်း သူ့ကြောင့် နေမကောင်းဖြစ်ရတယ်ဆိုပြီး အားနာနေဟန်ရှိပါသည်။





ကြီးကြီးက သူ့ကို စမ်းသပ်ပြီး လိုအပ်တဲ့ဆေးတွေ Onပေးကာ ဆေးထိုးပြီးသွားသည့်နောက်မှာတော့ ဘွားဘွားကပဲ ဦးဆောင်ကာ အလိုက်တသိ ရှောင်ပေးသွားလေသည်။

"ဘယ်လိုလဲ ... သက်သာရဲ့လား"

သူက ခုတင်ပေါ်ကနေ လှဲလျက်အနေအထားဖြင့် နေနေလျက် မယ်မကို ခပ်ငေးငေးကြည့်၍ ...

"အင်း ... သက်သာပါတယ်"

"ဆောရီးပါ ... ကျွန်မကို ကူညီပေးရတာနဲ့ ရှင် နေမကောင်း ဖြစ်ရပြီ"

"ရပါတယ် ... မယ်မရယ်၊ ကျွန်တော့်ကို အခုလို မေးဖော် ရတာနဲ့တင် အရမ်းကျေနပ်ပါတယ်"

သူ့စကားကြောင့် မယ်မက မျက်စောင်းတစ်ချက် ကျိတ်ထိုးလိုက်ကာ ....

"ဟွန့် ... စေတနာနဲ့ သတင်းလာမေးတဲ့သူကို ရိသဲ့သဲ့လာ မလုပ်နဲ့နော်"

"အဖြေပေးပါတော့ မယ်မရယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဟာ ... ဘယ်လိုဖြစ်နေတာလဲ”

ရှက်ရိပ်စွန်းနေတဲ့ မယ်မရဲ့ချစ်စရာမျက်နှာလေးကို သူက ကျေနပ်ပီတိဖြစ်စွာ ပြုံးကြည့်နေကာ ...

“မယ်မ ... ကိုယ့်ကို ဘယ်တော့ အဖြေပေးမှာလဲဟင်”

“ချန်ရန်နော် ... နေမကောင်းတဲ့သူက နေမကောင်းတဲ့လူလို နေပါလား၊ အေးအေးဆေးဆေးဖြစ်နေတဲ့ကိစ္စကို ပြဿနာ လာမရှာနဲ့”

“ဟာကွာ ...”

သူက လှဲနေရာကနေ ဆတ်ခနဲကောက်ထထိုင်လိုက်စဉ်မှာ ဖုန်းက ထမြည်လို့လာလျှင် သူက အနှောင့်အယှက် ဖုန်းဖြစ်တာကြောင့် စိတ်မရှည်စွာဖြင့် ကျစ်ခနဲ စုပ်သပ်လိုက်ကာ ဖုန်းကိုင်လိုက်လျှင် မယ်မက ကောင်းတယ်ဆိုတဲ့သဘောဖြင့် ပြုံးစိစိလုပ်နေပေသည်။ ချန်ရန်က ဖုန်းနံပါတ်ကိုကြည့်လိုက်လျှင် နံပါတ်အစိမ်းဖြစ်တာကြောင့် ဖုန်းကိုင်လိုက်သည်။

“ဟယ်လို”





“ဟော့ကောင် ... ငါ ခန့်ညား၊ မင်းနဲ့ငါ စကားပြောဖို့လိုပြီ ဟော့ကောင်၊ ဘယ်လိုလဲ ... လာရဲရဲ့လား”

“ဘာ”

သူက ဒေါသသံပါသွားတာကြောင့် မယ်မက သူ့ကို အကဲခတ်သလိုကြည့်နေလျှင် သူက သူ့ဒေါသသူ ပြန်ထိန်းရပေသည်။ ဒါ ဟိုကောင် ခန့်ညားဆီကဖုန်းဆိုတာ မယ်မကို အသိခံလို့မဖြစ်ပါ။ သူနဲ့ ခန့်ညား ချိန်းပွဲကို မယ်မ ဝင်မပါစေချင်ပါ။

“မင်း နေရာသာပြော၊ ငါ လာခဲ့မှာပေါ့”

“ကောင်းပြီ ... ဟိုနေ့က မင်း ငါ့ကို ထိုးသွားတဲ့နေရာကို ပဲလာခဲ့၊ မင်းနဲ့ငါ အဲဒီတော့မှာ စာရင်းရှင်းမယ်”

“လာမယ်၊ ဒါပေမဲ့ အခုတော့ ငါ မအားသေးဘူး၊ မနက်ဖြန်မှဖြစ်လား”

“Ok ... အဲဒါဆို မနက်ဖြန် တစ်နာရီ အဲဒီမှာဆုံမယ်”

“ဟင်း ... လာခဲ့မယ်”

သူက ဖုန်းပိတ်လိုက်တာနှင့် မယ်မက သူ့ကို အကဲခတ်နေရာကနေ လှမ်းမေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ဆီကဖုန်းလဲ"

"ဟို ... သူငယ်ချင်းတစ်ယောက်ဆီကဖုန်းပါ"

သူ့စကားကို မယုံသလို မျက်လုံးဖြင့် ကြည့်ပေမယ့် မယ်မက ခေါင်းအသာဆတ်ပြကာ ...

"အင်း ... အဲဒါဆို ကျွန်မ သွားတော့မယ်၊ ဘွားဘွားတို့ဆီ သွားလိုက်ဦးမယ်"

"မယ်မ ... စိတ်မဆိုးသွားပါနဲ့နော်၊ ကျွန်တော် မယ်မကို တကယ်ချစ်တဲ့အတွက် မလွဲချင်ပါဘူး မယ်မ"

သူ့စကားကို ကျောခိုင်းလျက်အနေအထားဖြင့် နားထောင်ပြီး လှည့်မကြည့်ပါဘဲ မယ်မက ထွက်သွားလေတော့သည်။

မင်းကို ကိုယ့်ရင်ခွင်ထဲမှာ ထာဝရနေထိုင်ခွင့်ရဖို့ အတွက် ရှိနေတဲ့ အနှောင့်အယှက်တွေ ရှင်းပစ်ရလိမ့်မယ် မယ်မရေ။





"ပြော ... မင်းက ဘာဖြစ်ချင်တာလဲ။ ဘာလုပ်ချင်တာလဲ"

သူ့စကားကြောင့် ခန့်ညားက ထိမထင်မျက်နှာပေးဖြင့် သူ့ကို ပြုံးထေ့ထေ့ကြည့်ကာ ...

"မင်းက အဖျက်ကောင်။ ဟောဒီမှာ တွေ့လား ... မင်းပေးတဲ့ဒဏ်ရာတွေ။ ဒါတွေ မပျောက်သေးခင် မင်းကို ငါ အပြတ်ရှင်းချင်လို့ ဒီကိုချိန်းတာ"

"မင်း ဘာလုပ်မှာလဲ။ လူမိုက်ငှားပြီး ငါ့ကိုသတ်ဖို့ စိတ်ကူးရှိလို့လား"

"ဟား ဟား ... မိန်းမတစ်ယောက်အတွက်နဲ့ ငါဘဝငါ jail ထဲ အရောက်မခံဘူး။ ဒီမှာ မိုးမြင့်ချန်ရန် ... ဒီပုံစံအတိုင်းဆို မင်းဘက်က လုံးဝမဲသာသွားပြီ။ ငါ့ဘက်က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲ မယ်မကို ကြိုးစား ကြိုးစား အရာထင်တော့မှာ မဟုတ်ဘူး ...

မင်းနဲ့ ညားမှာ သေချာနေတဲ့ ဒီဓာတ်လမ်းမှာ ငါ အရှုံးသမားတော့ လုံးဝအဖြစ်မခံနိုင်ဘူး"

ပေရှည်နေတဲ့ အဲဒီကောင်ကို သူက စိတ်မရှည်တော့စွာဖြင့် တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်လိုက်ကာ ...

"မင်း ဘာဖြစ်ချင်တာလဲ ဟေ့ကောင်။ စကားတွေ ပတ်ဝိုက်မနေနဲ့"

"ဘာဖြစ်ချင်တာလဲဆိုတော့ ငါ့ဘက်က ဘာမှဆက်လုပ်လို့မရတော့တဲ့အတွက် မင်းကိုဂုဏ်ပြုမလို့ပါ။ Congratulation ချန်ရန်။ မင်းအတွက် ဝမ်းသာပါတယ်"

ဘာလဲ ... ဘာသဘောလဲ။ သူ့ကို လက်ဆွဲနှုတ်ဆက်ဖို့ လက်တစ်ဖက် ကမ်းလာသော ခန့်ညားကို သူက မသင်္ကာသလို ကြည့်လိုက်လျှင် ခန့်ညားက သူ့ကိုပြုံးနေတဲ့ မျက်နှာထားဖြင့် ...

"တကယ်ပါကွ ... ငါ မင်းကို တကယ်ဂုဏ်ယူတာပါ"





သူက ဟုတ်သော်ရှိ မဟုတ်သော်ရှိ ရိုက်ကမ်းလုပ်လိုက်ပြီးလျှင် ခန့်ညားက သူ့ကို တကယ့်သူငယ်ချင်းအရင်းကြီးတွေ ပုံစံမျိုးဖြင့် ...

"ငါနဲ့ မင်း Peace ဖြစ်သွားတဲ့အနေနဲ့ တစ်ဆိုင်ဆိုင်မှာ ချိုးယားစ်သွားလုပ်ကြမယ်။ ငါ မင်းကို ကတိပေးပါတယ်။ မယ်မကို ငါ လုံးဝမနှောင့်ယှက်တော့ဘူး"

"ဟေ့ကောင် ... မင်း စိတ်တော့ မှန်ပါသေးတယ်နော်"

"ဟား ... မှန်ပါတယ်ကွ။ ဟား ဟား ... ကဲ ... လာ၊ မင်းနဲ့ ငါနဲ့ တစ်ခွက်တစ်ဖလား သွားဆွဲကြတာပေါ့။ ပြီးတော့ အဲဒီမှာ အလန်းလေးတွေ ရှိတယ်ကွ။ အပျော်ပေါ့"

ဒီစကားစလိုက်တယ် ဆိုကတည်းက ခန့်ညားဆိုတဲ့ကောင် ဘာအချိုး,ချိုးတယ်ဆိုတာ သူ သဘောပေါက်လေသည်။ သူ့ကို ဒုက္ခရောက်အောင် တမင်ချောက်ချနေတာပေါ့။

"ဒီမှာ ခန့်ညား။ မင်း ဘာအကြံရှိတယ်ဆိုတာ ငါသိတယ် ဟေ့ကောင်။ ငါ အဲဒါမျိုး စိတ်မဝင်စားဘူး။ ငါက



www.burmeseclassic.com

www.burmeseclassic.com



နှာဘူးလည်း မဟုတ်ဘူး၊ တဏှာရူးလည်း မဟုတ်ဘူး။ မယ်မညို တစ်ယောက်ကိုပဲ ငါချစ်တာ။ မင်း ငါ့ကို အဲဒီ လိုနည်းလမ်းမျိုးနဲ့ ချောက်ချဖို့ မစဉ်းစားနဲ့ ဟော့ကောင်။ ငါ အဲဒါ စိတ်မဝင်စားဘူး"

"ဟား ... မင်းကလည်းကွာ။ ယောကျ်ားချင်း ယောကျ်ား စကားပြောတာပဲ။ ဘာဖြစ်တာလဲ။ ဘယ်ကောင်မဆို ဒီလိုနေရာမျိုးတွေ ရောက်ဖူး သွားဖူးနေတာပဲ။ ဘာဆန်း လို့လဲ"

"ဆန်းတယ် ဟော့ကောင်။ မင်း ငါ့ကို ချောက်ချချင်လို့ ဒီခွင်ဖန်နေတာ ငါ သိတယ် ...

လာမလုပ်နေနဲ့ ခန့်ညားး။ မယ်မကို ငါ စွဲစွဲမြဲမြဲ ချစ်တယ်။ သူ့ကို ထားတဲ့သစ္စာဟာ သူ့ရှေ့မှာကော သူ့ ကွယ်ရာမှာကော ဒီအတိုင်းပဲ"

"ဟား ... မင်း တကယ်ကော သေချာလို့လားကွာ"

သူ့ကိုမယုံသလို လှောင်နေတာကြောင့် သူက ခန့်ညားကို မထိတရီစိုက်ကြည့်ကာ ...





"ယောကျ်ားတိုင်း ဖွန်ကြောင်တတ်တာ မဟုတ်ဘူး။ မင်း တစ်ခု သိထားဖို့က ငါဆိုတဲ့ကောင်က မိန်းမမြင်တိုင်း ငမ်းငမ်းတက် လိုက်ဖွန်ကြောင်နေတာ မဟုတ်ဘူး ဆိုတာပဲ"

"ဟား ... ဟား ... ဟား ... ဒီလောက်ဆို သူကျေနပ် လောက်ပြီ။ မင်းအတွက် ငါ ဂုဏ်ယူပါတယ် ချန်ရန်။ ဟော့ကောင် ချန်ရန်။ ရော့ ... ဖုန်းပြောလိုက်ပါဦး"

ခန့်ညားက သူ့ဘောင်းဘီအိတ်ကပ်ထဲက ဖုန်းကို ထုတ်ကာ သူ့လက်ထဲသို့ ကမ်းပေးလေတော့ သူက ကြောင်တောင် တောင် ဖြစ်သွားရကာ ...

"ဟော့ကောင် ... ဘာကြောင်တာလဲ"

"ဖုန်းပြောကြည့်လိုက်ပါ။ ဘယ်သူလဲဆိုတာ မင်းသိသွား လိမ့်မယ် ... ရော့"

ချန်ရန်က ဘာကိုနားလည်ရမှန်း မသိဘဲ ဟိုကောင် ပေးတဲ့ဖုန်းကို ယူလိုက်ကာ နား,နားကပ်ပြီး "ဟယ်လို"ဆိုလိုက် ရသည်။ သူ့ဘက်က ဟယ်လို လုပ်လိုက်တာနဲ့ သူ့နားစည်တွင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ရွှေရောင်ကဲ့သို့ လင်းလက်ကာ ပျားရည်ကဲ့သို့ ချိုမြကြည်လင်လေသော အသံစူးစူးလေးတစ်ခုက ဝင်ရောက်လို့ လာလေသည်။

"ချန်ရန် ... ရှင့်အိမ်ပြန်လာခဲ့တော့။ ကျွန်မ စောင့်နေတယ်"

သူဟာ ကြားလိုက်ရတဲ့ ဒီအသံကြောင့် အံ့သြစိတ်ဖြင့် မျက်လုံးတွေ ဝိုင်းသွားရပါသည်။ မယ်မ ... မယ်မက ဘယ်လိုဖြစ်ပြီး ...။

"မယ်မ ... မယ်မလားဟင်"

"အဟင်း ... ဟင်း ... ဟုတ်ပါတယ် မယ်မညီပါ။ ကျွန်မတို့နှစ်ယောက်အတွက်လည်း အောင်သွယ်တော်ဆိုတာ ရှိရမှာမှလား။ ရှင့်ရှေ့မှာရှိနေတဲ့ ခန့်ညားက ကျွန်မတို့ရဲ့ အောင်သွယ်လေးပေါ့ ...

သူ့ကို ကျေးဇူးတင်စကားပြောပြီးရင် အိမ်ပြန်လာခဲ့တော့။ အမြေပေးဖို့ စောင့်နေတယ်"





ပြောလည်းပြောပြီးတာနဲ့ ဖုန်းတန်းချသွားလေသည်။ ချန်ရန်ဟာ Surprise အဖြစ်လွန်ပြီး ကိုယ့်ကိုယ်ကိုယ်တောင် ရှော့ခ်ရမှန်းမသိ ဖြစ်သွားတော့သည်။ သူ့ရဲ့အံ့အားသင့်မျက်ဝန်းတွေကြောင့် ခန့်ညားက တဟားဟားရယ်မောကာ သူ့ပခုံးကို အသာပုတ်၍ ရှင်းပြပါသည်။

"တစ်နေ့က ငါ စိတ်ရှုပ်ပေါက်ပေါက်နဲ့ မယ်မကို ကားတင်ပြေးဖို့ ကြံမိသွားတဲ့အတွက် အရှမ်းနောင်တရခဲ့ရတယ်။ ငါ သေချာပြန်စဉ်းစားပြီး ငါမှားမှန်းသိတော့ အဲဒီနေ့ညကပဲ မယ်မဆီကို ဖုန်းဆက်ပြီး တောင်းပန်လိုက်တယ် ...

မယ်မက ငါ့ကို နားလည်ပေးပါတယ်ကွာ။ ပြီးတော့ သူကပြောတယ်ကွ။ ယောကျ်ားလေးတွေရဲ့အချစ်ကို မယုံချင်ဘူးတဲ့။ ဒါပေမဲ့ မင်းကိုတော့ သူ့စိတ်တွေထဲမှာ ဒွိဟဖြစ်နေတယ်တဲ့။ ငါ့ကိုလည်း အကူအညီတစ်ခုတောင်းတယ်။ ငါက သူ့အပေါ် သူယယ်ချင်းလို စိတ်ထားနိုင်ပြီဆို ကူညီပေးဖို့ သူ တောင်းဆိုတယ်။ အဲဒါကတော့ မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်ကို သိချင်လို့ စမ်းသပ်ပေးဖို့ပဲ။ အစကတော့ ငါလည်း လက်မခံဘူးပေါ့။ ဒါပေမဲ့ ကူညီဖြစ်သွားပါတယ်။ မင်းလာတော့ ငါ မယ်မဆီဖုန်းခေါ်ပေးထားတယ်။ မင်းနဲ့ ငါပြောသမျှ စကားတွေကို သူအကုန် ဖုန်းထဲကနေ ကြားတယ် ...

မင်းက သူ့အတွက် ချစ်သူဖြစ်သင့်တဲ့သူပါ ချန်ရန်။ Congratulation ... ငါ မင်းကို တကယ်စိတ်ရင်းနဲ့ ဂုဏ်ပြုတာပါ"

ချန်ရန်သည် ခန့်ညားရဲ့ကူညီမှုအတွက် အရမ်းကို ကျေးဇူးတင်စွာဖြင့် သူ့ကို လက်ဆွဲနှုတ်ဆက်ကာ ...

"ကျေးဇူးပါပဲ ခန့်ညား။ ပြီးတော့ မင်းကို ငါအရမ်းခင်သွားပြီကွာ"

"ဟား ဟား ... မလိုပါဘူးကွာ။ မင်းသာ မယ်မကို တစ်သက်လုံး မပြောင်းလဲဘဲ ချစ်ပေး ဟုတ်လား။ အခု မင်းကို စောင့်နေလောက်ပြီ။ သွားတော့ ... ဟေ့ကောင်"





သူက ခန့်ညားရဲ့ပခုံးကို ခပ်တင်းတင်းဆုပ်ကိုင်ဖျစ်ညှစ်လိုက်ပြီးနောက် သူဟာ ခန့်ညားကို နှုတ်ဆက်ပြီးနောက် မယ်မဆီ အမြန်ဆုံး သွားလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

သူဟာ ကားရပ်လိုက်ပြီး ကားပေါ်ကဆင်းကာ ခြံထဲက ဒန်းပေါ်မှာ ပြုံးစစမျက်နှာလေးဖြင့် သူ့ကိုဆီးကြိုနေသော မယ်မကိုတွေ့လျှင် သူမဆီ အပြေးတစ်ပိုင်း သွားလေသည်။ သူ မယ်မရှေ့သို့ ရောက်လေလျှင် မယ်မဆီမှ သစ်သီးဖျော်မွှေးရနံ့လေးတစ်ခုက သူ့နှလုံးသားကို အရင်ဆုံး လာရောက်ကျီစယ်လေသည်။

ရင်ခုန်နေတဲ့ လှုပ်ရှားမှုအတွက် သူဟာ မယ်မနဲ့ ခဏလောက် မျက်ဝန်းချင်းဆုံစေရင်းက ခပ်တိုးတိုးလေသံဖြင့် ...

"မယ်မ"

"မှန်းစမ်း ... အသားများ ပူနေသေးသလား"





ဆတ်ခနဲဆိုသလို မယ်မရဲ့လက်ဖဝါးလေးတစ်ဖက်ဟာ သူ့နဖူးပြင်ကို ပိပိပြင်ပြင်ကို ထိတွေ့လိုက်ကာ သူနေကောင်းသွားပြီလားဆိုသော သဘောဖြင့် ကိုယ်ပူ,မပူ စမ်းလေသည်။ သူက မယ်မထက် ခေါင်းတစ်လုံး ပိုမြင့်တာကြောင့် သူ့နဖူးကိုစမ်းဖို့ ခြေဖျားထောက်နေရတဲ့ မယ်မရဲ့ဖိနပ်နဲ့ ခြေဖဝါးဟာနေတဲ့ အကွာအဝေးလေးဆီ မျက်လုံးရောက်သွားတာကြောင့် မမီမကမ်းနဲ့ သူ့ကို စိတ်ပူပေးနေတဲ့ ချစ်ရသူလေးကို သူ အရင်ကထက်ပိုချစ်မိသွားလေသည်။

အဲဒါကြောင့်မို့ ဆတ်ခနဲ မယ်မရဲ့ခါးလေးကိုပွေ့ကာ မယ်မရဲ့မျက်နှာကို သူ့နားထင်နောက်နားမှာ အပ်စေသည်။ မယ်မက ရုတ်တရက်ကြီးဆိုတော့ လန့်ဖျပ်ပြီး သူ့ကို အသာရုန်းလည်း သူကလွှတ်မပေးဘဲ ဒီအတိုင်း ပွေ့ဖက်ထားကာ ...

"မရုန်းပါနဲ့တော့ မယ်မရယ်။ မင်းကို အခုလို ကိုယ့်ရင်ခွင်ထဲမှာ ထားခွင့်ရအောင် ကိုယ် ဘယ်လောက်တောင် ချစ်ခဲ့ရလဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ မယ်မက သူ့ကို အသာတွန်းဖယ်၍ သူ ဖက်ထားတဲ့လက်တွေထဲက ရုန်းထွက်ကာ သူနဲ့မျက်လုံးချင်းဆုံ ကြည့်၍ အင်မတန် ချစ်စရာကောင်းတဲ့ အပြုံးလေးတစ်ခုဖြင့် ပြုံးပြရင်းက ...

"သိတာပေါ့။ အဲဒီလိုပဲ မယ်မကလည်း ဒီလိုရင်ခွင်ထဲမှာ နေထိုင်ခွင့်ရဖို့အတွက် အချစ်ရေးကို ကူညီပေးခဲ့တာပဲလေ။ သူများအချစ်ရေးကို ကူညီလို့ အခုလိုမျိုး ကံကောင်းလာတာပေါ့။ ဘွားဘွားပြောတာ သိပ်မှန်တယ် သိလား။ အဲဒါ ကျွန်မ လက်တွေ့ပဲ"

သူတို့နှစ်ယောက်စလုံးဟာ ကိုယ်စီသဘောပေါက်ပြီး ပြိုင်တူရယ်မောမိသွားကာ မယ်မကို သူ့ရင်ခွင်ထဲ ထည့်ထားလိုက်တော့သည်။ အဲဒီလိုပဲ မယ်မကလည်း သူ့ခါးကို ပြန်လည်သိုင်းဖက်ထားကာ ငြိမ်ငြိမ်လေး နေ,နေသည်။

ဒီလိုအခြေအနေမျိုး ရောက်ဖို့အတွက် သူ အရမ်းကို မျှော်လင့်ထားခဲ့ရတာဖြစ်သည်။ မယ်မကို သိပ်ချစ်တဲ့ သူ့အတွက် မယ်မရဲ့တုံ့ပြန်ချစ်ခြင်းတွေဟာ မခွဲရက်စရာ အမြတ်နိုးဆုံးလေး





တွေပဲဖြစ်သည်။ သူတို့နှစ်ယောက် ချစ်ခြင်းအတွက် ဘွားဘွားကတော့ အရမ်းကို ပျော်နေပေလိမ့်မည်။ နောက်လည်း ဒီ့ထက်မက ပျော်ရွှင်ဖို့ သေချာပါသည်။

အို ... အသင်လောက။

ချစ်သူကို ရင်ခွင်၌ ထာဝရနေထိုင်ခွင့်ပြုတယ်ဆိုရင် ချစ်သူ့ဆီကို ကြည်ဖြူစွာသော အနမ်းတစ်ခု ပေးရလိုပါ၏။

"မယ်မ ... ဟိုဘက်ကို ကြည့်လိုက်စမ်း။ ဘာလဲမသိဘူး"

မယ်မက သူ့ရင်ခွင်ထဲကနေ သူညွှန်ပြရာကို လှည့်ကြည့်လိုက်လျှင် သူက သူ့ဆုတောင်းလေးပြည့်အောင် ...။

သူတို့အေးနားက သစ်ရွက်လေးတွေကတော့ မျက်နှာတစ်ဖက်လွှဲလို့ နေပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်စွာဖြင့်

**မယ်မင်းဘုံ**

6. Jan. 2012

07:02 PM

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဗွေစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**

www.burmeseclassic.com